သမိုင်း၏
အမှားဆုံး ဟောကိန်းများ
နှင့်
အဓိက လက်သည်များ

ဟိန်းလတ်

designed by tin htoon

အမှတ် ၄၇ ၊ ၁၀၈ လမ်း ၊

မဂ်လာတောင်ညွှန့် ၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၅၅၀၁၇၂၄ ၊ ၀၉ ၅၁၅၈၅၁၂

သမိုင်း၏ အမှားဆုံးဟောကိန်းများ
နှင့်
အဓိကလက်သည်များ

ဟိန်းလတ်

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်၊ ဇန်နဝါရီလ၊ ၂၀၂၂။

ထုတ်ဝေသူ
ဦးလပြည့်ဝေး(ဆန်းစသော်တာ-၀၀၁၀၃)
တိုက်(၁၀)အခန်း၆၇၊ ၇ လွှာ၊ ၆ရပ်ကွက်
ပြည်ရိပ်မွန်အိမ်ရာ၊ကမာရွတ်မြို့နယ်။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးလပြည့်ဝေး(လပြည့်လင်းပုံနှိပ်တိုက်-၀၁၃၆၉)
အမှတ်-၁၁(အိပ်ချ်)၊ ၅၅လမ်း၊အလယ်၊ပုဇွန်တောင်မြို့နယ်။

မျက်နှာဖုံး

ဦးတင်ထွေး

အုပ်ရေ ၅၀၀

တန်ဖိုး ၄၀၀၀ ကျပ်

ဖြန့်ချိရေး

ဩကာသစာပေ
ဖုန်း-၀၉၅၅၀၁၇၂၄၄၊ ၀၉၅၁၁၅၅၁၁၂

မာတိကာ

○

စာရေးသူ၏ အမှာစာ

ကမ္ဘာကျော် ပြင်သစ်ဧကရာဇ်၊ စစ်ဘုရင်ကြီး နပိုလီယန် (၁۷၆၉-၁၈၂၁) ရှေ့တွင် မီးသင်္ဘောတီထွင်မည့်အကြောင်း ပြောမိသောအခါ-

"မဟုတ်တာတွေ မလုပ်ကြနဲ့ကွာ။ သင်္ဘောက လေတွေ၊ လှိုင်းတွေကြားမှာ သွားရတာ။ ကုန်းဘတ်ပေါ်မှာ မီးဖိုကြီးတင်သွားလို့ ရမတဲ့လား" ဟု ပြောခဲ့ဖူးသည်။

အမေရိကန်သမ္မတတစ်ဦးဖြစ်သူ "ရူဇာဖို့ဒ်ဘီဟေး(စ်)" က "တယ်လီဖုန်းဆိုတာ ဘာမှအသုံးဝင်တဲ့ပစ္စည်း မဟုတ်ဘူး"ဟု မှတ်ချက်ချဖူး၏။ (ယခုတော့ ကမ္ဘာပေါ်တွင် လက်ကိုင်ဖုန်း အရေအတွက် ၄.၆ဘီလျံ ရှိနေပြီ)။

အမေရိကန် ရူပဗေဒပါရဂူ "လောဒ်ကယ်လ်ဗင်" (၁၈၂၄-၁၉၀၇) ကလည်း "ရေဒီယိုဆိုတာက ပေါ်ပင်ပါ။ အနာဂတ်မှာ ကြာရှည်မခံဘူး" ဟု ဆိုခဲ့သည်။

"ဟင်နရီမော်" ဆိုသူ တက္ကသိုလ်ပါမောက္ခ၊ သိပ္ပံပါရဂူကြီးက "လျှပ်စစ်ဘတ်သီးက ဖယောင်းတိုင်လောက် မကောင်းပါဘူး" ဟု ဆိုဖူ။

"ရုပ်မြင်သံကြားကို ဘယ်သူကြည့်မှာလဲလို့။ မသကာခံလှ နှစ်လထက် မပိုဘူး"

"မော်တော်ကားက မြင်းနေရာကို အစားထိုးလို့ ရမတဲ့လား" ဟု အမေရိကန် ကုဋေကြွယ်သူဌေးကြီးက မော်တော်ကား တီထွင်သူကို အပြစ်တင်ခဲ့ဖူ။

"ရထားက တစ်နာရီကို မိုင် ၁၂၀ သွားရင် လူတွေ အသက်ရှူကြပ်သေကုန်မှာပေါ့" ဟု သိပ္ပံပညာရှင် "ဒိုင်ယိုနီးဇီးယပ်စ်လာဒနာ" (၁၇၉၃-၁၈၅၉) က ပြောခဲ့၏။ (ယခု မြန်နှုန်းမြင့် ရထားတွေက တစ်နာရီကို ၂၇၅ မိုင် ပြေးနေကြ၏။)

လွန်ခဲ့သော နှစ်တစ်ထောင်က မာယာလူမျိုးများ ရေးခဲ့သော ပြက္ခဒိန်တွင် ၂၁-၁၁-၂၀၁၂ နေ့၌ ရပ်တန့်သွား၏။ ထိုနေ့တွင် ကမ္ဘာပျက်မည်ဟု ဟောကိန်းထုတ်ခဲ့ကြ၏။ (ယခုထိ ကမ္ဘာမပျက်သေးသည်က သေချာသည်)။

လေထက်လေးတဲ့ အရာဆိုတာ လေပေါ်ပျံလို့ရမတဲ့လား ဆိုသူများ နောက်ပိုင်းတွင် လေယာဉ်ပျံတွေ ပေါ်လာခဲ့ပြီ။ လပေါ်ကို လူမရောက်နိုင်ဖူးဆိုသည့် စကားများလည်း ချေဖျက်သွားပြီ။

"စကားကို အကုန်မပြောနှင့်"

"အနာဂတ်ကို မည်သူမှ ကြိုတင်ဟောကိန်းထုတ်၍ မရ"

"မိမိလက်ရှိ သိနေတတ်နေသမျှဖြင့် အရာရာကို မှန်ကန်စွာ တိုင်းတာ အကဲဖြတ်၍ မရ"

ထိုစကားများ၏ အနှစ်သာရကို "သမိုင်း၏ အမှားဆုံးဟောကိန်းများနှင့် အဓိက လက်သည်များ" စာအုပ်တွင် တွေ့ရပါမည်။

ဤစာအုပ်ကို ဖတ်ပြီး မိမိ၏ တစ်ထွာတစ်ညိုမျှစွာသော အတွေ့အကြုံ၊ ဆင်ခြင်တုံ အသိဉာဏ်ပညာ အသေးအဖွဲလေးကို အားကိုးလျက် မည်သည့်အရာကိုမှ လက်လွတ်စပယ်တွေးတော၊ ပြောဆို၊ လုပ်ဆောင်၍ မရနိုင်ဆိုသော "ဆင်ခြင်တုံတရား" တစ်စုံတစ်ရာ အတိုင်းအတာအထိ ရနိုင်ကောင်းမည်ဟု မျှော်မှန်းမိပါသည်။

ဟိန်းလတ်

လက်နက်များကို နှုတ်ဆက်ခြင်း

သမ္မတ ဝုဒရိုးဝီလ်ဆင်

လက်နက်များကို နှုတ်ဆက်ခြင်း
သမ္မတဝုဒရိုးဝိလ်ဆင်

အဓိကလက်သည် - သမ္မတဝုဒရိုးဝိလ်ဆင်

ဘာကိုကြိုတင်ပြောခဲ့သလဲ - ပထမကမ္ဘာစစ်သည် "စစ်ပွဲအားလုံးကို အဆုံးသတ်မည့် စစ်ပွဲ" ဖြစ်သည်။ ဤစစ်ကြောင့် ကမ္ဘာကြီးတစ်ခုလုံးသည် ဒီမိုကရေစီအတွက် လုံခြုံစိတ်ချရတော့မည်။

အမှန်တကယ်ဘာဖြစ်လာသလဲ - နာဇီများပေါ်လာသည်။ ဒုတိယကမ္ဘာစစ်ဖြစ်ခဲ့၏။ ဒီမိုကရေစီအတွက် ကမ္ဘာ၏ အစိတ်အပိုင်း အတော်များများတွင် တိုက်ပွဲဝင်နေရဆဲ။

ဒီစစ်ကြီးမှာ ကျွန်ုပ်တို့ တောင်းဆိုတာက "ကျွန်ုပ်တို့အတွက် သီးခြားမဟုတ်ဘူး။ ကမ္ဘာကြီးက လုံခြုံစိတ်ချစေဖို့ပဲ။ အထူးသဖြင့် ငြိမ်းချမ်းရေးချစ်မြတ်နိုးတဲ့ နိုင်ငံတိုင်းလိုလို ဘေးအန္တရာယ်ကင်းစေဖို့ပဲ။ မိမိရဲ့ ကံကြမ္မာကို မိမိလွတ်လပ်စွာ ဖန်တီးခွင့်ရှိကြမယ်။ ကမ္ဘာက တခြားပြည်သူတွေနဲ့ ဆက်ဆံကြရာမှာ တရားနည်းလမ်းကျမှုနဲ့ မျှတမှုလည်း ရှိကြမယ်။ အကြမ်းဖက်မှုတွေ၊ ကိုယ်ကျိုးအတွက် ကျူးကျော်မှုတွေကို တိုက်ဖျက်ကြရမယ်။

သမ္မတဝုဒရိုးဝိလ်ဆင်၏ လွှတ်တော်သို့ မိန့်ခွန်း (၈-၁-၁၉၁၈)

သမ္မတဝုဒရိုးဝီလ်ဆင်သည် သူ၏ ကမ္ဘာသစ်အစီအစဉ်အတွက် မိန့်ခွန်းထဲတွင် အချက် (၁၄)ချက် ထည့်သွင်းပြောကြားခဲ့သည်။

ပထမကမ္ဘာစစ်၏ လေးနှစ်တာကာလကား သွေးလွှမ်းသောနေ့ရက်များ ဖြစ်ကြ၏။ ကမ္ဘာကြီး၏ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ အတွေးအခေါ်မြေပုံများ၊ အစစအရာရာ အကြီးအကျယ်ပြောင်းလဲစေခဲ့၏။ ဤစစ်ပွဲအတွင်း လူအသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရ၏။ ငွေကြေးများ သောက်သောက်လည်း ဖြုန်းတီးပစ်ကြရ၏။ ပို၍ဆိုးသည်မှာ မျိုးဆက်တစ်ခုလုံးအတွက် စိတ်ဒဏ်ရာအကြီးအကျယ် ရခဲ့ခြင်းဖြစ်သည်။ အမေရိကန်သမ္မတ ဝုဒရိုးဝီလ်ဆင် (၁၈၅၆-၁၉၂၄) ကမူ ဤစစ်ပွဲသည် စစ်ပွဲအားလုံး၏ နိဂုံးဟု တွက်ချက်ပြခဲ့၏။ ဤစစ်ကြီးပြီးလျှင် ကမ္ဘာကြီး၏ ဒီမိုကရေစီအတွက် လုံခြုံစိတ်ချရပြီဟု သူက ကြိုတွက်ခဲ့၏။ ၁၉၁၈ ခုနှစ်တွင် လူထုအများစုက စစ်ပွဲနှင့် စစ်ဝါဒကို အကြီးအကျယ်မုန်းတီး ဆန့်ကျင်ကြ၏။ လက်နက်ဖျက်သိမ်းရေးအထိ တောင်းဆိုကြ၏။ စစ်ကိုစတင် မီးမွှေးခဲ့ကြသော ဂျာမန်စစ်လိုလားသူများ ကြေမွရှုံးနိမ့်ခဲ့ကြ၏။ ဥရောပအစိတ်အပိုင်း၊ ဥရောပအရှေ့ပိုင်းနှင့် ဘောလ်တန်ဒေသများတွင် နိုင်ငံသစ်များ ပေါ်ထွန်းလာ၏။ ခေတ်နောက်ကျကျန်ရစ်သော ရုရှားအင်ပါယာကိုလည်း လက်ဝဲဝါဒီတော်လှန်ရေးက အပြီးတိုင်ချေမှုန်းပစ်ခဲ့၏။

"ဝီလ်ဆင်" က ကမ္ဘာသစ်ကို ပုံစံချပြရာတွင် အချက် (၁၄)ချက် ထောက်ပြခဲ့၏။ ထိုမိန့်ခွန်းကို လွတ်တော်တွင် (၈-၁-၁၉၁၈) က ပြောကြားခဲ့၏။ ဥရောပတွင် မုန်းတီးမှုများ မချုပ်ငြိမ်းမီ ၁၀ လက ဖြစ်၏။ သူ့အမြင်က စစ်ကြီးခေတ ကမ္ဘာကြီး၏ ပုံစံသစ်ဖြစ်၏။ နိုင်ငံတကာ ဆက်ဆံရေးများသည် အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းမှုများမှတစ်ဆင့် ဖြစ်ပေါ်လာမည်။ လွတ်လပ်သော ကုန်သွယ်မှုရှိလာမည်။ ဒီမိုကရေစီကျလာမည်။ ပွင့်လင်းသော သဘောကူညီချက်များ ချမှတ်ကြကာ ပူးပေါင်းဆောင်ရွက် လုပ်ကိုင်လာကြမည်။ သူ့မိန့်ခွန်းထဲမှ အရေးအကြီးဆုံးအချက်မှာ "နိုင်ငံပေါင်းချုပ်အသင်းကြီး" (၁၉၁၉-၄၆) ဖန်တီးထွန်းပေါ်ရေး ဖြစ်၏။ ၄င်းအသင်းကြီးကာ ယနေ့ကမ္ဘာကုလသမဂ္ဂအဖွဲ့ကြီး၏ ရှေ့ပြေးနိမိတ်ဖြစ်၏။ "ဝီလ်ဆင်" မျှော်မှန်းချက်မှာ ကမ္ဘာငြိမ်းချမ်းရေးအတွက် ကမ္ဘာနိုင်ငံအသီးသီးက ညှိနှိုင်း

ပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်၏။ ဤသို့ဖြင့် နိုင်ငံတကာ အငြင်းပွားမှုများသည် ဆွေးနွေးညှိနှိုင်းဖြေရှင်းကြခြင်းဖြင့် ချုပ်ငြိမ်းကာ ဒီမိုကရေစီလည်း ပိုမိုကျယ်ပြန့်လာမည်။ ဤသို့ဖြင့် ကမ္ဘာကြီးသည် ငြိမ်းချမ်းရေးနှင့် စည်ပင်ဝပြောချင်သော ကြွယ်ဝမှုများကို ဆယ်စုနှစ်အဆက်ဆက် ခံစားကြရမည် ဖြစ်၏။ တကယ်တမ်း လက်တွေ့တွင်ကား "ဝီလ်ဆင်" မျှော်မှန်းတာနှင့် ဆန့်ကျင်ဘက်။ နောက်ထပ် နှစ် ၂၀ အကြာတွင် "ပေါစထရီ ပဋ္ဌိပက္ခ" နှင့် "မဟာစီးပွားကပ်" (၁၉၂၉-၃၉) ဖြစ်လာ၏။ ဒီမိုကရေစီကျရှုံးကာ "အခွန်ရောက် မျိုးချစ်ဝါဒ" "စစ်ဝါဒ" နှင့် "ဖက်ဆစ်ဝါဒ" တို့သည် အီတလီ၊ ဂျာမနီနှင့် ဂျပန်တို့တွင် ထွန်းကားလာ၏။ "နိုင်ငံပေါင်းချုပ် အသင်းကြီး" ဘာမှ လုပ်လို့ ကိုင်လို့ မရတော့။ ဤသို့ဖြင့် ဒုတိယကမ္ဘာစစ် (၁၉၃၉-၄၅) ဖြစ်လာ၏။ ပထမကမ္ဘာစစ်ဖြစ်ပြီးလို့ နှစ် ၂၀ တွင် မျှော်လင့်ချက်မှ စိတ်ပျက်ဖွယ်သို့ ပြောင်းလဲလာ၏။ လက်နက်ဖျက်သိမ်းရေးမှသည် လက်နက်အားကိုး ကျူးကျော်မှုများ ဖြစ်လာ၏။ လွတ်လပ်မှုမှနေ၍ သွေးသံရဲရဲ သတ်ဖြတ်ကာ အာဏာရှင်စနစ်သို့ ပြောင်းလဲလာ၏။

ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် အခြေအနေတွေ ရှုပ်ထွေးလာ၏။ လူမှုရေးနှင့် နိုင်ငံရေး ဒွေးရောယှက်တင် ဖြစ်လာသည်။ ပထမအနေနှင့် လူတို့သည် စစ်၏ တန်ဖိုးကြောင့် ဒယိမ်းဒယိုင်ဖြစ်ကုန်သည်။ သေဆုံးသူ၊ ဒဏ်ရာရသူ၊ ပျောက်ဆုံးသူပေါင်း ၃၇ သန်းကျော်ရှိ၏။ စစ်တိုက်ရင်းသေသူ ဆယ်သန်း၊ အရပ်သား ခုနစ်သန်းခန့် သေခဲ့ကြရ၏။ ဂျာမနီနှင့် ပြင်သစ်တွင် လူဦးရေ၏ လေးရာခိုင်နှုန်း၊ ရုရှားနှင့် ဗြိတိန်တွင် နှစ်ရာခိုင်နှုန်း သေကြ၏။ သေဆုံးသူအများစုမှာ လုပ်အားစွမ်းပကား အရှိဆုံးအရွယ်တွေ ဖြစ်ကြ၏။ ၁၉၁၈ ၌ ၁၉၂၀ ကြာတွင် စပိန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူက ကမ္ဘာပေါ်တွင် ၅၈ သန်းမှ သန်း ၁၀၀ ထိရှိ၏။ "စပိန်တုပ်ကွေး" ကြောင့် သေတာက စစ်ကြောင့်သေတာထက်ပင် ပိုများသေး၏။

အလုပ်အကိုင်တွေ ပျက်စီး၊ စီးပွားရေးတွေ ထိုးကျခဲ့၏။ စစ်၏ အနိဋ္ဌာရုံများထဲမှ အကောင်းရှာကြည့်လျှင်ကား အမျိုးသမီး မဲဆန္ဒပေးခွင့်ရလာခြင်းတစ်ခုသာ ထင်သာမြင်သာရှိ၏။ ဥရောပအင်အားကြီးနိုင်ငံများ

သည် အမေရိကန်၏ ကြွေးနွံထဲတွင် နစ်ကုန်ကြ၏။ အထူးသဖြင့် "ဗာဆေး စာချုပ်" ၁၉၁၉ ကြောင့် ဂျာမနီက ပုံစံရ၏။ ၁၉၂၉ တွင် "ပေါစထရီ ပဋ္ဌိပက္ခ" ကြောင့် မဟာစီးပွားရေးကပ် အမေရိကန်တွင် ကျရောက်သော အခါ အထိအနာဆုံးက ဂျာမနီဖြစ်၏။ အလုပ်လက်မဲ့နှုန်း ၃၃ ရာခိုင်နှုန်း ထိ ရှိလာကာ ငွေကြေးဖောင်းပွမှုက အထက်သို့ တိုးတက်သွား၏။ ဂျာမနီမှ ငွေစက္ကူ များက ၁၉၁၉-၃၃ တွင် လုံးဝတန်ဖိုးလုနီးပါး ဖြစ်ကုန်၏။ ငွေစက္ကူများကို နံရံကပ်စက္ကူအဖြစ်သို့ ရမည်အထိ ဖြစ်လာ၏။

၁၉၁၉ တွင် ဖြစ်ခဲ့သော နယ်မြေခွဲဝေမှုများက ပြဿနာတိုးလာကာ ၁၉၃၈ ခုနှစ် တစ်ဝိုက်တွင် ပိုဆိုးလာ၏။ စစ်ပွဲအစတုန်းက ဥရောပတွင် အင်ပါယာကြီး လေးခုရှိခဲ့၏။ ရုရှားဟာ ဂါအင်ပါယာ၊ အော်တိုမန်အင်ပါ ယာ၊ ဩစထရီ ဟန်ဂေရီအင်ပါယာနှင့် ဂျာမန်အင်ပါယာတို့ ဖြစ်ကြ၏။ စစ်အပြီးတွင် ရုရှား၏ ဂါအင်ပါယာက ဘော်ရှီဗစ်များ၏ ဖြိုချနှိမ်ကွပ်ခြင်း ခံခဲ့ရ၏။ ဩစထရီဟန်ဂေရီနှင့် အော်တိုမန်အင်ပါယာတို့လည်း ပြိုလဲကုန် ၏။ ဂျာမန်အင်ပါယာက ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဖြစ်လာ၏။ ဂျာမနီ ပိုင် နယ်နိမိတ်များသည် ပြင်သစ်၊ ပိုလန်နှင့် ဘော်လ်တစ်နိုင်ငံများသို့ ပေးလိုက်ရ၏။ ဂျာမနီနိုင်ငံ အနောက်ခြမ်းကို အနောက်အုပ်စုက သိမ်းပိုက် ခဲ့၏။

"ဝီလ်ဆင်" မျှော်မှန်းချက်နှင့် ပြောင်းပြန်ဖြစ်ကုန်သည်မှာ ကမ္ဘာ စစ်နောက်ပိုင်းတွင် စီးပွားရေးရော နိုင်ငံရေးပါ လုံးဝဥသုံ့ကျရှုံးခဲ့ခြင်းဖြစ်၏။ သူအကြီးအကျယ် မျှော်လင့်ချက်ထားခဲ့သော နိုင်ငံပေါင်းချုပ် အသင်းကြီး လည်း ကြေမွပျက်စီးသွား၏။ အသင်းကြီးက ၁၉၂၀ ပတ်ဝန်းကျင်တွင် လက်နက်ဖျက်သိမ်းရေးကို ဦးစားပေးဆောင်ရွက်ခဲ့သော်လည်း နိုင်ငံအချို့ က သူ့မှုနှင့်သူ လက်နက်တွေကို ထုတ်ကြ၏။ နိုင်ငံပေါင်းချုပ်အသင်းကြီး ကို ကျောထောက်နောက်ခံပြုနေသော အမေရိကန်တစ်နိုင်ငံထဲလည်း ဘာမှ လှုပ်ရှား၍ မရတော့။ ကျူးကျော်တိုက်ခိုက်မှုများကို ညှိနှိုင်းမရ။ ဆွေးနွေး မရ။ ထိန်းချုပ်၍ မရတော့။ ဥရောပနိုင်ငံများထဲတွင် ဖက်ဆစ်ဝါဒကို စတင်ကျင့်သုံးသည့် နိုင်ငံက ဂျာမနီမဟုတ်။ အီတလီဖြစ်၏။ "ဘင်နီကို မူဆိုလိုနီ" (၁၈၈၃-၁၉၄၅) ကို ၁၉၂၂ တွင် ဝန်ကြီးချုပ်အဖြစ် တင်မြှောက်

လိုက်ကြ၏။ နောက်ဆယ်နှစ်အကြာတွင် မူဆိုလိုနီ၏ ပုံစံကို "ဟစ်တလာ" က လိုက်လံကျင့်သုံးကာ သူက တစ်ပါတီ ဖက်ဆစ်ပုလိပ်နိုင်ငံကို အလျင်အမြန်ထူထောင်ခဲ့၏။ သူ့ကိုယ်သူလည်း "ခေါင်းဆောင်ကြီး" ဟူသော ဘွဲ့ပေးခဲ့၏။ "မူဆိုလိုနီ" က လစ်ဗျားနှင့် အီသီယိုးပီးယားကို သိမ်းရန်ကြံ၏။ နိုင်ငံပေါင်းချုပ်အသင်းကြီးက ကာဆီးပိတ်ပင်သည်ကို ဂရုမစိုက်။ ထိုအချိန်တွင် အရှေ့အာရှ၌ ဂျပန်ဘုရင့်နိုင်ငံက ခေါင်းထောင်ထလာကာ တရုတ်ပြည်မြောက်ပိုင်းကို စစ်ရေးအရ ကျူးကျော်၏။ ၁၉၃၂ ခုနှစ်တွင် မန်ချူးကိုးပြည်နယ်ကို ၄င်း၏ ရုပ်သေးနိုင်ငံအဖြစ် ဖန်တီးခဲ့၏။

၁၉၃၃ တွင် "အဒေ့ါဖ်ဟစ်တလာ" အာဏာရလာတော့ ပိုဆိုးကုန်၏။ ၁၉၃၀ တစ်ဝိုက်တွင် သူက စစ်ရေးအရ ကျူးကျော်ရန် ပြင်ဆင်၏။ ဟစ်တလာက သူ၏ စာအုပ်ဖြစ်သော "ကျူပ်၏ လှုပ်ရှားမှုများ" (၁၉၂၅-၆) စာအုပ်ပါ အစီအစဉ်အတိုင်း တစ်သွေမထိန်း အကောင်အထည်ဖော်ခဲ့၏။

ဆိုဗီယက်ယူနီယံတွင် "ဂျိုးဇက်စတာလင်" (၁၈၇၈-၁၉၅၃) က အာဏာရှင်ဆန်ဆန် အုပ်စိုးခဲ့၏။ ဖက်ဆစ်စနစ်နှင့် စစ်ဝါဒက အီတလီ၊ ဂျာမနီနှင့် ဂျပန်တွင် ထွန်းကားလာ၏။ ၁၉၁၉ ခုနှစ်တွင် "ဝီလ်ဆင်" က လေသင်ခုန်းအဖြတ်ခံရကာ သူ၏ သက်တမ်းလက်ကျန်ကိုပင် မထမ်းဆောင်နိုင်တော့။ နောက်ထပ် သုံးနှစ်အကြာတွင် သူကွယ်လွန်ခဲ့၏။ နာဇီတို့၏ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းနှင့် ဒုတိယကမ္ဘာစစ်တို့ကို သူ မမြင်လိုက်ရ။

"ဝီလ်ဆင်" မျှော်မှန်းသော ကမ္ဘာသစ်ကား မပေါ်ထွန်းခဲ့။ "မဟာစီးပွားရေးကပ်" နှင့် "အမေရိကန်သီးခြားနေသော ဝါဒ" နှင့် "ဖက်ဆစ်ဝါဒ" တို့ ပေါ်ထွန်းလာမှုတို့ကြောင့်ပင် ဖြစ်၏။

○

မာယာ လူမျိုးတို့၏ ကြိုတင်ဟောကိန်းနှင့် ၂၀၁၂ ခုနှစ်

မာယာလူမျိုးတို့၏ ကြိုတင်ဟောကိန်းနှင့် ၂၀၁၂ ခုနှစ်

အဓိကလက်သည် - မာယာလူမျိုး ဗေဒင်ဆရာများ၊ ဘုန်းတော်ကြီးများနှင့် သူတို့ဟောကိန်းကို နောက်ပိုင်း ဘာသာပြန်ဆိုသူများ။

ဘာကိုကြိုတင်ပြောခဲ့သလဲ - ကမ္ဘာကြီးသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၁ သို့မဟုတ် ၂၃ တွင် အဆုံးသတ်မည်။

အမှန်တကယ်ဘာဖြစ်လာသလဲ - ယခု စာဖတ်နေသူကိုယ်တိုင်သိ။

မာယာလူမျိုးတွေ ဟောကိန်းထုတ်ခဲ့တာက ကမ္ဘာကြီးဟာ စက်ဝန်းလိုပဲ လည်ပတ်နေတယ်။ စက်ဝန်းတစ်ခုစီကို "နေ" လို့ ခေါ်တယ်လို့ "မာယာ" တွေက ဆိုတယ်။ "နေ" တစ်ခုပြီးရင် ကမ္ဘာတစ်ခုပျက်တာပဲ။ မာယာလူမျိုးတွေ ယုံကြည်ခဲ့ကြတာက၊ ခုလည်းပဲ ယုံကြည်နေဆဲက၊ "နေ" လေးစင်းရှိတယ်ဆိုတယ်။ ကျွန်တော်တို့ အခုရောက်နေတာက "ပဉ္စမမြောက်နေ" ခေတ်ပေါ့။ ဘီစီ ၃၁၁၄ က စတင်။ အဲဒီ "ပဉ္စမမြောက်နေ" က အေဒီ ၂၀၁၂ မှာ သက်တမ်းကုန်မယ်။ အတိအကျပြောရရင်တော့ ဒီဇင်ဘာ ၂၃ ပေါ့။

မာယာဟောကိန်း (၂၀၀၈) ရော်နယ်ဘိုနီဝစ်ဖ်

မာယာလူမျိုးများ၏ ဟောကိန်းအရ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက် သောကြာနေ့ သို့မဟုတ် ၂၃ ရက် တနင်္ဂနွေနေ့တွင် ကမ္ဘာပျက်မည်ဟု ဆို၏။ ထို့ကြောင့် ဒီဇင်ဘာ ၂၅ ရက်တွင် ကျရောက်မည့် ခရစ်စမတ်ပွဲ

များကိုပင် ငွေကုန်ကြေးကျခံ၍ လုပ်ရန်မလိုတော့။ ခရစ်စမတ်ရက်မတိုင်မီ နှစ်ရက်တွင် ကမ္ဘာကြီးပျက်မည် ဆိုပဲ။ တကယ်တော့ ဤဟော ကိန်းက မကြာမီကမှ ဟောခဲ့တာမဟုတ်။ လွန်ခဲ့သော နှစ်ထောင်ပေါင်း များစွာက "မီဆိုအမေရိကန်မာယာ" ယဉ်ကျေးမှုကာလက တွက်ချက်ခဲ့ကြခြင်း ဖြစ်၏။ "မာယာယဉ်ကျေးမှု" ထွန်းကားခဲ့သော နိုင်ငံမှာ "ယူကာတန်"ဒေသတွင် ဖြစ်၏။ ယခုခေတ်အရပြောရလျှင် မက်ဆီကိုအရှေ့တောင်၊ ဂွာတီမာလာ၊ ဘီလစ်ဇ်၊ ဟွန်ဒူးရပ်စ်နိုင်ငံ တစ်နေရာရာတွင် ရှိမည်။ "မာယာခေတ်"ကို ပြောရလျှင် သုံးရာစုနှစ် အလယ်ပိုင်းမှ ဆယ်ရာစုခေတ် စောစောပိုင်းအထိ ပြောရ၏။

"မာယာ" လူမျိုးတို့တွင် အချိန်နှင့် ပတ်သက်၍ တိုင်းတာမှုများစွာ ရှိ၏။ အနည်းငယ် ရှုပ်ထွေး၏။ သူတို့က ပြက္ခဒိန်နှစ်မျိုးကို သုံးသည်။ ပထမတစ်ခုက "ဟာဗ်" ဟုခေါ်၏။ တစ်လလျှင် ရက် ၂၀ နှင့် ၁၈ လ ရယ်၊ အပို ငါးရက်ပေါင်းတာရယ်က တစ်မျိုး။ စုစုပေါင်း ၃၆၅ ရက်။ ယခု ကျွန်ုပ်တို့ သုံးနေသော ပြက္ခဒိန်အတိုင်းပင်။ နောက်ပြက္ခဒိန်တစ်မျိုးက "ဇိုလကင်" ဟု ခေါ်သည်။ ၁၃ ရက်စီနှင့် လ ၂၀ သတ်မှတ်ထား၏။ တစ်နှစ်လျှင် စုစုပေါင်း ရက် ၂၀၀ ရှိ၏။ ဤပြက္ခဒိန် နှစ်မျိုးထဲမှ တစ်ခုခုကို ဗေဒင်တွက်ရာတွင် ဘာသာရေးပွဲတော်လုပ်ရာတွင်၊ ကလေးမွေးရာတွင် သူတို့ သုံးကြ၏။ ကျွန်ုပ်တို့ ယခုသုံးနေကြသော နေဗဟိုပြုနက္ခတ်ဗေဒင်နည်းများကဲ့သို့ပင် ဖြစ်၏။

"မာယာ" လူမျိုးတို့၏ "နေ" ရက်သို့မဟုတ် "ကင်း" ကို အခြေခံယူနှစ်အဖြစ်ထားပြီး ပြက္ခဒိန်ရေးဆွဲကြ၏။ သူတို့က ကမ္ဘာဖြစ်တည်စ ရက်ကို ဘီစီအီး ၃၁၁၄ ခုနှစ် စက်တင်ဘာလ ၈ ရက်ကို ယူကြ၏။ "မာယာ" အာကာသဗေဒတွင် ၁၃ ဂဏန်းက အရေးကြီးသော ဂဏန်းဖြစ်၏။ "ဘတ်က်တွန်" (၁၄၄,၀၀၀ ရက် သို့မဟုတ် ၃၉၄ နှစ်) ကို "နေ" ခေတ်တစ်ခေတ်ဟု သတ်မှတ်ကြ၏။ ယခင်နေခေတ်သည် "ဘတ်က်တွန်" ၁၃ ရက်နေ့တွင် ကျရောက်ရာ ၁၃ ခုမြောက် "ဘတ်က်တွန်" ၏ နောက်ဆုံးနေ့က ၂၀၁၂ ဒီဇင်ဘာလ ၂၁ သို့မဟုတ် ၂၃ တွင် ကျ၏။

သူတို့၏ တွက်ကိန်းမှန်မမှန်ကို အသာထား။ "မာယာ" ဆိုတာ ဘယ်လိုလူမျိုးတွေလဲ ဆိုသည်ကို သိရန်လို၏။

"မာယာ" လူမျိုးတွေအကြောင်း ပထမခြေရာကောက်မိသည်မှာ ၁၉ ရာစုက စူးစမ်းရှာဖွေသူ နှစ်ဦးဖြစ်သော အမေရိကန်လူမျိုး "ဂျန်အယ်လ် စတီဖင်းစ်" (၁၈၀၅-၅၂) နှင့် သူ၏အဖော် ဗြိတိသျှလူမျိုး "ဖရက်ဒရစ် ကက်သာရစ်" (၁၇၉၉-၁၈၅၄) တို့ ဖြစ်ကြ၏။ သူတို့ထက် အရင်ကျစွာ စူးစမ်းလေ့လာသူများက စပိန်လူမျိုးများ ဖြစ်ကြ၏။ သူတို့က ၁၆ ရာစု ကပင် မာယာမြို့ဟောင်းတွေကို ရှာဖွေခဲ့ကြ၏။ မည်သို့ဆိုစေ "စတီဖင်စ်" ရေးသားသော "အမေရိကအလယ်ပိုင်းခရီးသွား" စာအုပ် ၁၈၄၁ ခုနှစ်တွင် ထွက်လာမှ မာယာမြို့ဟောင်းများ၏ ပုံတွေကို ပထမဆုံးအကြိမ် များစွာ တွေ့ရ၏။ ထို့ကြောင့် အမေရိကနှင့် ဥရောပတွင် မာယာကို စိတ်ဝင်စားမှု ပိုလာ၏။

"မာယာ" လူမျိုးတို့က ဂွာတီမာလာအလယ်ပိုင်း၊ မက်ဆီကို အရှေ့တောင်၊ ဟွန်ဒူးရပ်စ် အနောက်ပိုင်းတို့တွင် နေကြမည်ဟု တွေ့ရ၏။ သူတို့က ရှေးခေတ်ဥရောပမြို့ကြီးများနှင့် မတူသော၊ ပိုမိုကြီးကျယ် ကျယ်ပြန့်သောမြို့ပုံစံမျိုး နှင့် နေကြ၏။ သူတို့မြို့ရွာများတွင် အကာအကွယ် တံတိုင်းနံရံများ မရှိ။ လူများစုက ပျက်စီးလွယ်သော ပစ္စည်းများဖြင့် တဲထိုးကာ နေကြ၏။ ဘာသာ ရေးဆိုင်ရာ အဆောက်အအုံနှင့် ဘုရင့်နန်းတော်များလောက်သာ အခိုင်အခန့် ဆောက်ထားကြ၏။ မာယာလူမျိုးတို့သည် သူတို့၏ ဘုရားကျောင်းများ၊ နန်းတော်များကိုမူ ကုန်းမြင့်များပေါ်တွင် တည်ဆောက်ကြ၏။ သူတို့ အဆောက်အအုံများ၏ ပြင်ပနံရံများတွင် နတ်ဘုရားပုံ၊ ဘုရင်ပုံများ ထုလုပ် ထားတတ်ကြ၏။ အဆောက်အအုံ တည်ဆောက်သော ခုနှစ်များကိုလည်း ရေးထွင်းတတ်၏။

ရှေးဟောင်း သုတေသနပညာရှင်များ၏ သုတေသနပြုချက်အရ မာယာတို့၏ အဆောက်အအုံပုံစံများသည် မည်သည့်လူမျိုးတို့နှင့်မျှမတူဘဲ ကွဲပြားခြားနားမှု ရှိ၏။ မာယာတို့၏ ဝိရမစ်များသည်လည်း အီဂျစ်တို့၏ ဝိရမစ်များနှင့် မတူ။ အီဂျစ်တို့၏ ဝိရမစ်တည်ဆောက်ပုံနှင့် ဂန္ဓဝင်မာယာ ယဉ်ကျေးမှု ထွန်းကားလာခြင်း၏ကြားတွင် နှစ်ပေါင်း ၂,၅၀၀ ကွာဟ၏။

အီဂျစ်တို့က ရောမအင်ပါယာ၏ အစိတ်အပိုင်းဖြစ်ကာ ခရစ်ယာန်ဘာသာ ဝင်များ ဖြစ်ကြ၏။

မာယာလူမှုအဖွဲ့အစည်းကား ငြိမ်းချမ်းရေး ချစ်မြတ်နိုးသည့် ခေတ် ဖြစ်၏။ နက္ခတ်များကို စူးစမ်းလေ့လာကာ သဘာဝနှင့် သဟဇာတဖြစ်အောင် နေထိုင်ကြ၏။ "မူး" တိုက် သို့မဟုတ် အန္တလန်တိတ်တိုက် စသည်တို့မှ လာသူများက သူတို့ကို နက္ခတ္တဗေဒဆိုင်ရာ လျှို့ဝှက်ချက်များကို သင်ပေး ကြဟန် တူ၏။

ရှေးခေတ်လူများ၏ စံနှုန်းနှင့် တိုင်းတာလျှင်မူ မာယာတို့သည် နည်းပညာအရမူ နောက်တန်းရောက်ခဲ့ပုံရ၏။ သူတို့တွင် ဘီးမရှိ။ ထွန်တုံး မရှိ။ မွေးမြူသော တိရစ္ဆာန် မရှိ။ သံနှင့် ကြေး မသုံး။ "တီကာ" နှင့် "ကိုပန်" ဝိရမစ်များကို လေ့လာသူများအနေဖြင့် သူတို့၏ ထူထဲလှသော နံရံများ၊ ပြူတင်းပေါက် မရှိသော အခန်းများထဲတွင် သူတို့ နွေရာသီ ပူပူလောင်လောင်တွင် မည်သို့နေကြသလဲဆိုသည်ကို အံ့သြကြရ၏။ မာယာ တို့ ထူးချွန်တာက နက္ခတ္တဗေဒနှင့် သင်္ချာဖြစ်၏။ လူမှုရေးအရ လည်း ကောင်း၊ နိုင်ငံရေးအရ လည်းကောင်း၊ မာယာကမ္ဘာသည် "ယူတိုးပီးယား ခေတ်သစ် နိဗ္ဗာန်ဘုံ" နှင့်ကား အတော်အလှမ်းကွာ၏။ မာယာတို့သည် သဘာဝပတ်ဝန်းကျင်ကို အကန့်သတ်မဲ့ သုံးစွဲခြင်းက သူတို့၏ ကျွန်းမှ သေတွင်းကို တူးသလိုဖြစ်၏။ မြေရယ်၊ အစားအစာရယ်၊ ရေရယ် ရှားပါး လာသည်နှင့် ၄င်းကို ပျက်သုဉ်းကြရ၏။ ဤကိစ္စတွင်တော့ သူတို့၏ ဘုရင် တွေ၊ ဘုန်းတော်ကြီးတွေလည်း ဘာမှမတတ်နိုင်ကြ။

မာယာလူမျိုးများက နေ၊ လ၊ ကြယ်တာရာများကို ကိုးကွယ်ကြ၏။ မာယာ ဘုန်းတော်ကြီး နက္ခတ်ဘုရားများက စီအီး ၄၀၀ ခုနှစ်တွင် ပြောကြား သည်မှာ နက္ခတ်တာရာများ၏ အကောင်းအဆိုးပေါ် မူတည်ကာ မြို့ကြီးများ ပေါ်ထွန်း ကျရှုံး၊ စစ်အနိုင်အရှုံး၊ မင်းတွေပေါ်ထွန်း၊ ကျရှုံးတို့ဖြစ်သည်ဟု ဆို၏။ ကမ္ဘာကြီးကတော့ မပြောင်းမလဲတည်ရှိနေမည်ဟု ဆို၏။ ၂၀၁၂ ဒီဇင်ဘာကျမှသာ ကမ္ဘာပျက်ကိန်းရှိမည်ဟု ဆိုကြ၏။

တကယ်တော့ သူတို့ မာယာလူမျိုးများက ကိုးရာစုတွင် ပျက်သုဉ်း ခဲ့ကြရ၏။ ကိုးရာစုအဆုံးမှ ၁၀ ရာစုအစအတွင်း မာယာတို့သည် သူတို့၏

မြို့များကို စွန့်ခွာခဲ့ကြရ၏။ သူတို့၏ နယ်မြေများကို စပိန်တို့က သိမ်းပိုက်ခဲ့ကြ၏။ မာယာတို့ လူမျိုးတုံး ကွယ်ပျောက်ကြပြီးနောက် သူတို့ ကြိုတင်ဟောကိန်းထုတ်ခဲ့သော ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၃။ ကမ္ဘာပျက်ကိန်းသည်လည်း မှားယွင်းကြောင်း ယခုတွေ့ရှိကြရပြီ။

○

သူတစ်ပါး အကြံဉာဏ်ကို ခိုးချသော တမန်တော် နော့စ်ထရာဒေးမတ်စ်

နော့စ်ထရာဒေးမတ်စ်

သူတစ်ပါးအကြံဉာဏ်ကို ခိုးချသော တမန်တော် နော့စ်ထရာဒေးမတ်စ်

အမိကလက်သည် - မီချယ်ဒီနော့စ်ထရာဒိန်း

ဘာကိုကြိုတင်ဖြောခဲ့သလဲ - နော့စ်ထရာဒေးမတ်စ်က လန်ဒန်မြို့ မီးကြီးလောင်မှုမှအစ ၁၉၉၉ တွင်ကမ္ဘာ ပျက်မည်အထိ အမျိုးစုံဟောခဲ့သည်။

အမှန်တကယ်ဘာဖြစ်လာသလဲ - သမိုင်းဝင် အထင်ကရ ဘာမှမဖြစ်ခဲ့။

ကြောက်စရာသတ္တဝါကြီးများသည် ငတ်မွတ်ခေါင်းပါးပြီး မြစ်ကို ကူးလာကြမည်။ ဒေသတွင်းမှ ပုဂ္ဂိုလ်တစ်ဦးက ထိုသတ္တဝါကိုသာ လှောင်ချိုင့်တွင် ဖမ်းထည့်နိုင်မည်။ ဂျာမန်ကလေးကား ဘာမှမဖြစ်။

အဒေါ့ဖ်ဟစ်တလာ ပေါ်ထွန်းလာသည်ကို ဟောခဲ့ပုံ

မီချယ်ဒီနော့စ်ထရာဒိန်း (၁၅၀၃-၆၆) သည် နော့စ်ထရာဒေးမတ်စ်ဟု လူသိများခဲ့၏။ သူက ကဗျာလက်စ်ပေါင်း ၁၀၀၀ ကျော်ဖြင့် အရာရာကို ဟောကိန်းထုတ်ခဲ့၏။ ထို့ကြောင့် သူကို ပြင်သစ်ဘုရင်နှင့် မိဖုရားတို့က အားကိုးယုံကြည်ကြ၏။ ထင်ပေါ်ကျော်ကြားသူတို့၏ အတ္တုပ္ပတ္တိများတွင် ဖြစ်တတ်စမြဲဖြစ်သော လွန်စွာချဲ့ကားဖော်ပြခြင်း၊ တိတ္ထင်ဆန်းသစ်မှုများဖြင့် သူ၏ အတ္တုပ္ပတ္တိကို ဖတ်ရ၏။

သူ့ကို ပြင်သစ်တောင်ပိုင်းမှ လူချမ်းသာကုန်သည်မိသားစုမှ ဖွားမြင်ခဲ့၏။ သူသည် မူလက "ဂျူဒါဝါဒီ" ဖြစ်သော်လည်း သူ့အဖေဘက်မှ အဘိုးက ကက်သလစ်ဘာသာဝင်အဖြစ် ပြောင်းလဲပေးခဲ့၏။ အလယ်ခေတ်ပိုင်းက ဂျူးလူမျိုးတို့၏ ဘဝက သိပ်သက်သောင့်သက်သာ မရှိလှ။ လူမှုအခွင့်အရေးများ ဆုံးရှုံးကြရ၏။ အထူးသဖြင့် ဧကာဒသမမြောက် လူဝီဘုရင် (၁၄၂၃-၈၃) လက်ထက်တွင် ပို၍ အဖိနှိပ်ခံကြရ၏။ "မီရှယ်" ကားသုံးနှစ်သားတွင် သခင်္ဂနှင့် ဆေးပညာကို သူ့အမေဘက်မှ အဘိုးက သင်ပေးခဲ့သည်ဟု ဆို၏။ သို့သော် အခြားမှတ်တမ်းအရမူ ဤအချက်မှာ မဖြစ်နိုင်ဟု ဆိုသည်။ သူ့အဘိုးက ၁၅၀၄ တွင် ကွယ်လွန်ခဲ့ရာ ထိုအချိန်တွင် "မီချယ်" က တစ်နှစ်သားသာ ရှိသေး၏။

၁၅၁၈ ခုနှစ်တွင် အသက် (၁၅)နှစ်၌ "မီချယ်" သည် "နာဗစ်ဒွန်" မြို့တော်က စာသင်၏။ သူက သဒ္ဒါ၊ ကဗျာနှင့် တက္ကဗေဒသင်ယူရ၏။ သို့သော် သူ့သူငယ်ချင်းတွေက သူ့ကို "နက္ခတ်ပညာရှင်" ဟု ခေါ်နေကြပြီ။ သူက ထိုအချိန်ကပင် နက္ခတ္တဗေဒပညာကို စိတ်ဝင်စားနေ၍ ဖြစ်၏။ ကြာတော့ သူက ကျောင်းစာစိတ်မဝင်စားတော့ဘဲ မြို့မှ ထွက်သွား၏။ ကျေးလက်တွင် သူက ဘယဆေးပင်များကို ရှစ်နှစ်လုံးလုံး လေ့လာခဲ့၏။ ထို့နောက် တိုင်းရင်းဆေးဆရာလုပ်၏။ ထို့နောက် ဆေးပညာကို ပိုဝါသနာပါလာ၍ ၁၅၂၉ တွင် "မွန်ပဲလီယာ" တက္ကသိုလ်တွင် ဆေးပညာဒေါက်တာဘွဲ့ သင်တန်းများ တက်၏။ သို့သော် တိုင်းရင်းဆေးဆရာဘဝမှ လာသော သူ့ကို ဆေးတက္ကသိုလ်က လက်မခံ။ ထို့ကြောင့် ဆရာဝန်ဘွဲ့ မရဘဲ ကျောင်းမှထွက်ခဲ့ရ၏။

နောက်ထပ် ၁၇ နှစ်လုံးလုံး သူသည် ပြင်သစ်နှင့် အီတလီတွင် လှည့်လည်ကာ ပညာရှင်များ၊ ဆရာဝန်များ၊ ထိုခေတ်က အသိပညာရှင် အတတ်ပညာရှင်များနှင့် တွေ့ဆုံကာ ပညာဆည်းပူးပြီး သူ၏တိုင်းရင်းဆေးဆရာအလုပ်ကို ဆက်လုပ်၏။ ၁၅၃၀ တွင် "အေသင်" မြို့၌ အခြေချကာ ပထမအကြိမ် အိမ်ထောင်ပြုပြီး ကလေးနှစ်ယောက်ရခဲ့၏။ သို့သော် သူ့ဇနီးနှင့် ကလေး နှစ်ဦးလုံး ၁၆ ရာစုတွင် ကျရောက်သော ပလိပ်ရောဂါဖြင့် ကွယ်လွန်သွားကြ၏။ သူကိုယ်တိုင်ကမူ သူ၏ ကိုယ်တိုင် ဖော်စပ်

ထားသော တိုင်းရင်းဆေးဖြင့် အသက်ရှင်သန်ခဲ့၏။ သို့ဖြင့် ၁၅၄၀ ဝန်းကျင်တွင် သူက ဆေးဆရာအဖြစ် နာမည်ကျော်လာ၏။ ၁၅၄၇ တွင် "ဆာလုံး" မြို့၌ အခြေချကာ အိမ်ထောင်ထပ်ပြု၏။ ယခုအိမ်ထောင်က ချမ်းသာကြွယ်ဝသူ မုဆိုးမတစ်ဦးဖြစ်သူ "အင်နီပွန်ဆာဒီ" နှင့် ဖြစ်၏။

အသက် ၅၈ ဝန်းကျင်တွင် သူက စီးပွားရေးအတွက် မပူရတော့။ ထို့ကြောင့် "နော့စ်ထရာဒေးမက်စ်" က အသက်မွေးဝမ်းကျောင်းလိုင်းကို ပြောင်း၏။ ၁၅၅၀ တွင် သူက ဆေးပညာ၊ နက္ခတ်ပညာ၊ မိုးလေဝသပညာ၊ တစ်နှစ်တာဟောကိန်းများပါသော စာအုပ်တစ်အုပ် ထုတ်၏။ သူ၏ "ဟောကိန်းများ" (The Prophecies) စာအုပ်မှာ အလွန်လူကြိုက်များပြီး ရောင်းကောင်း၏။ ထိုကျမ်းစာအုပ်အရှိန်နှင့် သူက နက္ခတ်ဗေဒဝိဇ္ဇာနှင့် စိတ်တန်ခိုးရှင်အဖြစ် ပြင်သစ်အထက်တန်းလွှာလောကသို့ ဝင်ရောက်ခဲ့၏။ တကယ်တော့ သူက နက္ခတ္တဗေဒပညာကို သိပ်ကျွမ်းကျင်သူမဟုတ်။ သို့သော် သူ၏ ကျမ်းက ၁၅၅၅ မှ ၁၅၅၈ အတွင်း အလွန်ရောင်းကောင်းကြရာ ထိုကျမ်းစာအုပ်တန်ခိုးနှင့် ပိုမိုထင်ရှားလာ၏။

သူ့ကို ကက်သရင်းဘုရင်မကြီး (၁၅၁၉-၅၉) က ဆင့်ခေါ်ကာ တော်ဝင်မိသားစု၏ ဇာတာကို တွက်ချက်ခိုင်း၏။ "နော့စ်ထရာဒေးမတ်စ်" က ပထမ အတော်တုန်လှုပ်သွား၏။ အကယ်၍ သူဟောကိန်းများ မှားယွင်းလျှင် အသက်ခံရမည်။ ယုတ်စွအဆုံး ထောင်ကျခံရမည်။ သို့သော် သူ့ဟောကိန်း အများစုမှန်သွားသဖြင့် သူသည် နဝမမြောက် ချားလ်စ်ဘုရင် (၁၅၅၀-၇၄)၏ အကြေပေးပုဂ္ဂိုလ်နှင့် သမားတော်အဖြစ် ခန့်အပ်ခြင်းခံရ၏။

၁၆ ရာစုနှောင်းပိုင်းကား ဥရောပတွင် ဘာသာရေး ပဋိပက္ခတွေ အလွန်များ၏။ ကက်သလစ်ဘာသာဝင်များနှင့် ပရိုတက်စတင့်ဘာသာဝင်များကြားတွင် အတော်ထိတ်လန့်စရာ ပဋိပက္ခတွေ ဖြစ်၏။ "နော့စ်ထရာဒေးမတ်စ်" က မင်းဆရာ နက္ခတ္တပညာရှင်ဖြစ်နေရာ သူ့ကို ပရိုတက်စတင့်နှင့် ကက်သလစ်ဘာသာဝင်များက ဦးတည်တိုက်ခိုက်ကြ၏။ ထို့ကြောင့် သူက ပါရီမှ လျှင်မြန်စွာထွက်ခွာ၏။ သို့သော်အရ ၁၅၆၁ တွင် အဖမ်းခံရ၏။ ဘုရင့်အမိန့်အရ တားမြစ်ပိတ်ပင်ထားသော ဟောကိန်းစာအုပ်ကို ထုတ်၍ဖြစ်၏။ တော်ဝင်မိသားစု၏ အကူအညီဖြင့် သူထောင်ထဲကြာကြာ မနေရ

ဘဲ လွတ်လာ၏။ နောက်ထပ် ငါးနှစ်အကြာတွင်မူ ကွယ်လွန်ခဲ့၏။ သူသေ မည့်ရက်ကို တွက်ချက်ခဲ့တာ အလွဲကြီးလွဲခဲ့၏။

"နော့စ်ထရာဒေးမတ်စ်" ၏ ဟောကိန်း ၁၀၀၀ ကို ၁၅၆၈ တွင် အပြည့်အစုံထုတ်ဝေခဲ့၏။ သူက ရာစုနှစ် ဆယ်စုခွဲ၍ ဟောခဲ့၏။

သူ၏ ဟောကိန်းများကို အခြေခံ သုံးခုပေါ်မူတည်၍ တွက်ချက်ခဲ့ ၏။ ပထမအချက်က နက္ခတ္တဗေဒပညာအရ တွက်ချက်ခြင်း ဖြစ်၏။ သူ၏ နက္ခတ္တဗေဒပညာအခံက သိပ်မကောင်း၍ တွက်တာချက်တာ လွဲနိုင်၏။ ဒုတိယက ရှေးခေတ် အတိတ်တဘောင်များကို ယူထား၏။ ရင်းမြစ်ကမူ သမ္မာကျမ်းစာမှ အဟောများကို ကောက်နုတ်ထား၏။ ထိုခေတ်က သာမန် လူတစ်ဦးအနေနှင့် သမ္မာကျမ်းစာမူကို ပိုင်ဆိုင်ခွင့်မရှိ။ ဥပဒေနှင့် မညီ။ ထို့ကြောင့် သူသည် စောစောပိုင်း ခရစ်ယာန်စာရေးဆရာများ၏ လက်ရာများ ထဲမှ အချို့ကို ကောက်နုတ်ကူးယူပုံရ၏။

သူ၏ ဟောကိန်းများထဲမှ ဥပမာနှစ်ခုကို ကောက်နုတ်တင်ပြပါ မည်။

တစ်ရာစု ဟောကိန်း ၃၅ နှင့် နှစ်ရာစု ဟောကိန်း ၅၁ တို့ ဖြစ် ပါသည်။

နေပျိုသောခြသေ့်က အိုမင်းသောခြသေ့်ကို အနိုင်ရမည်။ တိုက်ပွဲ အတွင်း တစ်ချီထဲနှင့် နိုင်မည်။

သူက ရန်သူ၏ မျက်လုံးများကို ထုတ်ပြီး ရွှေလှောင်အိမ်ထဲထည့် မည်။ နှစ်တပ်က တစ်တပ်ပေါင်းသည်။ အသေဆိုးနှင့် သေမည်။

ငင်းက ဒုတိယမြောက် ဟင်နရီဘုရင်နတ်ရွာစံခြင်းကို ဟောသည်။ ဟင်နရီဘုရင်က မျက်လုံးတွင် ဒဏ်ရာရပြီး နတ်ရွာစံခဲ့၏။ "ရွှေလှောင် အိမ်" တို့ "နှစ်တပ် တစ်တပ်" တို့က ဘာပြောမှန်းမသိ။ ထိုဟောကိန်း သည် ဟင်နရီဘုရင် နတ်ရွာစံပြီး ၅၅ နှစ်ကြာမှ ဟောသည်ဖြစ်ရာ ယခင်ဖြစ် ရပ်မှန်များပေါ်တွင် တည်ကာ ဓာတ်လမ်းပြန်ဆင်ထားသကဲ့သို့ ဖြစ်နေ၏။

၁၆၆၆ ခုနှစ် လန်ဒန်မီးကို ဟောရာတွင်လည်း-

လန်ဒန်မှာ သွေးတွေလွှမ်း

မိုးကြိုး ၂၃ ကြိမ်နှင့် ခြောက်ခါပစ်

ရှေးဟောင်းအမျိုးသမီးကြီးက အမြင့်မှ ပြုတ်ကျ
ထိုနေရာမှ လူတွေသေကြ။

ဤဟောကိန်းကို အင်္ဂလန်မှ မေရီဘုရင်မကြီး (ဘလပ်ဒီးမေရီ) က ပရိုတက်စတင့်ဘာသာဝင်များကို ၁၅၅၅ မှ ၁၅၅၉ အတွင်း မီးရှို့သတ်ဖြတ်မှုကို ဟောခဲ့၏။

နော့စ်ထရာဒေးမတ်စ်သည် ထိုသို့ပင် အတိတ်ဖြစ်ရပ်များကိုမူတည်ကာ နပိုလျံမင်းဖြစ်လာခြင်းမှ ၉/၁၁ အဖြစ်အပျက်အထိ နောက်ကြောင်းပြန် ဟောကိန်းများဖြင့် အဓိပ္ပာယ်ပြန်ဆိုကြ၏။

နော့စ်ထရာဒေးမတ်စ်က ဗေဒင်ဆရာဆိုတာထက် သူ၏ ဟောကိန်းကဗျာများက ပိုပြီးကဗျာဆန်နေ၏။ တကယ်တော့ နော့စ်ထရာဒေးမတ်စ်က "စာသူခိုး" သာဖြစ်၏။ သူကဗျာဆရာ "ဗာဂျီးလ်" "ဂျူးလီယက်ဆီမာ" "သမိုင်းဆရာ ပလီနီ" "အယ်လ်ဒါ" "လီဗီ" "ပလူတပ်ချ်" "ဆူတိုးနီးယပ်စ်" ခရစ်ယာန်ပညာရှင် "ယူစီဘီးယပ်စ်" "ဂျူလီးယပ်စ်" ဘော့ဘ်စီတွင်းစ်" ပြင်သစ် သမိုင်းဆရာ "ဂျိုင်ဘီးလ်" "ဖရာဆွာ" စသူတို့၏ အတွေးစိတ်ကူးတွေကို သူရယူထား၏။ တစ်ခါတစ်ရံ ကဗျာအပိုဒ်လိုက် ခိုးယူသုံးစွဲထား၏။

တကယ်တော့ နော့စ်ထရာဒေးမတ်စ် အဆင့်က ကျေးလက်တိုင်းရင်းဗိန္ဓေဆရာ၊ နက္ခတ္တဗေဒပညာမတတ်သူ၊ မြွေလမ္ဘာယ်ပြဆေးရောင်းသူ၊ စာသူခိုးနှင့် တမန်တော်အတုပင်ဖြစ်၍ သူ၏ ဟောကိန်းများအားလုံးလိုလို အမှားတွေဖြစ်နေခြင်းကား မဆန်းပါ။

○

တော်လှန်ရေး ဘာတော်လှန်ရေးလဲ

တတိယမြောက် ကျော်ဘုရင်

တော်လှန်ရေး - ဘာတော်လှန်ရေးလဲ
တတိယမြောက် ကျော့ဘုရင်

အဓိကလက်သည် - တတိယမြောက် ကျော့ဘုရင်
ဘာကိုကြိုတင်ပြောခဲ့သလဲ - အမေရိကန်ကိုလိုနီများသည် ဗြိတိသျှ သရဖူအောက်မှ လွတ်လပ်ရေးမရနိုင်
အမှန်တကယ်ဘာဖြစ်လာသလဲ - အမေရိကန်နိုင်ငံ (ယူအက်စ်အေ)

အမေရိကန်လူမျိုးတွေက တော်ရုံတန်ရုံနဲ့ ဒါမှမဟုတ် ဘယ်လိုပုံစံနဲ့မှ ကိုလိုနီကနေ မကျွတ်လွတ်နိုင်ဘူး။

တတိယမြောက်ကျော့ဘုရင် (၁၇၂၈-၁၈၂၀)

ဘာသာရေးအရ အဟောတွေ၊ နက္ခတ္တဗေဒဆိုင်ရာ ကြိုတင်နိမိတ်ဖတ်တာတွေ အသာထားတော့။ လေးနက်သော နိုင်ငံရေးတွက်ချက်မှု မှားယွင်းခဲ့သဖြင့် စစ်တပ်ပျက်စီးခဲ့ရသည်တော့ ရှိ၏။ ၁၈ ရာစုအစောပိုင်းတွင် ဗြိတိန်၏ အမေရိကန် ကိုလိုနီများသည် သဘာဝပတ်ဝန်းကျင် ကြမ်းတမ်းမှုကြောင့် လည်းကောင်း၊ တိုင်းရင်းသား အမေရိကန်လူမျိုးဒေသခံတို့၏ မုန်းတီးမှုကြောင့် လည်းကောင်း၊ စပိန်နှင့် ပြင်သစ်အိမ်နီးနားချင်းတို့၏ ကျူးကျော်မှုဒဏ်ကို ခံခဲ့ကြရ၏။ ထို့နောက် ဗြိတိသျှသရဖူအောက် ရောက်ရ၏။ သို့သော် ထိုရာစုအကုန်လောက်တွင် ကိုလိုနီ ၁၃ ခုက ပြင်းထန်သော

စစ်ပွဲများဖြင့် သူတို့၏ ကိုလိုနီအရှင်သခင်များအား တော်လှန်တိုက်ခိုက်ကြ၏။ ဤသို့ဖြင့် ၄င်းတို့ လွတ်လပ်ရေးရခဲ့၏။

တတိယမြောက် ဂျော့ဘုရင်လက်ထက် ရောက်လာ၏။ စတက်တက်လာခြင်းတော့ သူ့မှာက မျှော်လင့်ချက် အကြီးကြီးတွေရှိ၏။ ကတိကဝတ် ဧရာမကြီးတွေ ပေး၏။ သူက ဂျာမန် ဟန်နိုဗာရီးယန်းမင်းဆက်၏ တတိယမြောက်ဘုရင် ဖြစ်၏။ သူကမှ ဗြိတိသျှလူမျိုးအစစ် ပထမဆုံးမင်း ဖြစ်၏။ သူ့ထက်အရင် ထီးနန်းဆက် ခံသူများသည် သူ့အဘိုးနှင့် သူ့အဘိုးနှစ်ဦးလုံး ဂျော့ဂျီးစီများ ဖြစ်ကြ၏။ သူတို့က အင်္ဂလိပ်ဝေလနှင့် စကော့မျိုးနွယ်တွေ ဖြစ်၏။ ဂျော့ကမူ ငယ်စဉ်ကတည်းက ကွဲပြားစေရန် ပြုလုပ်ခဲ့၏။ ထို့ကြောင့် သူက ဂုဏ်ယူစွာ ကြေညာခဲ့၏။

"ဒီနိုင်ငံမှာ မွေး၊ ဒီနိုင်ငံမှာ ပညာသင်ခဲ့လို့ ကျုပ်က ဗြိတိန်လို့ အမည်နဲ့ အောင်ပွဲခံတယ်။"

သို့ဖြင့် သူအုပ်ချုပ်မင်းလုပ်သည့်အခါ ပြည်တွင်းတွင်ရော၊ နိုင်ငံတကာတွင်ပါ မုန်တိုင်းကျသော ကာလဖြစ်ခဲ့၏။ သူကိုယ်တိုင်ကလည်း စိတ်မမှန်၊ ရူးသွပ်သွပ် ဖြစ်ခဲ့၏။ သူက သူ၏ သားကြီး ဩရသဖြစ်သူ ဝေလမင်းသားဂျော့ (၁၇၆၂-၁၈၃၈)နှင့် မသင့်တင့်။ သူ့ကိုယ်သူ စတုတ္ထမြောက် ဂျော့ဘုရင် ဖြစ်ချင်နေ၏။ ထိုအချိန်ကာလတွင် သူတို့က အမေရိကန်လွတ်မြောက်ရေးစစ်ပွဲ (၁۷۷۵-၈၃) ကို လည်းကောင်း၊ နပိုလျံ၏ ပြင်သစ်နိုင်ငံ (၁۷۹၂-၁၈၁۵) ကို လည်းကောင်း အနိုင်ရထား၏။ သို့သော် သူအုပ်ချုပ်စဉ်ကာလတွင်ပင် အမေရိကန် ကိုလိုနီအင်ပါယာများကို ဆုံးရှုံးခဲ့၏။ ထို့ကြောင့် ကနေဒါ၊ အိန္ဒိယနှင့် ဩစတြေးလျှာဘက်ကို လှည့်ပြီး အုပ်ချုပ်၏။

○

ကာလ်းမာက်စ်

ကာလ်းမာက်(စ်)

အဓိကလက်သည် - ကာလ်းမာက်စ်

ဘာကိုကြိုတင်ပြောခဲ့သလဲ - အရင်းရှင်ဝါဒပြိုကွဲပျက်စီးပြီး ကွန်မြူနစ်ဝါဒအောင်ပွဲခံမည်။

အမှန်တကယ်ဘာဖြစ်လာသလဲ - ကွန်မြူနစ်ဝါဒပြိုလဲကာ အရင်းရှင်ဝါဒအောင်ပွဲခံသည်။

ကွန်မြူနစ်ဝါဒ၏ ဖခင်ကြီးဟု ခေါ်ဆိုကြသူ "ကာလ်းမာက်စ်" (၁၈၁၈-၈၃) နှင့် "ဖရက်ဒရစ်အိန်ဂျယ်(စ်)" (၁၈၂၀-၉၅) တို့သည် "ကွန်မြူနစ်ကြေညာစာတမ်း" ကို ၁۸၄۸ တွင် ရေးသားထုတ်ဝေခဲ့ကြ၏။ ဤစာအုပ်တွင် သမိုင်းနှင့် ဘောဂဗေဒသဘောတရားကို ထုတ်ဖော်ကာ ကမ္ဘာ့သမိုင်း၏ အနာဂတ်ကို လမ်းချပြခဲ့ကြ၏။ သူတို့က အရင်းရှင်ဝါဒ ချုပ်ငြိမ်းကာ ထိုအရင်းရှင်ဝါဒနေရာတွင် ကွန်မြူနစ်ဝါဒက အစားထိုးဝင်ရောက်လာမည်ဟု ဟောကိန်းထုတ်ခဲ့ကြ၏။ သူ့ကို ချစ်သည်ဖြစ်စေ၊ မုန်းသည်ဖြစ်စေ၊ "မာက်(စ်)" ကို ၁၉ ရာစု၏ အရေးအပါဆုံး တွေးခေါ်ရှင် အနေနှင့်ကား လက်ခံရမည်သာ ဖြစ်၏။ သူ၏ သဘောတရားများကြောင့် ၁۹၁۷ ခုနှစ်တွင် ရုရှား၌ လည်းကောင်း ၁۹۶۹ တွင် တရုတ်ပြည်၌လည်းကောင်း၊ ကွန်မြူနစ်တော်လှန်ရေးများ ဖြစ်ခဲ့သည်။

သူ့အတွေးအခေါ်များသည် တစ်စုံတစ်ရာသော အချိန်အခါ၊ တစ်စုံတစ်ရာသော အခြေအနေတွင် အံဝင်ဂွင်ကျ ဖြစ်သော်လည်း ရုပ်ဝါဒသည်

ရေရှည်ကား မတည်မြဲခဲ့။ ၁၉၉၀ တွင် ဆိုဗီယက်၏ ကွန်မြူနစ်ဝါဒပြိုကွဲခဲ့သည်။ တရုတ်ပြည်၏ မော်စီတုံး ကွန်မြူနစ်အာဏာ ဆက်လက်တည်မြဲနေသော်လည်း တကယ်လက်တွေ့လုပ်ဆောင်နေသည်မှာ ကွန်မြူနစ်ဝါဒနှင့် အရင်းရှင်ဝါဒကို ပူးပေါင်းလုပ်ဆောင်နေခြင်းသာ ဖြစ်၏။ ဤသို့ ပုံစံမျိုးဖြင့် တရုတ်ပြည်တိုးတက်လာသည်။ ဝါဒက ကွန်မြူနစ်။ လက်တွေ့လုပ်နေတာက တံခါးဖွင့် စီးပွားရေးစနစ်။

"မာက်စ်"၏ အတွေးအခေါ်များသည် တစ်ချိန်တစ်ခါတွင် တစ်စိတ်တစ်ပိုင်းသာ မှန်ခဲ့၏။ ထို့အတူ ရှရှားနှင့် တရုတ်ပြည်တွင် မာက်စ်ဝါဒကို အသက်သွင်း အကောင်အထည်ဖော်ခဲ့ကြသူများ၏။ "မူ" ကကောင်းသည်ဆိုသော်လည်း "လူ"က မကောင်း။ ထိုနည်းတူ "မူ"ကလည်း သဘောတရားအနေနှင့်သာ အဆင်ပြေသော်လည်း လက်တွေ့အကောင်အထည်ဖော်ရာတွင် မဖြစ်နိုင်တာတွေ များ၍လည်း ဖြစ်၏။ "မာက်စ်" ဆိုလိုတာက တခြား၊ ဘာသာပြန်သူတွေက လွဲမှား၍လည်း ဖြစ်နိုင်၏။

"မာက်စ်" ဝါဒသဘောတရားကို မစိစစ်မလေ့လာမီ သူ့ခေတ်၏ ပညာရည်အဆင့်အတန်းနှင့် လူမှုရေးနောက်ခံတို့ကို ကြည့်သင့်သည်။ "မာက်စ်" ကို မွေးတာက ၁၈၁၈ ခုနှစ်၊ "ပရပ်ရှားဘုရင့်နိုင်ငံတော်" တွင် ဖြစ်၏။ ဂျာမနီ ပေါင်းစည်းရေးမလုပ်မီ ၅၃ နှစ်အလိုက ဖြစ်၏။ ၁၈၇၁ ခုနှစ်မတိုင်မီအထိ ဂျာမနီတွင် လွတ်လပ်သောဘုရင်များ၊ နယ်စားကြီးများ၊ သာသနာပိုင်များက သူတမူ ကိုယ်တမင်းအုပ်ချုပ်ကြရာ၊ ၄င်းတို့အားလုံးကို "ပရပ်ရှားဘုရင့်နိုင်ငံ" က လွှမ်းမိုးထားသည်။ ပြည်နယ်အားလုံးက ဂျာမန်စရိုက်လက္ခဏာ နောက်ခံရှိသော်လည်း ၄င်းတို့သည် ဘာသာရေး၊ ယဉ်ကျေးမှု၊ စက်မှုလုပ်ငန်း၊ နိုင်ငံရေးအတွေးအခေါ်တို့က ကွဲပြားခြားနားလှ၏။ "ပရပ်ရှား" က သက်ဦးဆံပိုင်စနစ်၊ စစ်ဝါဒီ၊ ဒီမိုကရေစီ ဆန့်ကျင်ရေးကို ကိုင်စွဲသော်လည်း ၄င်းသည် ဂျာမန်ပြည်နယ်များထဲတွင် အချမ်းသာဆုံးနှင့် စက်မှုလုပ်ငန်းဖွံ့ဖြိုး တိုးတက်ဆုံးဖြစ်၏။ "မာက်စ်" မွေးဖွားစဉ်ကာလတွင် ဥရောပသည် နှစ် ၂၀ ကြာ စစ်ဒဏ်မှ နာလန်ထူခါစ ဖြစ်၏။ ၁၇၈၉ ခုနှစ် ပြင်သစ်တော်လှန်ရေး ပထမမြောက် ဧကရာဇ် နပိုလီယံ (၁۷۶۹-၁۸၂၁) ၏ နောက်ဆက်တွဲ စစ်များဒဏ်ကို

ခံခဲ့ရ၏။ ''နပိုလျံ'' က တိုက်ကြီး၏ တစ်ဝက်မျှကို အောင်နိုင်ခဲ့သည်။ ၁၈၁၅ ကျမှသာ ''ပရပ်ရှား'' နှင့် ''ဗြိတိန်'' တို့ ပူးပေါင်းစစ်ဆင်သော ''ဝါတာလူးတိုက်ပွဲ'' တွင် ကျရှုံးခဲ့ခြင်း ဖြစ်၏။ ''နပိုလျံ'' က ဇကရာဇ် တစ်ပါးဖြစ်သော်လည်း သူက ''အလင်းဖွင့်ခေတ်'' နှင့် ''ပြင်သစ်တော်လှန်ရေး'' ၏ ရလဒ်များကို ကောင်းစွာသိသူဖြစ်၏။

''မာက်စ်'' ၏ ဖခင်က ဂျူးမျိုးနွယ် ဖြစ်၏။ ''ပရပ်ရှား'' နိုင်ငံတော်တွင် ဂျူးလူမျိုးများကို နှိပ်ကွပ်ချိန်တွင် သူက ဂျူးဘာသာ ဓလေ့ထုံးတမ်းများကို ခွင့်လွှတ်ခဲ့၏။ ထို့နောက် သူ၏ ဥပဒေအလုပ်ကို ဆက်လုပ်၏။ ထို့ကြောင့် ''မာက်စ်'' တို့ မိသားစုမှာ မည်သည့်နိုင်ငံရေး အနှောင်အဖွဲ့မှ မရှိဘဲ လွတ်လပ်စွာ ရှင်သန်ခဲ့ကြ၏။ ၁၈၃၀ တွင် ''မာက်စ်'' က ''တရိုင်ယာမြို့'' တွင် အထက်တန်းပညာသင်၏။ ထို့နောက် ''ဘွန်း'' တက္ကသိုလ်တက်သည်။ ပြီးတော့ ဘာလင်တွင် ဥပဒေပညာသင်၏။ ''မာက်စ်''က တကယ်တော့ ဥပဒေပညာထက် စာပေနှင့် ဒဿနိကကို ပိုဝါသနာပါ၏။ သူက ''ဗော်လတဲယား'' (၁၆၉၄-၁၇၇၈) ''ကန့်'' (၁၇၂၄-၁၈၀၄) စသည့် ဒဿနိကဆရာများ၏ သဘောတရားများကို နှစ်သက်သည်။ သူက အစွန်းရောက် ကျောင်းသားအုပ်စု ဖြစ်သည့် ''ဟီဂယ်ဝါဒီလူငယ်များ'' အဖွဲ့တွင်လည်း ပါဝင်ဖူး၏။ သူတို့က ''ဂျော့ဟီဂယ်'' (၁၇၇၀-၁၈၃၁) တွင် နိုင်ငံရေးဒဿနများကို သဘောကျကြ၏။ ၁၈၄၁ တွင် သူ ဒဿနိကဘာသာဖြင့် ပါရဂူဘွဲ့ရ၏။ သူက ပရပ်ရှားနိုင်ငံ၏ ဥပဒေတွေ၊ အသိုက်အဝန်းတွေနှင့် လိုက်လျောညီထွေမနေနိုင်။ ထို့ကြောင့် သူက အစိုးရဝန်ထမ်းမလုပ်ဘဲ နိုင်ငံရေး စာရေးဆရာနှင့် သတင်းစာဆရာ အဖြစ်သာ လုပ်ကိုင်ခဲ့၏။

''ပရပ်ရှား'' နိုင်ငံတွင် စာပေနှင့် အတွေးအခေါ် လွတ်လပ်မှု မရှိ။ ဆင်ဆာစနစ်တွေ အလွန်တင်းကြပ်၏။ ထို့ကြောင့် ''မာက်စ်'' နှင့် အခြား ဂျာမန်ပညာတတ်များက ပြင်သစ်နိုင်ငံ ပါရီမြို့သို့ ပြောင်းရွှေ့နေထိုင်ကြ၏။ ၁၈၄၅ တွင် သူပြည်နှင်ဒဏ်ခံရ၍ ''ဘယ်လ်ဂျီယမ်'' နိုင်ငံ ''ဘရပ်ဆယ်လ်'' သို့ ပြောင်းရွှေ့နေထိုင်ရ၏။ ထိုနေရာတွင် သူနှင့် ''အိန်းဂျယ်လ(စ်)'' တို့က ''ကွန်မြူနစ်ကြေညာစာတမ်း'' ကို ရေးသားခဲ့ကြ၏။

"မာက်စ်" က ၁၈၄၈ တွင် ဥရောပ၌ ဖြစ်ပွားသော တော်လှန်ရေးများကို ထောက်ခံ၏။ ထို့ကြောင့် သူ့ကို "ဘယ်လ်ဂျီယမ်" က ပြည်နှင်ဒဏ်ပေးပြန်သည်။ ထို့ကြောင့် သူသည် ဗြိတိသျှနိုင်ငံ၏ မြို့တော်လန်ဒန်သို့ ရောက်လာ၏။ သူ့ဘဝ လက်ကျန်နောက်ပိုင်းကို သူလန်ဒန်တွင်သာ နေခဲ့၏။ သူက ကွန်မြူနစ်လူပ်ရှားမှုများကို အားပေးရင်း အလွန်လေးနက်လှသော ကျမ်းကြီးကို သုံးတွဲစာရေးသားခဲ့၏။ အရင်းရှင်စနစ်ကို စေ့စေ့စပ်စပ် သုံးသပ်ကာ ၄င်း၏ ကျရှုံးမှုများကို ရေးသားထားသော "အရင်ကျမ်း" သုံးတွဲက သူ၏ မဟာလက်ရာပင် ဖြစ်၏။ ပထမတွဲကို ၁၈၆၇ ခုနှစ်တွင် ထုတ်ဝေ၏။ ဒုတိယတွဲက ၁၈၈၅။ တတိယတဲက ၁၈၉၄။

သူ ပြင်သစ်၊ ဘယ်လ်ဂျီယမ်နှင့် လန်ဒန်တို့တွင် ပြည်နှင်ဒဏ်ခံပြီးနေထိုင်ရစဉ် သူက အခွင့်ထူးခံ လူလက်တန်းစားမှ ပေါက်ဖွားကြီးပျင်းလာရသူ ဖြစ်သော်လည်း ၁၉ ရာစု ပထမနှစ်ဝက်က အလုပ်သမားလူတန်းစားအကြောင်း ကောင်းကောင်း လေ့လာခွင့်ရခဲ့၏။ ဝိတိုရိယခေတ် စောစောပိုင်းတွင် အင်္ဂလန်ရှိ အလုပ်သမား အမျိုးသား၊ အမျိုးသမီးတို့၏ ဘဝသည် မည်မျှထိ နိမ့်ကျဆိုးရွားခဲ့သည်ကို စာရေးဆရာ "ချားလ်စ်ဒစ်ကင်း(စ်)" (၁၈၁၂-၇၀) ၏ ဝတ္ထုများတွင် ထင်းထင်းပြက်ပြက် တွေ့ရ၏။ "ဒစ်ကင်း(စ်)"နှင့် "မာက်စ်" က ခေတ်ပြိုင်ဖြစ်၏။ "ဒစ်ကင်း(စ်)"က လူမှုရေး ပြုပြင်ရေးသမား၊ လူသားဝါဒီ ဖြစ်၏။ တစ်ပြည်တစ်ရွာမှ ပြောင်းလာသူများသည် ဥရောပသို့ ရောက်လာကြကာ၊ စက်မှုထွန်းကားရာ မြို့ကြီးများတွင် နေကြ၏။ အလုပ်ပင်ပန်းသလောက် ရသည့်လခက နည်း၏။ ကျန်းမာရေးစောင့်ရှောက်မှု၊ အလုပ်သမားသမဂ္ဂတို့ မရှိ။ အလုပ်သမားအခွင့်အရေးကို ကာကွယ်ပေးသော နိုင်ငံရေးပါတီများ မရှိ။ အလုပ်သမားလူတန်းစားကား အခြေခံနင်းပြား လူတန်းစားအဖြစ် ဆိုးရွားစွာ အသက်ရှင်နေထိုင်ကြရသည်။

ထို ၁၉ ရာစု အရင်းရှင်ဝါဒကို "မာက်စ်" က ကောင်းကောင်းသိ။ အလုပ်သမားများ ခေါင်းပုံဖြတ်ခံရပုံ၊ လုပ်အား၏ တန်ဖိုးတို့ကို သူက

တွက်ချက်ပြသည်။ အလုပ်သမားများက သူတို့၏ လုပ်အားများကို မတန်မဆ နည်းပါးသော လခများနှင့် လဲလှယ်နေရသည်ကို သူ မကျေနပ်။

ထို့ကြောင့် မာက်စ်က "အစွန်းထွက်တန်ဖိုး" ကို တွက်ပြ၏။ အရင်းရှင်တို့က အလုပ်သမားတို့၏ တပင်တပန်း နဖူးကချွေး ခြေမကျသည့် တိုင်အောင် လုပ်ခဲ့ကြရသော လုပ်အားကို ခေါင်းပုံဖြတ် မတရားလုပ်သည်ကို "မာက်စ်"က ကွင်းကွင်းကွက်ကွက် တွက်ပြလိုက်သော "အစွန်းထွက်တန်ဖိုး" သဘောတရားကား သမိုင်းတွင်ခဲ့၏။ နည်းပညာသစ်များ အကူအညီနှင့် အလုပ်သမားလုပ်အားကို မတရားအသုံးချခဲ့ကြသော အလုပ်ရုံစက်ရုံများက အလွန်တိုးတက်ခဲ့၏။ ဓနဋ္ဌေကြေးကိုသာ ရင်းနှီးပြီး စက်ရုံ အလုပ်ရုံ ထူထောင်ကြသူများက အလွန်ချမ်းသာလာကြ၏။ သူတို့၏ ချမ်းသာကြွယ်ဝမှုများကို အကြောင်းပြုကာ အုပ်ချုပ်သူ အာဏာပိုင်တို့က သူတို့ အိပ်ထဲထည့်ထားနိုင်သဖြင့် တရားစီရင်ရေးကလည်း တစ်ဖက်စောင်းနင်းဖြစ်လာ၏။ လုပ်အားတန်ဖိုးတွေက လျော့ကျလာသည်။ ဤသို့ဖြင့် အရင်းရှင်စနစ်ဘောင်တွင် အလုပ်သမားတို့က ပြားပြားမှောက်။ မတရားအလုခံနေကြရသည်။ ဤသို့ဖြင့် ကြာလာတော့ ပစ္စည်းမဲ့ လူတန်းစားက ပုန်ကန်ထကြွလာကြမည်။ ဤသို့ဖြင့် မကြာလှ၏။ တစ်နေ့တွင် အရင်းရှင်ဝါဒ ပြိုကွဲချုပ်ငြိမ်းသွားမည်ဟု "မာက်စ်"က ကြိုတင်နိမိတ်ဖတ်ခဲ့သည်။

သို့သော် နှစ် ၂၀ ရာစုကား သူ့ဟောကိန်းတွက်သကဲ့သို့ မဟုတ်ဘဲ ပြောင်းပြန်ဖြစ်လာသည်။ အမေရိကနှင့် အဓိက ဥရောပနိုင်ငံကြီးများသည် တဖြည်းဖြည်း လူမှုရေးနှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို လုပ်လာကြ၏။ ထို့ကြောင့် အလုပ်သမား လူတန်းစားတို့၏ လူနေမှုဘဝက တိုးတက်လာမည်။ ကွန်မြူနစ်ဝါဒကို ကျင့်သုံးကြသော ရုရှားနှင့် တရုတ်တို့၏ စီးပွားရေးနှင့် စက်မှုလုပ်ငန်းများက ကမ္ဘာပေါ်တွင် အနိမ့်ကျဆုံးဖြစ်လာ၏။ ကမ္ဘာပေါ်တွင် လယ်ယာစီးပွားရေးနှင့် လူမှုရေးစနစ်များက "မာက်စ်" ၏ "အရင်းကျမ်း" တွင် ဖော်ပြထားသည်များနှင့် မတူကွဲပြားခြားနားလာ၏။

မာက်စ်-လီနင်ဝါဒနှင့် မက်စ်-မော်ဝါဒတို့သည် ရုရှားနှင့် တရုတ်တွင် သိသိသာသာ ကျရှုံးသွား၏။

တရုတ်ပြည်က "မာက်စ်-မော်" ဝါဒကို သဘာတရားအဖြစ်သာ လက်ကိုင်ထားပြီး တံခါးဖွင့်ဝါဒနှင့် ဈေးကွက်စီးပွားရေးဝါဒကို ပြောင်းလဲ လုပ်ဆောင်ခဲ့၏။ တရုတ်ပြည်က "မာက်စ်" ဝါဒကို နာမည်အနေနှင့်သာ ခံယူထားပြီး လုပ်ဆောင်မှုများမှာ အရင်းရှင်ပုံစံသာ ကျင့်သုံး၏။

၂၁ ရာစုတွင် "မာက်စ်"ဝါဒကား သမိုင်းထဲတွင်သာ မှတ်တမ်း အဖြစ် ကျန်နေခဲ့ကာ လက်တွေ့သုံးစွဲသူရှိတော့မည် မဟုတ်။

○

ဘယ်သူက
ဒါကို သုံးချင်ကြမှာလဲ

ရှေးဘုရင်ဒီဗီဟေး(စ)

ဘယ်သူက ဒါကိုသုံးချင်ကြမှာလဲ - ရှုသာဖို့ဒ်ဘီဟေး(စ်)

အဓိကလက်သည် - ရှုသာဖို့ဒ်ဘီဟေး(စ်)
ဘာကိုကြိုတင်ပြောခဲ့သလဲ - တယ်လီဖုန်း၏ ကျဆုံးခန်း
အမှန်တကယ်ဘာဖြစ်လာသလဲ - လက်ကိုင်ဖုန်း ၄.၆ ဘီလျံရှိနေပြီး အရေအတွက် ဆက်လက် တိုးပွားဆဲ

ဒါက တော်တော်ကြီးမားတဲ့ တီထွင်မှုပဲ။ ဒါပေမဲ့ ဘယ်သူက ဒါကို သုံးချင်ကြမှာလဲ။

(၁၈၇၆ တွင် တယ်လီဖုန်း တီထွင်ထားသည်ကို ကြည့်ပြီး သမ္မတ ရှုသာဖို့ဒ်ဘီဟေး(စ်) ပြောသောစကား)

စက်မှုတော်လှန်ရေး နောက်ပိုင်းတွင် တီထွင်မှုတွေ တစ်ခုပြီးတစ်ခု ပေါ်လာ၏။ ဒုတိယစက်မှု တော်လှန်ရေးဖြစ်ထွန်းပြီးနောက်တွင် တီထွင်မှုများစွာသည် နှစ်ဆယ်ရာစု၏ ကျွန်ုပ်တို့ နေ့တရုဝသုံးသော ပစ္စည်းများစွာ ဖြစ်လာ၏။ ဥပမာ- လျှပ်စစ်ဓာတ်မီး၊ ရေဒီယို၊ အင်ဂျင်စက်၊ တယ်လီဖုန်း စသဖြင့်။ တယ်လီဖုန်းကို "အလက်ဇန်ဒါဂရေဟမ်ဘဲယ်လ်" (၁၈၄၇-၁၉၂၂) ဆိုသော သိပ္ပံပညာရှင်၊ အင်ဂျင်နီယာ၊ တီထွင်သူက တီထွင်ခဲ့သည်။ သူ တီထွင်ကာစတွင် သူသည် သူ့ပစ္စည်းမူပိုင်ခွင့်နှင့် ပတ်သက်၍ ဥပဒေပိုင်းဆိုင်ရာ အခက်အခဲများစွာကို ရင်ဆိုင်ခဲ့ရသည်။ သူ၏ တီထွင်မှုသည် "အီလီရှာဂရေး" (၁၈၃၅-၁၉၀၁) ၏ တီထွင်မှုကို ခိုးယူထားသည်ဟူ

သော စွပ်စွဲမှုများနှင့် ရင်ဆိုင်ရ၏။ အချို့ကလည်း ''ဂရေး'' ၏ မူပိုင်ခွင့်ကို ''ဘဲယ်လ်'' က တရားရုံးအား လာဘ်ထိုး၍ မောင်ပိုင်စီးခဲ့သည်ဟု ဆိုကြ၏။

မည်သို့ဆိုစေ ၁၈၇၆ တွင် အမေရိကန်ပြည်၌ တယ်လီဖုန်းကို တီထွင်သူသည် ''ဘဲယ်လ်'' သာ အတည်ဖြစ်ခဲ့၏။ ''ဘဲယ်လ်'' တီထွင်စက တယ်လီဖုန်းပုံမှာ ယခုဆံပင်အခြောက်ခံစက် (ဒရိုင်ယာ)နှင့် ပုံစံပို တူ၏။ နားထောင်လည်း ဒီတစ်ပေါက်။ ပြောလည်း ဒီတစ်ပေါက်။ အပေါက်က တစ်ခုထဲ။ ပါးစပ်တစ်လှည့်၊ နားတစ်လှည့်၊ တစ်လှည့်စီ သုံးရ၏။ အသံက ကြားရတာတိုးသဖြင့် မနည်းကြီးအော်ပြောမှ တန်ကာကျ၏။

ပထမဦးဆုံး တယ်လီဖုန်းသံကို မှတ်တမ်းတင်ရလျှင် ၁၈၇၆ ခုနှစ် မတ်လ ၁၀ ရက်ဟု ဆိုရမည်။ ထိုနေ့တွင် ''ဘဲယ်လ်'' က သူ့လုပ်ဖော်ကိုင်ဖက် တစ်ဦးကို စပြောသည်။

''မစ္စတာ ဝပ်ဆင်၊ ဒီကိုလာလေ။ ကျွန်တော် ခင်ဗျားကို တွေ့ချင်တယ်''

တကယ်တော့ ''ဘဲယ်လ်'' နှင့် သူ့အဖော်တို့ စကားပြောနေကြတာက ဟိုဘက်ခန်းနှင့် ဒီဘက်ခန်း။ တယ်လီဖုန်းမသုံးဘဲ အော်ပြောလျှင်ပင် ကြားရမည့် အကွာအဝေး။ သို့သော် အမှန်တကယ် တယ်လီဖုန်းစပြီး အသုံးပြုသည့်နေ့ကိုကား ထိုနေ့ဟုပင် မော်ကွန်းထိုးထားကြရမည်။

သြဂုတ်လတွင် ''ဘဲယ်လ်'' သည် သူ့အိမ်မှနေ၍ ငါးမိုင်ဝေးသော ကြေးနန်းရုံးသို့ ဖုန်းဆက်၏။ ဖြစ်ကတတ်ဆန်း တယ်လီဖုန်းလိုင်းကြိုးတွေ၊ တယ်လီဖုန်းတိုင်တွေကို သုံး၏။ ထိုနေ့မှစ၍ အများပြည်သူသုံး တယ်လီဖုန်းဖြစ်လာ၏။

''ဘဲယ်လ်'' က သူ၏ တီထွင်မှုကို ''ဖီလာဒဲလ်ဖီးယားပြည်နယ် ပြပွဲ'' တစ်ခုတွင် ပြသကာ၊ ကမ္ဘာ့စင်မြင့်ပေါ်တင်ခဲ့၏။ အမေရိကတစ်ခွင် လုံးနှင့် ပင်လယ်ရပ်ခြားများက အလွန်စိတ်ဝင်စားကြ၏။ ထိုအထဲတွင် ဗြိတိန်မှ ဝိတိုရိယဘုရင်မကြီး (၁၈၁၉-၁၉၀၁) လည်း ပါ၏။ သူက အလွန်ထူးဆန်းသော တီထွင်မှုဟု မှတ်ချက်ချ၏။ လူအတော်များများကမူ သိပ်ဘဝင်မတွေ့ကြသေး။ ''ဘဲယ်လ်'' က သူ၏ တီထွင်မှုကို ''ဝက်စ်

တန်းယူနိုယ်'' ကြေးနန်းကုမ္ပဏီသို့ ဒေါ်လာ ၁၀၀,၀၀၀ နှင့် ရောင်းရာ ထိုကုမ္ပဏီဥက္ကဋ္ဌက ငြင်းပယ်၏။

''ဒီတယ်လီဖုန်းက ဆက်သွယ်ရေးပိုင်းဆိုင်ရာအနေနဲ့ အသုံးချဖို့ တော်တော်ကို လိုအပ်ချက်တွေ ရှိနေသေးတယ်။ ဒါက ကျွေးပ်တို့အတွက် ဘယ်လိုမှ တန်ဖိုးမရှိတဲ့အရာပဲ'' ဟု မှတ်ချက်ချခဲ့၏။

တယ်လီဖုန်းအပေါ် သံသယဝင်သူ နောက်တစ်ဦးက သမ္မတ ''ရူဆာဖို့ဒ်ဘီဟေး(စ်)'' (၁၈၂၂-၉၃) (အမေရိကန်သမ္မတအဖြစ် ၁၈၇၇ မှ ၁၈၈၁ ထိ တာဝန်ထမ်းဆောင်ခဲ့သူ) ဖြစ်သည်။ ''ဟေး(စ်)'' သည် အိုဟိုင်ယိုပြည်နယ်၊ ပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် သက်တမ်းနှစ်ခုတိုင် တာဝန်ထမ်းဆောင်ခဲ့ဖူး၏။ ၁၈၆၁-၆၅ ပြည်တွင်းစစ်တွင် ပါဝင်တိုက်ခိုက်ကာ ဗိုလ်ချုပ်ရာထူးဖြင့် အငြိမ်းစားယူခဲ့သည်။ သူ၏ ရဲရဲဝံ့ဝံ့ စွန့်စားမှုများကို စစ်သမိုင်းတွင် မှတ်တမ်းတင်ထားရ၏။ ထို့နောက် သူသည် ရီပတ်ပလီကန်ပါတီမှနေ၍ သမ္မတရွေးကောက်ပွဲဝင်ခဲ့သည်။ ထိုနှစ်က ရွေးကောက်ပွဲသည် အမေရိကန်သမိုင်းတွင် အငြင်းပွားမှု အများဆုံးရွေးကောက်ပွဲ ဖြစ်ခဲ့၏။ မူလက သူသည် မဲအများစုဖြင့် ရှုံးတော့မလို ဖြစ်ခဲ့၏။ သို့သော် တောင်ပိုင်း ဒီမိုကရက်တစ်ပါတီဝင်များနှင့် သူက အပေးအယူလုပ်ခဲ့၏။ ပြည်တွင်းစစ်ပြီးလျှင် ပြည်ထောင်စုတပ်ဖွဲ့များကို ဆုတ်ခွာရုပ်သိမ်းပေးမည် ဟု သူက ကတိပေးပြီး မဲဆွယ်ခဲ့၏။ ထိုနှစ် ရွေးကောက်ပွဲက လာဘ်ပေး လာဘ်ယူမှုတွေ၊ အကျင့်ပျက်ခြစားမှုတွေ တစ်ပုံတစ်ပင် ရှိခဲ့၏။

''ဘဲယ်လ်'' က ၁၈၇၆ တွင် တယ်လီဖုန်းကို ''ဟေးစ်''အား ပြ၏။ သူက တီထွင်မှုကို ချီးကျူးသော်လည်း ဘယ်သူက သုံးချင်မှာမို့လဲ ဟု မေးခွန်းထုတ်ခဲ့၏။ သို့သော် သူ၏ အယူအဆကို နောက်နှစ်များ မကြာမီ ချေဖျက်သွား၏။ နိုင်ငံတကာ ဆက်သွယ်ရေးကွန်ရက်က အလျင် အမြန် တိုးတက်လာသည်။ ယခင်တစ်ခေတ်ကမူ တယ်လီဖုန်းကို အထင် မကြီးမှုများထဲတွင် ဗြိတိသျှစာတိုက်ကြီးမှ အင်ဂျင်နီယာချုပ် ''ဝီလျံ ပရီး(စ်)'' လည်း ပါ၏။

သူက ''တယ်လီဖုန်းကို အမေရိကန်တွေအတွက်တော့ လိုချင်လို

မယ်။ ဒါပေမဲ့ ငါတို့တော့ဖြင့် မလိုဘူး။ ငါတို့မှာ ခြေမြန်တော်ကောင်လေးတွေ အများကြီးရှိတာပဲ'' ဟု ပြောခဲ့၏။

တယ်လီဖုန်းစထွင်ကာစက စကားပြောခွက်ရော၊ နားထောင်ခွက်ရော တစ်ခုထဲပဲ။ နောက်ပြီး ခေါင်းလောင်းသံ၊ အချက်ပေးသံလည်း မပါ။ သို့သော် နောက်ပိုင်းတွင် ချို့ယွင်းမှုများကို တစ်ခုစီ ပြင်လာ၏။

ပထမကြိုးဖုန်း။ နောက်တော့ လက်ကိုင်ဖုန်းများ။ (ကမ္ဘာပေါ်တွင် လက်ကိုင်ဖုန်း ၄.၆ ဘီလျံကျော်ရှိနေပြီ)။

တယ်လီဖုန်းတီထွင်သူ ''အလက်ဇန်ဒါဂရေဟမ်ဘယ်လ်'' ကမူ သူ၏ တီထွင်မှုကိုမူ ကောင်းစွာယုံကြည်ခဲ့၏။ ထို့ကြောင့် သူက-

''တယ်လီဖုန်း တီထွင်မှုဟာ သိပ်အရေးပါတဲ့ တီထွင်မှုပဲ။ တစ်နေ့ကျရင် မြို့တိုင်းမှာ အနည်းဆုံး တယ်လီဖုန်းတစ်ခုတော့ ရှိလာစေရမယ်''

○

ရေဒီယို ဆိုတာ
အလကား

တော့ခ် ကယ်လ်ဝင်

ရေဒီယိုဆိုတာ အလကား - လော့ဒ်ကယ်လ်ဗင်

အဓိကလက်သည် - လော့ဒ်ကယ်လ်ဗင်

ဘာကိုကြိုတင်ပြောခဲ့သလဲ - ရေဒီယိုဆိုတာ လက်တွေ့မှာ ဘာမှ အသုံးမဝင်ဘူး။

အမှန်တကယ်ဘာဖြစ်လာသလဲ - လူတိုင်းအသိ

"ရေဒီယိုမှာ အနာဂတ်မရှိပါဘူး"

ဝီလျံတွမ်ဆင်-ပထမမြောက် ကယ်လ်ဗင်မြို့စားကြီး (၁၈၉၇)

ဒုတိယစက်မှုတော်လှန်ရေးခေတ် (၁၈၂၀-၁၉၁၄) တွင် အထင်ရတီထွင်မှုများစွာ ပေါ်ခဲ့၏။ တီထွင်မှုစကာစတွင် လူတွေက သိပ်အထင်မကြီးကြ။ လူပြိန်းတွေ၊ ပညာမဲ့တွေက အထင်မကြီးတာ အသာထား။ ထိုခေတ်က ပညာတတ်ဆိုသူတွေ၊ မှူးကြီးမတ်ကြီးတွေ၊ ဂုဏ်သရေရှိ အထက်တန်းလွှာတွေကပါ လက်မခံကြ။ ထိုသူများထဲက တစ်ဦးကို ပြောပါမည်။ သူက စကော့လူမျိုး သင်္ချာပညာရှင်၊ ရူပဗေဒပညာရှင်၊ အင်ဂျင်နီယာ "ဝီလျံတွမ်ဆင်" (သူ့ကို သူကောင်းပြုထားသဖြင့် လော့ဒ်ကယ်လ်ဗင် (၁၈၂၄-၁၉၀၇) ဟုလည်း ခေါ်၏။) ထိုခေတ်ထိုအခါက သူသည် တကယ့် လျှန်းလျှန်းတောက် သိပ္ပံပါရဂူဖြစ်၏။ သို့သော် သူကပင်လျှင် "ရေဒီယိုမှာ အနာဂတ်မရှိပါဘူး" ဟု ပြောခဲ့၏။ သူက ထိုသို့ပြောသည့် အပြင် အိပ်စ်ရေးဆိုတာ စိတ်ကူးယဉ်သက်သက်၊ လေယာဉ်ပျံဆိုတာ လေထက်လေးလို့ အောက်ကိုပြုတ်ကျမှာပေါ့ စသည်တို့ကိုပါ ပြောခဲ့ဖူး၏။

ရေဒီယိုပေါ်လာတာက ၁၉၂၀ ဝန်းကျင်ဖြစ်သည်။ ၁၉ ရာစု နောင်းပိုင်းတွင် ရေဒီယိုကို "ဝိုင်ယာလက်ကြေးနန်း" ဟုသာ အသိများကြ၏။ တယ်လီဖုန်း မတီထွင်နိုင်မီ ဝါယာကြိုးကြေးနန်းက ဝေးလံသော ဒေသတစ်ခုနှင့် တစ်ခု ဆက်သွယ်ရန် တစ်ခုတည်းသော နည်းလမ်းသာ ဖြစ်၏။ သတင်းများကို မော့စ်ကြေးနန်းသင်္ကေတများဖြင့် ဖလှယ်ကာ တစ်နေရာမှ တစ်နေရာသို့ ပို့ကြရ၏။ ထိုသတင်းများကိုမှတစ်ဖန် ဆက်သားကို အသုံးပြုကာ တစ်နေရာမှ တစ်နေရာသို့ သတင်းဖြန့်ရ၏။

၁၈၆၀ ပတ်ဝန်းကျင်တွင် အမေရိကန်မှ ဥရောပနှင့် အာရှသို့ သမုဒ္ဒရာကို ဖြတ်ပြီး ကြေးနန်းကြိုးများ ဆက်သွယ်နိုင်ခဲ့၏။ သို့သော် စနစ်က တော်တော် မပြည့်စုံသေး။ သင်္ဘောပေါ်ရောက်နေလျှင် သမုဒ္ဒရာကို ဖြတ်ပြီးသွားနေသော ကာလ၌ ပြင်ပကမ္ဘာနှင့် အဆက်အသွယ် လုံးဝပြတ်နေပြီ။ ထို့ကြောင့် သင်္ဘောတွေ အခက်အခဲကြုံလျှင် ကြေးနန်းကြိုးမရှိသဖြင့် အဆက်အသွယ် မရကြပေ။ ထို့ကြောင့် နစ်ကြဖြုတ်ကြတာတွေ များ၏။ ထိုနောက်ပိုင်းတွင် ဝိုင်ယာလက် ဆက်သွယ်မှုစနစ်ပေါ်လာတော့ အဆင်ပြေလာ၏။

ဝါယာလက် ဆက်သွယ်မှုစနစ်ကို စတင်စမ်းသပ်သူမှာ အိန္ဒိယလူမျိုး "ဂျာဂါဒစ်ရ်ချန်ဒရာဘို့စ်" (၁၈၅၈-၁၉၃၇) ဖြစ်သည်။ သူနှင့်အတူ ရုရှားလူမျိုး အလက်ဇန်ဒါပိုပေါ့ဖ် (၁၈၅၉-၁၉၀၅) အီတလီလူမျိုး ဂူဂလီယယ်မိုမာကိုနီနှင့် "ဆာမ်နီကိုလာတက်စလာ" (၁၈၅၆-၁၉၄၃) တို့ ဖြစ်ကြသည်။ နောက်ပိုင်းတွင် "မာကိုနီ" က ဗြိတိသျှနှင့် အမေရိကန်ဈေးကွက်များကို လွှမ်းမိုးခဲ့၏။ ပထမဆုံး သူတို့က သင်္ဘောမှ ကမ်းခြေသို့ အဆက်အသွယ်လုပ်ကြ၏။ ၁၉၁၂ ခုနှစ်တွင် "တိုက်တန်းနစ်သင်္ဘောပျက်သော အခါ သင်္ဘောကြီးများသည် ဝိုင်ယာလက်ရေဒီယိုစက်တွေ မသယ်မဖြစ်သယ်သွားကြရ၏။

"ဝီလျံတွမ်ဆင်" သည် ၁၉ ရာစု အလယ်ပိုင်းတွင် နာမည်ကျော် သိပ္ပံပညာရှင်ကြီး ဖြစ်၏။ သူက ရူပဗေဒဘာသာရပ်တွင် ထူးချွန်သကဲ့သို့ နောက်ပိုင်းတွင် အင်ဂျင်နီယာအနေနှင့် ကျော်ကြား၏။ သူ၏ ဖခင်က သခင်္ဂါပါမောက္ခ ဖြစ်သည်။ "တွမ်ဆင်" က "ဘယ်လ်ဖတ်စ်" "ဂလတ်

စဂို'' နှင့် ''ကင်းဘရစ်ရ်'' တို့တွင် ပညာသင်ကြားခဲ့၏။ သူက ပညာထူးချွန်သဖြင့် အသက် ၂၂ နှစ်တွင် ဂလတ်စဂိုတက္ကသိုလ် သဘာဝဒဿနိကဌာနတွင် ပါမောက္ခရာထူးရခဲ့၏။ သူက သူ့ထက် အသက်အနည်းငယ် ငယ်သူများကိုပင် ဆရာလုပ်ခဲ့ရ၏။ အထူးသဖြင့် ရူပဗေဒဘာသာရပ်၏ ''သာမိုဒိုင်းနမစ်'' နှင့် ''အီလက်ထရိုဒိုင်းနမစ်'' ဘာသာရပ်များတွင် အသစ်ရှာဖွေတွေ့ရှိမှုများ လုပ်နိုင်ခဲ့၏။ ''သာမိုဒိုင်နမစ်၏ ဒုတိယဥပဒေသ'' ကို ဖော်မြူလာထုတ်နိုင်ခဲ့ပြီး ''လုံးဝသုညပ'' အပူချိန် (-၂၇၃ ဒီဂရီစင်တီဂရိတ်) ကို ၁၈၄၈ တွင် ရှာဖွေဖော်ထုတ်နိုင်ခဲ့၏။ ထို့ကြောင့်ပင် ယခုတိုင် ''ကယ်လ်ဗင် အပူချိန်အမှတ်အသား'' ဟူ၍ သူ့အမည်ကို ဂုဏ်ပြုခေါ်ဆိုသုံးနှုန်းနေကြဆဲ ဖြစ်၏။

၁၈၅၀ တဝိုက်တွင် သူက အရှေ့ကမ္ဘာနှင့် အနောက်ကမ္ဘာကို ဆက်သွယ်မည့် သမုဒ္ဒရာဖြတ် ကြေးနန်းကို စိတ်ဝင်စားပြီး သုတေသနလုပ်၏။ အတ္တလန်တိတ်သမုဒ္ဒရာကို ဖြတ်သော ၁၈၅၈ က ပထမကြေးနန်းကြိုး ချသည့် စမ်းသပ်မှုတွင်ပင် ပါဝင်ခဲ့၏။ သူက သိပ္ပံပြီးလျှင် သူချစ်တာက ပင်လယ်ဖြစ်၏။ ထို့ကြောင့် သူက ပင်လယ်ရေအောက် ကြေးနန်းဆက်သွယ်မှုကို ဆက်လုပ်ကာ ပြင်သစ်နှင့် အမေရိကကြို ဆက်သွယ်သော ကြေးနန်းကြိုးများကို သူလုပ်ခဲ့၏။ ထို့အတူ ဘရားဇီးလ်ကမ်းခြေတစ်လျှောက် ကြေးနန်းကြိုးချခဲ့၏။ သူ့တစ်သက်တာတွင် သိပ္ပံစာတမ်းပေါင်း ၆၀၀ ရေးခဲ့၏။ တီထွင်မှု ၇၀ လုပ်ခဲ့၏။

သို့သော် သူက အသက်ကြီးလာတော့ အတွေးအခေါ်တွေ ပြောင်းလာ၏။ သူငယ်စဉ်က လမ်းထွင်ခဲ့သော ရူပဗေဒပညာနှင့် ဆက်သွယ်ရေးပညာရပ်နယ်ပယ်တို့ကိုပင် သိပ်မယုံစားတော့။ သူက နယူတန်ခေတ် ရူပဗေဒဘောင်ထဲမှ ရုန်းမထွက်နိုင်ခဲ့။ ၁၉၀၀ ပြည့်နှစ်တွင် သူက ဟောပြောရာ၌ ''ရူပဗေဒပညာမှာ အသစ်ထပ်တွေ့စရာမရှိတော့'' ဟုပင် ပြောခဲ့၏။ နောက် ငါးနှစ်အကြာတွင် ''ဘဲလ်ဘတ်အိန်းရှတိန်း'' (၁၈၇၉-၁၉၅၅) ဆိုသော လူငယ်တစ်ဦးက သူရေးခဲ့သော ရူပဗေဒစာအုပ်များကို အသစ်ပြန်ရေးကာ $E = mc^2$ ဟူသော ရီလေတီဗီတီသဘောတရားသစ်ကို ဖော်ထုတ်ခဲ့၏။ ၁၉၀၇ ခုနှစ်တွင် ''တွမ်ဆင်'' ကွယ်လွန်ခဲ့၏။ လေထက်လေး

တဲ့အရာက လေပေါ်မပျံနိုင်ပါဘူးဟု သူပြောခဲ့သည်ကို သူမကွယ်လွန်ခင် လေးနှစ်က ဝရိုက်ညီနောင်က လေယာဉ်တီထွင်ပြခဲ့၏။ သူမကွယ်လွန်ခင် ခုနှစ်နှစ်ကလည်း ''မာကိုနီ'' က ပထမဆုံး ရေဒီယိုစက်ရုံကို ဖွင့်ခဲ့ပါသည်။

○

မော်တော်ကားက
မြင်းရဲ့နေရာကို အစားမထိုးနိုင်

ဗိဒ္ဓိဂန်ဘတ်ဦးကုန္ဒ

မော်တော်ကားက မြင်းရဲ့နေရာကို အစားမထိုးနိုင် မီရှိုဂန်ဘဏ်ဥက္ကဋ္ဌ နေးနေး

အဓိကလက်သည် - မီရှိုဂန် ဌေစုဘဏ်ဥက္ကဋ္ဌ

ဘာကိုကြိုတင်ပြောခဲ့သလဲ - မြင်းနေရာကို မော်တော်ကားက ဘယ်တော့မှ အစားမထိုးနိုင်ဘူး။ ဒါကြောင့် ဟင်နရီဖို့ဒ် (၁၈၆၃-၁၉၄၇) ရဲ့ ကုမ္ပဏီက ဌေသက်သက် ဖြုန်းနေတာပဲ။

အမှန်တကယ်ဘာဖြစ်လာသလဲ - နောက်ထပ် နှစ် ၂၀ အတွင်း မော်တော်ကားသည် မြင်းနေရာကို အစားထိုးလာခဲ့၏။ ဖို့ဒ်မော်တော်ကားကုမ္ပဏီသည် ကမ္ဘာပေါ်တွင် အအောင်မြင်ဆုံး မော်တော်ယာဉ် ပြုလုပ်သူများ ဖြစ်လာ၏။

"မြင်းက ဒီမှာအမြဲရှိနေမှာပဲ။ မော်ကော်ကားဆိုတာကတော့ အတတ်ဆန်းတဲ့ အရာပဲ။ ပေါ်ပင်ပေါ့ဗျ။"

(ဟင်နရီဖို့ဒ်၏ ရှေ့နေ ဟိုရေ့စ်ရက်ကပ်ကို မီရှိုဂန် ဌေစုဘဏ်ဥက္ကဋ္ဌက ၁၉၀၃ တွင် ပြောခဲ့၏။)

မော်တော်ကားကို ဓာတ်ဆီပေါက်ကွဲမှုအားဖြင့် မောင်းနှင်နိုင်အောင် တီထွင်ခဲ့ကြပြီးနောက် မော်တော်ကားသည် ယခု ကျွန်ုပ်တို့ ကမ္ဘာတွင်

မရှိမဖြစ် ပစ္စည်းတစ်ခု ဖြစ်လာသည်။ မော်တော်ကားတွေ များလွန်းသဖြင့် နိုင်ငံတကာ၏ မြို့ပြများတွင် ယာဉ်လမ်းကြောပိတ်ဆို့မှု အန္တရာယ်ပင် ကြုံနေကြရ၏။ ၁၉ ရာစုတုန်းကမူ သွားလာရာတွင် မြင်းကိုသာ သုံးကြ၏။ မြင်းနေရာကို အစားထိုးလာမည့် စက်ပစ္စည်းကို မမျှော်မှန်းမိကြ။

၁၉ ရာစုနောင်းပိုင်းအထိ မြင်းရထားများက လမ်းပန်းဆက်သွယ်ရေးတွင် ကြီးစိုးခဲ့ကြ၏။ ၁၈၈၀ တွင် နယူးယောက်မြို့တစ်ခုထဲတွင် မြင်း ၁၅၀,၀၀၀ ရှိ၏။ မြင်းတစ်ကောင်မှ ထွက်သော မြင်းချေးက တစ်နေ့ကို ၂၂ ပေါင်ရှိရာ နယူးယောက်မြို့တွင် မြင်းချေးတန်ချိန် ၅၄၀,၀၀၀ မျှ ဖုံးအုပ်နေသည်ကို စဉ်းစားကြည့်လျှင် သိနိုင်၏။ ထိုခေတ်အခါက မြင်းချေးကိစ္စက တကယ့်ပြဿနာတစ်ခု ဖြစ်၏။ အထူးသဖြင့် နွေရာသီဆိုလျှင် နယူးယောက်တစ်မြို့လုံး မြင်းချေးနံ့တထောင်းထောင်းနှင့် အသက်ရှူကြပ်ခဲ့ကြရ၏။ မြင်းချေးက ကြည့်လို့လည်း မကောင်း၊ အနံ့ကလည်း နံစော်သည့်အပြင် မြင်းချေးမှတဆင့် ရောဂါပိုးတွေ ပျံ့ပွားကာ ကပ်ရောဂါတွေ ဖြစ်ကြ၏။ ၁၉ ရာစု စောစောပိုင်းကမူ လယ်သမားများက မြင်းချေးကို မြေဩဇာအဖြစ် သုံးကြ၏။ သို့သော် ၁၉ ရာစုကုန်ခါနီးတွင် မြင်းချေးတွေ ပေါများလွန်းသဖြင့် မြင်းပိုင်ရှင်များက ပိုက်ဆံပေးရ၍ပင် ကျုံးခိုင်းရသည် အထိ ဖြစ်လာ၏။ မြင်းချေး ၅၄၀,၀၀၀ တန်ကို ဘယ်နေရာမှာ သွားပစ်ကြရမလဲ။ ၁၈၉၄ ခုနှစ်က လန်ဒန်တွင် ထုတ်ဝေသော "တိုင်းမ်(စ်)" သတင်းစာတွင် ယခုအတိုင်းသွားလျှင် နယူးယောက်သည် ၁၉၃၀ တွင် မြင်းချေး ကိုးပေအောက်တွင် နစ်မြှုပ်နိုင်သည်ဟု ဟောကိန်းထုတ်ခဲ့ရ၏။ ၁၈၉၈ တွင် မြင်းချေးပြဿနာကို အစည်းအဝေးတွေ အကြိမ်ကြိမ်ခေါ်ကာ ဖြေရှင်းနည်းတွေ စဉ်းစားရ၏။ ကြာလျှင် နယူးယောက်က လူဦးရေ တိုးလာမည်။ မြင်းဦးရေလည်း တိုးလာမည်။ သို့ဆိုလျှင်ကြာလျှင် နယူးယောက်မြို့သည် မြင်းချေးသုံးထပ်တိုက်စာအောက်တွင် မြှုပ်သွားမှ သေချာသည်ဟု စိုးရိမ်လာကြ၏။

ဤအချိန်တွင် "ဟင်နရီဖို့ဒ်" (၁၈၆၃-၁၉၄၇) ပေါ်လာ၏။ ၁၈ ရာစု နောင်းပိုင်းတွင် ရေနွေးငွေ့အားနှင့် မောင်းနှင်သော ယာဉ်များကို စတွင်ကြ၏။ သို့သော် တကယ်တမ်း လက်တွေ့တွင် အလုပ်မဖြစ်။ ရေနွေး

ဌေ့သုံး အင်ဂျင်နှင့် မောင်းနှင်တာက ရထားမှာတော့ အဆင်ပြေ၏။ လမ်းပေါ်မှာတော့ မဖြစ်။ ၁၈၇၀ တွင် ဂျာမန်-သြစတြီးယားကပြား "ဆစ်ဂ်ဖရိုက်မားကပ်(စ်)" (၁၈၃၁-၉၈) က ဓာတ်ဆီဖြင့် မောင်းသောအင်ဂျင်စက်ကို တီထွင်ခဲ့၏။ ၁၈၈၈ တွင် "ကာလင်းဘင်စ်" (မာစီးဒီးဘင်မ်မော်တော်ကားကုမ္ပဏီ ၁၈၄၄-၁၉၂၉) က ထိုစက်ပေါ်တွင် မော်တော်ယာဉ်ကိုယ်ထည်တပ်ပြီး စမ်းသပ်မောင်းနှင်ခဲ့၏။ သို့သော် များများမထုတ်လုပ်နိုင်၍ လမ်းပေါ်မှာ စင်းရေ တစ်ရာမျှသာ တွေ့ရ၏။ အမေရိက လွတ်တော်က ဤကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးကြရာ၊ ဓာတ်ဆီနှင့် မောင်းသဖြင့် လူတွေလက်ထဲတွင် ဓာတ်ဆီတွေ သိုလှောင်ရင်း မီးလောင်မှုတွေ ဖြစ်စေနိုင်ကြောင်း၊ တစ်နာရီလျှင် ၁၄ မိုင်မှ မိုင် ၅၀ အထိ မောင်းသော ထိုယာဉ်များကြောင့် ပတ်ဝန်းကျင်ကို အဆိပ်ခတ်သလိုဖြစ်တော့ စိုက်ပျိုးရေးတွင် များစွာ ပျက်စီးထိခိုက်ကြောင်း ဆွေးနွေးကြ၏။

ထိုအချိန်တွင် "ဟင်နရီဖို့ဒ်" မွေးလာ၏။ ဖခင်က အိုင်းရစ်(ချ်)လူမျိုး၊ မိခင်က ဘယ်လ်ဂျီယံသူ။ သူတို့ မိသားစုက မီရှီဂန်ပြည်နယ် ဒက်ထရွိုက်မြို့အနီးတွင် လယ်ယာလုပ်ကြ၏။ "ဟင်နရီ" က ငယ်စဉ်ကတည်းက လယ်ယာလုပ်ငန်း ဝါသနာမပါ။ သူ၀ါသနာပါတာက စက်ပစ္စည်း။ ၁၆ နှစ်အရွယ်တွင် သူက မြို့တက်လာကာ စက်ဆရာ မက်ကင်းနစ် တစ်ဦးထံတွင် အလုပ်သင်လုပ်၏။ ၁၈၉၁ တွင် "အက်ဒီဆင်" ကုမ္ပဏီတွင် အင်ဂျင်နီယာ၀င်လုပ်၏။ ၁၈၉၄ တွင် သူက အင်ဂျင်နီယာချုပ်ဖြစ်လာရာ သူ၏အချိန်ပိုတွင် ဓာတ်ဆီနှင့် မောင်းသောအင်ဂျင်စက်များကို စမ်းသပ်ခွင့်ရခဲ့၏။ သို့နှင့် ၁၈၉၆ တွင် သူက ပထမဆုံး မော်တော်ကားကို ဆင်၏။

ထိုနှစ်တွင်ပင် သူက သူ၏ အလုပ်ရှင်သူဌေးဖြစ်သူ "သောမတ်(စ်) အယ်လ်ဗာအက်ဒီဆင်" (၁၈၄၇-၁၉၃၁) နှင့် တွေ့တော့ သူ့ကို မော်တော်ကား စမ်းသပ်မှုတွေ ဆက်လုပ်ရန် အားပေး၏။ ၁၈၉၈ တွင် "ဖို့ဒ်" က ပိုမိုကောင်းမွန်သော ယာဉ်တစ်ခုကို လုပ်နိုင်ကာ ၁၈၉၉ တွင် "ဌက်ထရွိုက်မော်တော်ကား ကုမ္ပဏီ"ကို တွဲပြီး ကားထုတ်လုပ်၏။ သို့သော် သိပ်အဆင်မပြေသဖြင့် ၁၉၀၃ ခုနှစ် ဇွန်လ ၁၆ ရက်တွင် ကိုယ်ပိုင်

"ဖို့ဒ်မော်တော်ကားကုမ္ပဏီကို ထောင်၏။ ကုန်ကျစရိတ်က သိပ်များ၍ ရေရှည် သူမတတ်နိုင်။ သူ့ကို အားပေးသည့် သူလည်းနည်း၏။ "မီရှိဂန် ဌေစုဘဏ်" ကဆိုလျှင် သူ့ကို ငွေမချေးသည့်အပြင် မော်တော်ကားဆိုတာ မြင်းနဲ့ အစားထိုးလို့ရမှာ မဟုတ်ဘူးဟုပင် ပတ်ပတ်စပ်စပ် အပြောခံခဲ့ရ၏။ "ဖို့ဒ်" က သူ၏ ရှေ့နေ "မိုရေ(စ်)ရက်ခမ်" (၁၈၅၈-၁၉၃၃) ထံမှ ဒေါ်လာ ၅၀၀၀ ချေး၏။ ထိုစဉ်က ဒေါ်လာ ၅၀၀၀ က အများကြီး။ "ရက်ခမ်" ကလည်း စွန့်စားကာ 'ဖို့ဒ်မော်တော်ကုမ္ပဏီ" မှ ရှယ်ယာ ၈၉၀ ထဲမှ ၅၀ ကို ဝယ်လိုက်၏။ "ရက်ခမ်" စွန့်စားတာ မှန်သွား၏။ "ဖို့ဒ်" ၏ ကားတွေက ထုတ်မလောက်အောင် ရောင်းခဲ့၏။

၁၉၁၉ တွင် "ရက်ခမ်" က သူ၏ ဝေစုကို "ဖို့ဒ်"အား ဒေါ်လာ ၁၂.၅ သန်းဖြင့် ပြန်လည်ရောင်းလိုက်၏။ သို့နှင့် ၁၈၉၈ တွင် မြင်းချေး ပြဿနာက နေ့ခြင်း ညခြင်း ငြိမ်းသွားသည်။ နယူးယောက်တွင် မော်တော်ယာဉ်များ၊ လျှပ်စစ်ရထားများဖြင့် ပြည့်နှက်လာ၏။ ၁၉၁၂ တွင် နယူးယောက်၌ မြင်းဦးရေထက် မော်တော်ယာဉ်ဦးရေက ပိုများလာ၏။ ၁၉၁၇ ခုနှစ်တွင်ကား နယူးယောက်၌ မြင်းလှည်းတစ်စင်းမှ မရှိတော့။

○

တိုက်တန်းနစ်သင်္ဘောက ဘယ်တော့မှ မမြုပ်ဘူး

ကပ္ပတိန် အက်ဒွပ်စမစ်

တိုက်တန်းနစ်သင်္ဘောက ဘယ်တော့မှ မမြုပ်ဘူး
ကပွတိန် အက်ဒွပ်စမစ်

အဓိကလက်သည် - ကပွတိန် အက်ဒွပ်စမစ်
ဘာကိုကြိုတင်ပြောခဲ့သလဲ - တိုက်တန်းနစ်သင်္ဘောက ဘယ်တော့မှ မမြုပ်နိုင်ဘူး။
အမှန်တကယ်ဘာဖြစ်လာသလဲ - တိုက်တန်းနစ်သင်္ဘောမြုပ်ပြီး လူ၁,၅၀၀ သေခဲ့သည်။

"ဒီသင်္ဘောမျိုးက ခေတ်သစ်သင်္ဘော တည်ဆောက်ရေးနဲ့ လုပ်ထားတာမို့ ဘယ်လိုနည်းနဲ့မှ မြုပ်မှာ မဟုတ်ဘူး"

(ကပွတိန် အက်ဒွပ်စမစ်က တိုက်တန်းနစ်သင်္ဘော စမထွက်မီ ၁၉၁၂ က ပြောခဲ့သောစကား)

၁၉၉၇ ခုနှစ်က ရိုက်ကူးခဲ့သော "တိုက်တန်းနစ် ရုပ်ရှင်ဇာတ်ကား" က အလွန်အောင်မြင်ခဲ့၏။ "ကာလ်းဟောလီ" (ဘီလီဇီန်း) က သူနှင့် လက်ထပ်ရန် စီစဉ်ထားသူ "ရိုစ်ဒီဝစ်ဘူကာတာ" (ကိုက်ဝင်းစလက်)ကို သင်္ဘောပေါ်တွင် ပြောခဲ့သည်။ "ဒီသင်္ဘောက ဘယ်လိုမှ မနစ်မြုပ်နိုင်ဘူး။ ထာဝရဘုရားသခင်တောင် ဒီသင်္ဘောကို နှစ်လို့ မရဘူး"

"တိုက်တန်းနစ်သင်္ဘော" သည် ၁၉၁၂ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် အင်္ဂလန်နိုင်ငံမှ နယူးယောက်သို့ စထွက်ခဲ့၏။ ဤသင်္ဘောက ထိုခေတ်

က အကြီးဆုံးနှင့် နည်းပညာအရ ခေတ်အမီဆုံး ပင်လယ်ကူးသင်္ဘောကြီး ဖြစ်၏။ ဤသင်္ဘောမျိုးသည် ဘယ်တော့မှ မမြုပ်နိုင်ဟု သင်္ဘောသားတွေရော၊ သင်္ဘောတည်ဆောက်သူတွေရာ၊ ခရီးသည်တွေကပါ ယုံကြည်ထားကြ၏။ ကပ္ပတိန် အက်ဒွပ်စမစ် (၁၈۷၀-၁၉၁၂) ကတော့ဖြင့် သူ့သင်္ဘော အပေါ် သူက ရာခိုင်နှုန်းပြည့် ယုံကြည်၏။

သင်္ဘောကြီးက ၈၈၂ ပေ ၉ လက်မအရှည်ရှိ၏။ အကျယ်က ၉၂ ပေ။ အမြင့်က ၁۷၅ ပေ။ အတွေ့လန့်တိတ်သမုဒ္ဒရာကို ဖြတ်မောင်းသည်။ ခရီးသည်နှင့် သင်္ဘောသား ၂၂၄၀ ဦး တင်ဆောင်လာ၏။ တကယ်တမ်း ဆန့်တာက နောက်ထပ် ခရီးသည် ၁၅၀၀။ တကယ်သာ ခရီးသည် ဆန့်သလောက် အကုန်တင်ခဲ့လျှင် အသေအပျောက်က ယခုထက် များနိုင်၏။

သင်္ဘောက ထိမ္ဘကြီးသော်လည်း အသက်ကယ်လှေယူလာတာက နည်း၏။ သင်္ဘောက တန်ချိန် ၁၀,၀၀၀ အထက်ရှိလျှင် အသက်ကယ်လှေ ၁၆ ခုနှင့် ဖောင်များသယ်လာရမည်ဟု ဗြိတိသျှအစိုးရက သတ်မှတ်ထား၏။ "တိုက်တန်းနစ်" က ၄၆,၃၂၈ တန်ရှိ၏။ သို့ဆိုလျှင် တန် ၁၀,၀၀၀ သင်္ဘောထက် အသက်ကယ်လှေ လေးဆခွဲ ပိုတင်လာရန် အသက်ကယ်လှေ ဥပဒေက သတ်မှတ်ထား၏။ ယခု တိုက်တန်းနစ်သင်္ဘောပေါ်တွင် အသက်ကယ်လှေ ၂၀ သာပါလာ၏။ ခရီးသည် ၁၁۷၈ အတွက်ပင် မလုံလောက်။ "တိုက်တန်းနစ်" တွင် အမှန်တကယ် အသက်ကယ်လှေ ၆၄ ခု သယ်လာရမည်။ သို့မှသာ ခရီးသည်နှင့် သင်္ဘောသား ၄,၀၀၀ အတွက် လုံလောက်မည်။ ယခုအခြေအနေအတိုင်းဆိုလျှင် "တိုက်တန်းနစ်" သာနစ်ခဲ့လျှင် ခရီးသည်နှင့် သင်္ဘောသား တစ်ဝက်သာ ကယ်နိုင်မည်။ သို့သော် "ကပ္ပတိန် စမစ်" က သူသင်္ဘောကို သူသိပ်ယုံ၏။ ယခု သင်္ဘောဒီဇိုင်းအရ သင်္ဘောဝမ်းထဲတွင် ရေလုံခန်း ၁၀ ခန်းပါ၏။ ထို့ပြင် ခေတ်မီရေစုတ်စက်တွေလည်း ပါ၏။ သင်္ဘောပေါ်တွင် "မာကိုနီ" ဝါယာလက်ကြေးနန်းလည်း ပါလာကာ အော်ပရေတာနှစ်ယောက်က တစ်လှည့်စီ အလုပ်လုပ်နေကြ၏။

"ကပ္ပတိန် စမစ်" က သင်္ဘောသားမျိုးရိုးထဲက မဟုတ်။ သို့သော် အသက် ၁۷ နှစ်လောက်ကတည်းက ကျောင်းထွက်ကာ သင်္ဘောလိုက်ခဲ့၏။

"ဝိုက်စတားသင်္ဘောလိုင်း" တွင် ၁၈၈၀ မှစ၍ လုပ်ကိုင်ရာ ခုနှစ်နှစ် အကြာတွင် ကပွတိန်ရာထူးရခဲ့၏။ သူက နာမည်ကောင်းတွေလည်း ရခဲ့သူ ဖြစ်၏။ ၁၈၉၃ ခုနှစ် "ဘိုးဂါးစစ်ပွဲ" ဖြစ်ပြီး အင်္ဂလန်မှ တပ်များကို တောင်အာဖရိကမှ သူ၏ "မက်ဂျက်(စ်)တစ်" သင်္ဘောဖြင့် ပို့ပေးခဲ့သူ ဖြစ်၏။ ထို့ကြောင့် သူက နာမည်ကောင်းဆုတံဆိပ် ရခဲ့၏။

ယခု သူ့အရည်အချင်းပေါ်မူတည်ကာ ဖိမ်ခံသင်္ဘောကြီး "တိုက်တန်းနစ်" ကို မောင်းနှင်ရန် တာဝန်ပေးခြင်း ခံရ၏။ သူ့ကို "သန်းကြွယ်သူဌေးများ၏ ကပွတိန်" ဟု ခေါ်ကြ၏။ အဘယ်ကြောင့်ဆိုသော် ဤသင်္ဘောတွင် သန်းကြွယ်သူဌေးမိသားစု အများအပြားလိုက်လာကြ၏။ ၁၉၁၁ ခုနှစ် ဇွန်လတုန်းကလည်း သူသည် "အိုလင်ပစ်သင်္ဘော" ဖြင့် "ဆောက်သမ်တန်မှ နယူးယောက်"သို့ ပို့ဆောင်ပေးခဲ့၏။

ဧပြီလ ၁၀ ရက်နေ့တွင် "စမစ်" ဦးစီးသော "တိုက်တန်းနစ်" သင်္ဘောက "ဆောက်သမ်တန်" မှ နယူးယောက်သို့ ထွက်လာ၏။ ပြင်သစ်နိုင်ငံ "ချားဘောလ်" မြို့တွင် ခေတ္တရပ်ကာ ခရီးသည်အချို့ကို တင်ဆောင်၏။ အတ္တလန္တိတ်သင်္ဘော၏ ဥရောပခရီးလမ်းဆုံး ဖြစ်သော အိုင်ယာလန်သို့ သူ ဆက်ထွက်၏။ ခရီးသည်များထဲတွင် ဗြိတိသျှထီးမွေနန်းမွေခံများ၊ အမေရိကန်ရေပေါ်ဆီ လူတန်းစားများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ ပါလာ၏။

"စမစ်" က ရေခဲတုံးကြီးများ မျှောလာသော သတင်းကို ကြားပြီး ရ၏။ ထို့ကြောင့် လမ်းကြောင်းပြောင်းမောင်းခဲ့၏။ သို့သော် ဧပြီလ ၁၂ ရက် တနင်္ဂနွေနေ့တွင် အရေးကြီးက သတိပေးချက်နှစ်ခုကို သူမရခဲ့။ "မာကိုနီ" ဝါယာလက် အော်ပရေတာများက ချမ်းသာသော ခရီးသည်တချို့၏ သတင်းတွေကို ပို့ပေးနေရ၍ ဖြစ်၏။ ည ၁၁ နာရီ ၄၀ တွင် ရေခဲတုံးကြီး ရှေ့တူရှမ္ဘ မျှောလာသည်ကို ကင်းသမားက မြင်၏။ သို့သော် စင်ပေါ်မှ ကြည့်နေသော အရာရှိက သင်္ဘောကို အချိန်မီ မလှည့်ခဲ့။ ဧရာမ ရေခဲတုံးကြီးက သင်္ဘောဝမ်းဗိုက်ဘေးကို အရှိန်အဟုန်နှင့် ဝင်တိုက်၏။ ဝမ်းဗိုက်မှ အခန်းငါးခန်း ပေါက်သွားသည်။

"ဝိုက်စတားသင်္ဘောပိုင်းမှ ဒုတိယဥက္ကဋ္ဌ ဖိလစ်ဖရန့်ကလင်" က သတင်းစာဆရာများကို ပြော၏။

"အန္တရာယ်မရှိပါဘူး။ တိုက်တန်းနစ်က မြုပ်နိုင်တာမှ မဟုတ်တာ"

သင်္ဘောဝမ်းထဲရေတွေ ဝင်လာ၏။ ရေစုတ်စက်တွေက နှစ်နာရီနီးပါး စုတ်ထုတ်၏။ သို့သော် ဝင်လာသော ရေတွေက သိပ်များ၍ မနိုင်တော့။ အသက်ကယ်လှေတွေချ၏။ အသက်ကယ်လှေက နည်း၊ လူက များ။ ဗြိုလ်မှူး အတ္တလန္တိတ်ရေပြင်က ရေခဲတမျှ အေးစက်နေ၏။ အသက်ကယ်လှေ နှစ်စင်းမှ ခရီးသည်တွေသာ ဘေးမသီ ရန်မခ ဖြစ်ကြရ၏။ "ကပ္ပတိန်စမစ်" အပါအဝင် ခရီးသည်နှင့် သင်္ဘောသား ၁၅၁၇ ဦးကား သင်္ဘောနစ်သည့်အထဲ ပါသွားကြရှာသည်။

○

အကျုပ်မြှုပ်ဝှိုး ဖန်တီးခဲ့သူ

အယ်လ်ဘတ် အိုင်းရှတိုင်း

အဏုမြူဗုံး ဖန်တီးခဲ့သူ - အယ်လ်ဘတ်အိုင်ရှတိုင်း

အမိကလက်သည်	- အယ်လ်ဘတ်အိုင်ရှတိုင်း
ဘာကိုကြိုတင်ပြောခဲ့သလဲ	- အဏုမြူစွမ်းအင်နှင့် လက်နက်တွေကို ဘယ်တော့မှ လက်တွေ့အသုံးချကြမှာ မဟုတ်ဘူး။
အမှန်တကယ်ဘာဖြစ်လာသလဲ	- ဟီရိုရှီးမား၊ နာဂါစကီး သုံးမိုင်ကျော်ရှာနိုဘောလ်။

ရှားကလီးယားစွမ်းအင်ဆိုတာ ဘယ်တော့မှ ပိုင်ဆိုင်မှာ မဟုတ်ဘူး။ အဏုမြူဆိုတာ ဖျက်ဆီးပစ်လို့ရတယ်။

အယ်လ်ဘတ်အိုင်ရှတိုင်း ၁၉၃၂ ကပြောစကား

ဂရိဒဿရိုက ပညာရှင်ကြီး "ဒီမိုကရစ်တပ်(စ်)" ဘီစီအီး (၄၆၀-၃၇၀) က ရုပ်ဆိုသည်မှာ အလွန်သေးငယ်သော အဏုမြူများဖြင့် ပေါင်းစည်းထားခြင်း ဖြစ်၏။ စကြဝဠာအတွင်းရှိ အရာရာတိုင်းသည် ဓာတ်ကြီးလေးပါး (ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော) ဖြင့် ဖွဲ့စည်းထားသည်ဟု ပြောခဲ့၏။ ရာစုနှစ်များစွာ ကြာလာသောအခါ ဓာတုဗေဒပညာရှင်များက တွေ့လာသည်မှာ ရုပ်ကိုဖွဲ့စည်းသော ဓာတ်များသည် အောက်စီဂျင်၊ ကာဗွန်နှင့် ဟိုက်ဒြိုဂျင်တို့ဖြစ်ကြောင်း။ ၁၉ ရာစု ကုန်ခါနီးလောက်တွင် "ဂျီးဇက်ထောမတ်စ်" (၁၈၅၆-၁၉၄၀) က "အဏုမြူ" ၏ အပိုင်းအစတစ်ခု ဖြစ်သော 'အီလက်ထရွန်' ကို တွေ့လာ၏။

၁၉၁၉ ခုနှစ်တွင် ရှုပဗေဒပညာရှင် "အားနက်စ်ရှသာဖို့ဒ် (၁၈၇၁-၁၉၃၇) က "အဏုမြူ" သည် အီလက်ထရွန်တစ်ခု သို့မဟုတ် ပို၍များများပါဝင် ဖွဲ့စည်းထားတာကို တွေ့ခဲ့၏။ နေကို အခြားဂြိုဟ်များ လှည့်လည်နေသကဲ့သို့ "အဏုမြူ" ကိုလည်း "နျူကလီးယား" များက ဝန်းရံထားသည်ဟု ဆို၏။ "အယ်လ်ဘတ်အိုင်ရှတိုင်း" (၁၈၇၉-၁၉၅၅) ကမူ "အဏုမြူ" ၏ "ကွမ်တမ်" ပုံစံ ဖွဲ့စည်းပုံကို တွေ့လာ၏။

နှစ်ဆယ်ရာစု စောစောပိုင်းတွင် ရှုပဗေဒ၏ တိုးတက်မှုအရှိန်က အလွန်လျင်မြန်၏။ "ရှသာဖို့ဒ်" ရော "အိုင်ရှတိုင်း" ရောက သူတို့၏ တွေ့ရှိမှုများသည် စွမ်းအင်ထုတ်လုပ်မှု သို့မဟုတ် လက်နက်များတွင် သုံးစွဲ၍ရသည်ကို မသိခဲ့ကြ။ "အိုင်ရှတိုင်း" က ၁၉၃၂ တွင် နျူကလီးယားစွမ်းအင်ကို ဘယ်တော့မှ ရမည်မဟုတ်ဟု ပြောခဲ့၏။

"အိုင်ရှတိုင်း" က ရှပ်ပိုင်းဆိုင်ရာ စကြဝဠာနှင့် ပတ်သက်၍ ယခင်အတွေးအခေါ်များကို တော်လှန်ပစ်သော စာတမ်းလေးစောင်ထုတ်ဝေပြီးနောက် နှစ် ၄၀ အကြာတွင် အမေရိကက အဏုမြူဗုံး (အေ-ဗုံး)ကို တီထွင်ခဲ့ကာ ယူရေနီယမ်ဗုံးကို ဂျပန်ပြည်တစ်နေရာ၊ ပလူတိုနီယမ်ဗုံးကို ဂျပန်ပြည်တစ်နေရာတွင် ချခဲ့ပြီ။ "ပစိဖိတ်စစ်ပွဲ" (၁၉၄၁-၄၅) ကို အဆုံးသတ်ပစ်လိုက်၏။ ဤသို့ဖြင့် "အဏုမြူခေတ်" အဦးအစ ဖြစ်ပေါ်လာ၏။ အဏုမြူနှင့် ပတ်သက်၍ သုတေသနတွေ ဆက်လုပ်၏။ နိုင်ငံကြီးများက အဏုမြူလက်နက်ပိုင်ဆိုင်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းကြ၏။ အဏုမြူလက်နက်ပိုင်ဆိုင်သော နိုင်ငံသည် အင်အားကြီးနိုင်ငံ ဖြစ်လာမည်။ တခြားနိုင်ငံများအပေါ် အဏုမြူလက်နက်ဖြင့် ခြိမ်းခြောက်နိုင်သည်။ ထို့ကြောင့် အခြားနိုင်ငံများကပါ အားကျမခံ အဏုမြူလက်နက်ပိုင်ဆိုင်ရေးကို ကြိုးပမ်းကြ၏။

"အယ်လ်ဘတ်အိုင်ရှတိုင်း" ကို ပါရမီရှင်ဟုခေါ်၍ မရ။ "ပါရမီရှင်တကာတို့၏ ပါရမီရှင်" ဖြစ်၏။ ဂျာမန်အင်ပါယာ ထူထောင်ပြီးနောက် သူ့ကို ဂျာမနီတွင် မွေး၏။ သူက ငယ်စဉ်က ဆင်းဆင်းရဲရဲ ကျောင်းတက်ခဲ့ရ၏။ ကျောင်းစာလည်း မတော်။ ကျောင်းမှာ ခပ်ထုံထုံအအ ကောင်လေး

တစ်ဦး ဖြစ်ခဲ့၏။ တစ်ချိန်က အမေတွေက သူတို့သားသမီးတွေကို "အိုင်ရှ တိုင်း" ဥပမာပေးရ၍ ဆုံးမတတ်ကြ၏။

"အိုင်ရှတိုင်းကို ကြည့်လေ။ သူက ကျောင်းတုံးက ခပ်တုံးတုံး ကောင်လေး နောက်တော့ နိဗယ်ဆုရှင် ဖြစ်ခဲ့တာပဲ။"

တကယ်တော့ "အိုင်ရှတိုင်း" က တုံးသည်မဟုတ် ထိုခေတ်က ပညာရေး ခပ်တုံးတုံးတွင် သူက အံ့မဝင်ခြင်းသာ ဖြစ်သည်။ သူက ပထမဆုံး သိပ္ပံနည်းကျစာတမ်းကို အသက် ၁၆ နှစ်တွင် ရေးခဲ့၏။ အသက် ၁၇ နှစ်တွင် သူက ရူပဗေဒဘာသာရပ်၏ နောက်ဆုံးတွေ့ရှိချက်များကိုပင် လေ့လာနေပေပြီ။ ၁၉၀၀ ပြည့်တွင် ရူပဗေဒနှင့် သခ္ခာဖြင့် ဘွဲ့ရ၏။ ကျောင်း ဆရာလုပ်ချင်သော်လည်း အလုပ်ကမရ။ ၁၉၀၃ ခုနှစ်တွင် ကုန်ပစ္စည်းမှတ်ပုံ တင်ဌာနရုံးတွင် သူအလုပ်ရ၏။

"ဆွစ်ဇာလန်" တွင် အလုပ်လုပ်ရင်း ကျောင်းဆက်တက်ရာ ရူပ ဗေဒအဓိကဖြင့် ပါရဂူဘွဲ့ရခဲ့၏။ သူက ရူပဗေဒဘာသာကို နက်နက်ရှိုင်း ရှိုင်း လေ့လာရင်းနှင့် ကမ္ဘာ့အထင်ရှားဆုံး ပုံသေနည်းဖြစ်သော $E = mc^2$ ကို ရလာ၏။ ရုပ်ဝတ္ထုနှင့် အလင်းနှစ်ထပ်ကိန်းပေါင်းလျှင် "စွမ်းအင်" ထွက်သည်ဆိုသော ပုံသေနည်း ဖြစ်၏။

ရုပ်ဝတ္ထုသေးသေးလေးထဲမှပင် စွမ်းအင်အကြီးကြီးရနိုင်သည့် မူဝါဒ ကို သူက ဖော်ထုတ်ခဲ့၏။ သို့သော် နောက်ပိုင်း နှစ် ၄၀ ကြာသောအခါ သူ၏ တွေ့ရှိချက်ကို လူသတ်လက်နက်အဖြစ် တီထွင်ခဲ့ကြ၏။ ၁၉၃၂ တွင် "ဂျိမ်းစ်ချာဒ်ဝစ်" (၁၈၉၁-၁၉၇၄)က အဏုမြူ၏ နျူကလီးယား ဖြစ်သော နျူထရွန်ကို တွေ့ရှိခဲ့၏။ ၄င်းသည် အဏုမြူပေါက်ခွဲရာတွင် အဓိကသော့ချက် ဖြစ်၏။

ဂျာမနီမှ ရူပဗေဒပညာရပ်နှစ်ခုဖြစ်သော "အောတိုဟန်း" (၁၈၇၉-၁၉၆၈) နှင့် "ဖရက်ခရစ်စထရပ်စ်မင်" (၁၉၀၂-၈၀) တို့က ဤတွေ့ရှိ ချက်တွေကို ၁၉၃၈ တွင် အကောင်အထည်ဖော်၏။ သူတို့က နျူထရွန် များဖြင့် ယူရေနီယမ်အဏုမြူတို့ကို လုပ်ကြ၏။ ၄င်းတို့ကို နာဇီခေါင်းဆောင် "ဟစ်တလာ" (၁၈၈၉-၁၉၄၁) က အသုံးချလို၏။ ထို့ကြောင့် "အိုင်ရှ တိုင်း" က အမေရိကန်သမ္မတ "ဖရန်ကလင်ရုစဗဲ" (၁၈၈၂-၁၉၄၅)

ထံ စာရေး၏။ နာဇီ ဂျာမနီက အဏုမြူဗုံး သုတေသနလုပ်နေ၍ အမေရိက ကပါ လုပ်ဆောင်ရန်။ ထို့ကြောင့် အမေရိကန်၊ ဗြိတိန်နှင့် ကနေဒါတို့ ပူးပေါင်းကာ "မက်ဟက်တန်စီမံကိန်း" (၁၉၄၂-၄၀) ကို တည်ထောင်၍ ပထမဦးဆုံး အဏုမြူလက်နက်ကို ထုတ်လုပ်ကြ၏။ ထိုဗုံးများဖြင့် ဂျပန်ကိုကြဲချရာ ဂျပန်လူမျိုး ၁၁၀,၀၀၀ သေ၏။ ထိုဗုံးနှစ်လုံးကြဲချခံရသော "ဟီရိ ရှီမား" နှင့် "နာဂါစကီး" မြို့မှ လူတွေက အဏုမြူဗုံး၏အဖျက်စွမ်း ပကားကို ပထမဆုံးခံကြရ၏။ ထိုအခါ "အိုင်ရှတိုင်း" အပါအဝင် အဏုမြူဗုံးလုပ်ရာတွင် ပါဝင်ခဲ့သော ရူပဗေဒပညာရှင်များက သူတို့ဖန်တီးခဲ့သည့် လက်နက်အပေါ် အထူးတုန်လှုပ်ချောက်ချားကုန်ကြ၏။ "အိုင်ရှတိုင်း" က သူ၏ လက်ကျန်ဘဝတစ်လျှောက်လုံး အဏုမြူစမ်းသပ်ခြင်း၊ အဏုမြူလက်နက်ထုတ်လုပ်ခြင်းများကို ဆန့်ကျင်ခဲ့၏။ ထို့ကြောင့် ၁၉၄၉ တွင် သူက အောက်ပါစကားကို ပြောခဲ့၏။

"တတိယကမ္ဘာစစ်တော့ သူတို့ ဘယ်လို တိုက်ကြမယ် ကျုပ်မသိဘူး။ စတုတ္ထကမ္ဘာစစ်ကျရင်တော့ တိုက်စရာ ကျောက်ခဲပဲရှိလိမ့်မယ်"

○

ငြိမ်းချမ်းရေး လူသား

နီဝယ်းချိန်ဘာလင်

ငြိမ်းချမ်းရေး လူသား – နီဗီးလ်ချိန်ဘာလင်

အဓိကလက်သည်	-နီဗီးလ်ချိန်ဘာလင်
ဘာကိုကြိုးတင်ပြောခဲ့သလဲ	-ဂျာမနီနှင့် အီတလီ ၁၉၃၈ တွင် ငြိမ်းချမ်းကြမည်။
အမှန်တကယ်ဘာဖြစ်လာသလဲ	-မြူးနစ်စာချုပ်ချုပ်ပြီး တစ်နှစ်အတွင်း တွင် ဂျာမနီ၊ အီတလီ၊ ပြင်သစ်တို့နှင့် ဗြိတိန်တို့ စစ်ဖြစ်ကြ၏။

ဒါက ဂျာမနီကနေ ဒေါင်းနင်းလမ်းမကို ဂုဏ်သရေရှိစွာ ငြိမ်းချမ်းရေးအတွက် ဒုတိယအကြိမ် လာတာပဲ။ ဒါက ကျွန်တော်တို့ ခေတ်မှာ ငြိမ်းချမ်းရေးရမယ်လို့ ယုံကြည်တယ်။ စိတ်ထဲနှလုံးထဲကကို ခင်ဗျားတို့ကို ကျေးဇူးတင်တယ်။ ခင်ဗျားတို့ ပြန်ကြပြီး အိပ်ရာပေါ်မှာ တိတ်ဆိတ်စွာ နားနေနိုင်ကြပါပြီ။

ဂျာမနီနိုင်ငံ မြူးနစ်မြို့မှ ပြန်အလာ နီဗီးလ်ချိန်ဘာလင် ပြောစကား (၁၉၃၈)

၁၈၇၀ နှင့် ၁၉၁၈ တို့တွင် ပြင်သစ်-ပရပ်ရှာစစ်နှင့် ပထမကမ္ဘာစစ်တို့ ဖြစ်ခဲ့၏။ ဂျာမန်နှင့် ပြင်သစ်တို့ နယ်စပ်အရေး ပဋိပက္ခဖြစ်ကာ စစ်ဖြစ်ကြ၏။ လူပေါင်း ၃၇ သန်း သေကြ၏။ အလောင်းတွေက တောင်လိုပုံနေ၏။ ၁၉၁၉ ခုနှစ်တွင် အမေရိကန်သမ္မတ ဝီလဆင်က ကမ္ဘာကြီးသည်

စစ်ရပ်စဲဖို့ အချိန်တန်ပြီဟု ဆိုကာ နိုင်ငံတကာ အငြင်းပွားမှုများကို ဖြေရှင်းရန် နိုင်ငံပေါင်းချုပ်အသင်းကြီးကို ထူထောင်၏။ အငြင်းပွားမှု တစ်စုံတစ်ရာ ဖြစ်လျှင် ထိုနိုင်ငံများသည် နိုင်ငံပေါင်းချုပ်အသင်းထံ တင်ပြကာ ဆွေးနွေးညှိနှိုင်းကြမည်ဟု ရည်ရွယ်၏။

အမေရိကန်က ဤအဖွဲ့ချုပ်ထဲ မဝင်။ သို့သော် ပထမကမ္ဘာစစ်တွင် ပါဝင်ပတ်သက်သူ အားလုံးလိုလို ဝင်ကြကာ လက်မှတ်ရေးထိုးကြ၏။ သို့ဖြင့် ၁၉၂၀ ဝန်းကျင်နှင့် ၁၉၃၀ ဝန်းကျင်တို့တွင် တစ်စုံတစ်ရာ အတိုင်းအတာအထိ ငြိမ်းချမ်းမှုရခဲ့၏။

သို့သော် ၁၉၂၀ ဝန်းကျင်တွင် အီတလီနှင့် "ဘင်နီတိုမူဆိုလိုနီ" (၁၈၈၃-၁၉၄၅) ၏ ဖက်ဆစ်ဝါဒနှင့် ဂျာမနီတွင် "အဒေါ့ဖ်ဟစ်တလာ" (၁၈၈၉-၁၉၄၅) ၏ ဖက်ဆစ်ဝါဒတို့ ခေါင်းထောင်ထလာ၏။ အထူးသဖြင့် "ဟစ်တလာ" က ပိုပြီး ဖက်ဆစ်ဆန်၏။ လူမျိုးခွဲခြားမှု ပြင်းထန်၏။ အပြစ်မဲ့ ဂျူးလူမျိုးများကို သန်းချီ သတ်၏။ သူ၏ လက်ကိုင်တုတ် "ဂက်စတာပို" လျှို့ဝှက်ရဲတပ်ဖွဲ့က မင်းမဲ့ဆန်စွာ ကြမ်းချင်တိုင်းကြမ်း ရမ်းချင်တိုင်း ရမ်းခဲ့၏။ "တိုရီပါတီ" (ကွန်ဆာဝေးတစ်ပါတီ)မှ လာသော နိုင်ငံရေးသမား "နီဗီးလ်ချိန်ဘာလင်" ကလည်း ဗြိတိန်တွင် ဝန်ကြီးချုပ်ဖြစ်လာသည်။ "ဟစ်တလာ" က စစ်ယူနီဖောင်းကို စွဲစွဲမြဲမြဲဝတ်ကာ မာန်တက်နေ၏။ "ချိန်ဘာလင်" ကမူ ကော်လာအရှည်ကြီးနှင့် ရှပ်အင်္ကျီဝတ်၊ ဝတ်စုံပြည့်အမြဲဝတ်၏။ သူ၏ ဝတ်ပုံစားပုံက ၁၉၃၇ ခုနှစ်မှာပင် အတော်ခေတ်နောက်ကျနေသော ရှေးရိုးပုံစံ ဖြစ်၏။

ဂျာမန်အာဏာရှင်က ရေရှည်စီမံကိန်းတွေ ရှိ၏။ ဥရောပတစ်ခုလုံးကို သူက သိမ်းပိုက်ရန် ဟန်ပြင်ထား၏။ ဥရောပတွင် သူနှင့် သူ၏မဟာမိတ် အီတလီ ရှိ၏။ အာရှတွင် ဂျပန်ကိုလည်း ဖက်ဆစ်ဝါဒသွင်းထားရာ အာရှအတွက် ဂျပန်ကို သူအားထား၏။ "ချိန်ဘာလင်" ကမူ တကယ့်လူရိုး။ သူက ဟစ်တလာ၏ ရှေ့ဆက်မည့် အကွက်တွေကို မသိ။ တကယ်တော့ "ချိန်ဘာလင်" က ဝန်ကြီးချုပ်သာ ဖြစ်လာသည်။ အသက်က အတော်ငယ်၏။ အတွေ့အကြုံက အလွန်နုသည်။ သူက စစ်ကိုတော့ ရွံမုန်း၏။ လူငယ်တွေ အချောင်သက်သက်သေကုန်ကြမည်ကိုမူ မကြည့်ရက်။ သူ့ဖခင်နှင့်

သူ့အစ်ကိုတို့ကလည်း ကွန်ဆာဗေးတစ်ပါတီဝင် လွတ်တော်အမတ်တွေ။ "ချိန်ဘာလင်"က ၁၉၁၇ ခုနှစ်တွင် သူ့ဇာတိမြေ "ဘာမင်ဂန်" မှ ရွေးချယ်လိုက်သော လွတ်တော်အမတ် ဖြစ်လာ၏။ ၁၉၃၁ တွင် ဘဏ္ဍာရေးဝန်ကြီး ဖြစ်လာ၏။ သူ့လက်ထက်တွင် ဗြိတိသျှ စီးပွားရေးက သိသိသာသာ တိုးတက်လာ၏။ သူ၏ အရည်အချင်းကို အသိအမှတ်မပြုဘဲ မနေနိုင်။ သူက မည်သည့်ကိစ္စကိုမဆို ငြိမ်ငြိမ်အေးအေးဖြင့် ဆွေးနွေးတိုင်ပင် အဖြေရှာလို၏။ သို့သော် ဟစ်တလာနှင့် မူဆိုလိုနီတို့၏ ကောက်ကျစ်စဉ်းလဲမှုများကိုမူ သူက ထည့်မတွက်။ သူက ဂျာမနီကိုပင် သနားနေလေ၏။ စစ်ပြီးခေတ် ဆင်းဆင်းရဲရဲ အခြေအနေများကို သူမရှုစိမ့်။ "ချိန်ဘာလင်"ကား ငြိမ်းချမ်းရေးသမား။ ညှိနှိုင်းရေးသမား၊ အသက် ၆၈ နှစ်တွင်မူ ဝန်ကြီးချုပ်ဖြစ်လာ၏။ တကယ်တော့ ထိုအချိန် ထိုကာလတွင် သူဝန်ကြီးချုပ်ဖြစ်လာသည်မှာ လူမှန်နေရာမှန် မဟုတ်။

၁၉၃၃ တွင် ဟစ်တလာသည် ဒီမိုကရက်တစ်ရွေးကောက်ပွဲနိုင်ပြီး အာဏာရခဲ့၏။ သူအာဏာရလျှင်ရခြင်း တစ်ပါတီ ပုလိပ်နိုင်ငံကို တည်ထောင်ကာ သူ့ကိုယ်သူ အဓိပတိခေါင်းဆောင်ကြီးနေရာ ယူ၏။ သူက လွန်ခဲ့သော ဆယ်နှစ်က "မူဆိုလိုနီ" ကဲ့သို့ လိုက်လုပ်ခြင်း ဖြစ်၏။ သူက ဂျာမနီကို လက်နက်ပြန်တပ်ဆင်ကာ ယခင်စစ်တုန်းက ဂျာမနီရှုံးခဲ့သည့် နယ်မြေများကို ပြန်ရအောင်ယူ၏။ ဥရောပတစ်ခုလုံး ဂျာမန်စကားပြော လူတွေဖြစ်ကာ ဥရောပတစ်တိုက်လုံးကို သူတစ်ယောက်တည်း အုပ်ချုပ်၍ ရည်ရွယ်ထား၏။ ပထမဆုံး သူက အော်စထရိုပဟန်ဂေရီ အင်ပါရာ၏ အချက်အချာဖြစ်သော "ဩစတြီးယား" ကို သိမ်း၏။ ထို့နောက် ဂျာမန်စကားပြော ချက်ကိုစလိုဗက်ဂီးယားနိုင်ငံမှ "ဘူဒီတန်လင်" ကို သိမ်း၏။

နိုင်ငံပေါင်းချုပ်အသင်းကြီးက ဖြေရှင်းရန် ကြိုးစားသော်လည်း ဟစ်တလာက ဂရုမစိုက်။ ဗြိတိသျှဝန်ကြီးချုပ် "ချိန်ဘာလင်" နှင့် ပြင်သစ်ဝန်ကြီးချုပ် "အီဒိုဝပ်ဒါလာဒီဟာ" (၁၈၈၄-၁၉၇၀) တို့က ဂျာမနီနှင့် စေ့စပ်ညှိနှိုင်း၏။ "မူဆိုလိုနီ" က လေးနိုင်ငံတွေ့ဆုံပွဲလုပ်ရန် ပြော၏။ ထို့ကြောင့် ၁၉၃၈ ခုနှစ်တွင် "မြူးနစ်မြို့၌ အင်အားကြီးလေးနိုင်ငံ ဆွေး

နွေးကြ၏။'' ဤသို့ဖြင့် (စက်တင်ဘာ ၂၀-၃၈)တွင် ''မြူးနစ်စာချုပ်'' ပေါ်လာ၏။ ''ဟစ်တလာ'' အနေနှင့် ဤဥရောပနယ်မြေများကို မသိမ်းရန် သဘောတူခဲ့၏။

''ချိန်ဘာလင်'' က ''မြူးနစ်'' မှ ပြန်လာသည်။ လေယာဉ်ပေါ်မှ အဆင်းတွင် သူက စာရွက်တစ်ရွက်ကို ဝှေ့ယမ်းပြ၏။ လေဆိပ်တွင် သူ့ကို ကြိုဆိုသူများကို ကြေညာ၏။

''ဥရောပ ငြိမ်းချမ်းရေးရသွားပါပြီ။ ဒီမနက်ပဲ ဂျာမန်အဓိပတိ ဟစ်တလာနဲ့ ကျုပ် စကားပြောခဲ့တယ်။ ဟောဒီမှာ သဘောတူစာချုပ်ကို သူ လက်မှတ်ထိုးခဲ့တယ်။''

သူဝန်ကြီးချုပ်နေအိမ်ရောက်သည့်အခါလည်း ပရိသတ်ကို သူဆွေးနွေး ညှိနှိုင်း၍ ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းခဲ့ကြောင်း ပြော၏။

သို့သော် ''ဟစ်တလာ''ကား သူလုပ်စရာရှိတာ ဆက်လုပ်၏။ ၁၉၃၉ ခုနှစ် မတ်လတွင် ချက်ကိုစလိုဗက်ကီးကို ကျူးကျော်သိမ်းပိုက်၏။ စက်တင်ဘာလ ၁ ရက်နေ့တွင် သူက ပိုလန်ကိုသိမ်း၏။ ထို့ကြောင့် ''ချိန်ဘာလင်'' လည်း မတတ်သာ၍ ဂျာမနီကို စစ်ကြေညာရတော့၏။ ၁၉၄၀ ခုနှစ် မေလတွင် သူရာထူးမှ နုတ်ထွက်၏။ သူ့နေရာကို ''ဝင်စတန် ချာချီ'' (၁၈၇၄-၁၉၆၅) တက်လာ၏။ ထိုနှစ်ကုန်ခါနီးတွင် ''ချိန်ဘာလင်'' သည် ကင်ဆာရောဂါဖြင့် အသက် ၇၁ နှစ်တွင် ကွယ်လွန်ခဲ့၏။

○

နာဇီခေတ်

အဒ္ဒေါ်ဖ် ဟစ်တလာ

နာဇီခေတ် – အဒေါ့ဖ်ဟစ်တလာ

အမိကလက်သည် - အဒေါ့ဖ်ဟစ်တလာ
ဘာကိုကြိုတင်ပြောခဲ့သလဲ - နှစ် ၁,၀၀၀ ပြည့် နိုင်ငံတော်ကြီး ထူထောင်မယ်။
အမှန်တကယ်ဘာဖြစ်လာသလဲ - သူ့နိုင်ငံက ၁၂ နှစ်သာခံ၏။

ကျုပ်နိုင်ငံကို အနည်းဆုံးနှစ် ၁,၀၀၀ ပြည့်ထိ တည်တံ့ဖို့ ကျုပ်ရည်ရွယ်ထားတယ်။

အဒေါ့ဖ်ဟစ်တလာ အင်တာဗျူးတစ်ခုတွင် ပြောကြား (၁၉၃၁)

တကယ်တော့ ဖက်ဆစ်အာဏာရှင် "အဒေါ့ဖ်ဟစ်တလာ" က ဒုတိယကမ္ဘာစစ်မီးကို စမ္မေးခဲ့သူ၊ သူ့ကိုယ်သူရော ဂျာမနီနိုင်ငံကိုပါ ဖျက်ဆီးခဲ့သူ ဖြစ်၏။ စစ်ရှုံးသည့်အခါ အဖမ်းခံရပြီ၊ စစ်နိုင်သူ မဟာမိတ်တို့က တရားစွဲဆို၊ ကွပ်မျက်မည့် ဒဏ်မှ ရှောင်လွှဲနိုင်ရန် ဗုံးခိုကျင်းထဲတွင် သူ့ကိုယ်သူ သတ်သေခဲ့၏။ သို့ဖြင့် သူ့နိုင်ငံကို အနောက်ဘက်အုပ်စု မဟာမိတ်တွေနှင့် ဆိုဗီယက်ယူနီယံတို့က ခွဲခြမ်းယူလိုက်ကြ၏။ ဟစ်တလာကား ကမ္ဘာ့သမိုင်းတွင် နာမည်ဆိုးနှင့် ကျော်ကြားသူဖြစ်၏။ ဟစ်တလာက သူ့ကိုယ်သူ အထင်ကြီး ဘဝင်မြင့်၏။ သူက ဥရောပတစ်ခုလုံးကို အုပ်ချုပ်ချင်၏။ သူတည်ထောင်သော နိုင်ငံက အနည်းဆုံးနှစ် ၁,၀၀၀ သက်တမ်းရှည်ရမည်ဟုပင် ပြောခဲ့၏။ အခြားသော ဖက်ဆစ်အာဏာရှင်များကား

သူ့ကဲ့သို့ အလိုလောဘမကြီးခဲ့။ ဥပမာ- စပိန်မှ "ဖရန့်စစ်ဖရန့်ကို" (၁၈၉၂-၁၉၇၁) ဆိုလျှင် သူ့ဘာသာသူပင် အုပ်ချုပ်ကာ အေးဆေးစွာ ကွယ်လွန်ခဲ့၏။ သူက ၁၉၃၆ မှစပြီး ၃၉ နှစ်တိုင် အုပ်ချုပ်ခဲ့၏။

ဂျာမန်ပြည်သူတို့ကား ဟစ်တလာကဲ့သို့ ကမ္ဘာကို စိုးမိုးရန် လိုလားသူများ မဟုတ်ကြ။ သူ့ကို ခေါင်းဆောင်အဖြစ် ရွေးချယ်ကြခြင်းမှာ ဂျာမန်နိုင်ငံကို လူရှိသေ ရှင်ရှိသေနိုင်ငံ ဖြစ်လာရန် စီးပွားရေးပျက်ကပ်မှုမှ လွတ်မြောက်ရန်သာ ဖြစ်၏။ သူက စကားပြောကောင်း၏။ ပြည်သူလူထု ဘာကြိုက်သည်ကို သူသိ၏။ ပြည်သူလူထုအကြိုက်တွေ သူဒက်ထိပြောနိုင်၏။

ဒုတိယကမ္ဘာစစ်သည် တကယ်တော့ ဒီမိုကရေစီအင်အားစုနှင့် ဖက်ဆစ်ဝါဒတို့ကြားမှ စစ်ပွဲဖြစ်၏။ အကောင်းနှင့်အဆိုးကြားမှ ဝိရောမိပင်ဖြစ်၏။ အမေရိကန်နှင့် ဗြိတိန်တို့၏ မဟာမိတ်ဖြစ်သူ "ကျိုးဇက်စကာလင်" သည်လည်း နာဇီတို့ကဲ့သို့ပင် အာဏာရှင်ဖြစ်၏။ သို့သော် သူက ဟစ်တလာကဲ့သို့ အစွန်းမရောက်။

ပထမကမ္ဘာစစ် နောက်ပိုင်းတွင် ဂျာမနီနှင့် အီတလီတို့က ပေါင်းမိသွားကြ၏။ သူတို့နိုင်ငံနှစ်ခုလုံးက တစ်ခါက ရွှေထီးဆောင်းခဲ့ဖူးကြ၏။ "ဘင်နီတိုမူဆိုလိုနီ" ၏ အီတလီက တစ်ချိန်က ရောမအင်ပါယာကို မျှော်မှန်း၏။ "အဒေ့ါဖ်ဟစ်တလာ" ၏ ဂျာမနီသည်လည်း ပထမကမ္ဘာစစ်မတိုင်မီက မဟာနိုင်ငံတော်ကြီးဖြစ်ခဲ့၏။ ရှာလမိန်းဘုရင် (၇၄၂-၈၁၄) ကထဲက ဂုဏ်ရောင်ထွန်းပြောင်ခဲ့သော နိုင်ငံဖြစ်၏။

"မူဆိုလိုနီ" က ရွှေထီးဆောင်းရသော ရောမအင်ပါယာကို ပြန်လည်ထူထောင် အိပ်မက်မက်ခဲ့၏။ သူ့စိတ်ကူးအိပ်မက်အရ အင်္ဂလန်ပြည်မြောက်ပိုင်းမှ အီရတ်အထိ ပိုင်ဆိုင်အုပ်စိုးလို၏။ မြေထဲပင်လယ်သည် ရောမတို့ပိုင် ဖြစ်သည်ဟု သူ ယူဆသည်။ မြောက်အာဖရိကရော၊ ဘောလ်ကန်ဒေသများသာ သူက ရယူလို၏။

သူ့ထက်စာလျှင် ဟစ်တလာ၏ အိပ်မက်များက ပိုမိုလက်တွေ့ကျ၏။ သူက ပြင်သစ်နိုင်ငံ အစိတ်အပိုင်း၌ ဥရောပအလယ်ပိုင်းအတော်များများကို ယူချင်သည်။ ထို့နောက် သြစတြီးယားနှင့် ချက်ကိုစလိုဗက်ကီးယား

ကိုပါ သိမ်းပိုက်ကာ "မဟာဂျာမနီ" ထူထောင်လိုစ၏။ ထို့ကြောင့် သူက ပိုလန်ကို ကျူးကျော်မှုစပြီး လက်တဲ့စမ်း၏။ ဒါကို မကျေနပ်သော ဗြိတိန်နှင့် ပြင်သစ်က သူ့ကို စစ်ကြေညာသည်။ ၁၉၄၁ တွင် သူက ဆိုဗီယက်ကိုပါ ကျူးကျော်တိုက်ခိုက်၏။ ထိုနှစ်တွင် ပုလဲဆိပ်ကမ်းကို ဂျပန်တို့ ဗုံးကြဲပြီးနောက် အမေရိကကပါ စစ်ထဲဝင်လာ၏။

ဟစ်တလာကို မွေးတာက ဩစတြီးယားမှာ။ သူက ပထမကမ္ဘာစစ်တွင် ရှုပ်ရှုပ်ချွန်ချွန် တိုက်ခိုက်ခဲ့၏။ ထို့နောက် နိုင်ငံရေးလောကသို့ ဝင်လာ၏။ သူ ပထမယုံကြည်တာက ဆိုရှယ်လစ်ဝါဒ။ နောက်တော့ သူက လက်ဂျာစွန်း ပြန်ရောက်သွား၏။ နိုင်ငံရေးသမားအနေနှင့် စကားပြောကောင်းဖို့လိုသည်ကို သူသိ၍ စကားပြောလေ့ကျင့်၏။ လူထု၏ ရင်ထဲကို တိုက်ရိုက်ထိမှန်သည့်စကားတွေကို ဒေါနှင့်မောနှင့်၊ အားနှင့်မာန်နှင့် ပြောကြားရန် ကြိုးစားသည်။ ထို့နောက် အစိုးရကို အာဏာသိမ်းရန် ကြိုးစားသူများနှင့် ပေါင်း၏။ သူတို့၏ အာဏာသိမ်းပွဲက မအောင်မြင်။ ထို့နောက် သူက စစ်ကြီးခေတ် ဂျာမန်ဒီမိုကရက်တစ်စနစ်ကို လိုက်နာ၏။ ဂျာမနီ စီးပွားရေးချွတ်ခြုံကျသည့်အချိန်တွင် သူက ကယ်တင်ရှင်အဖြစ် လုပ်ပြမည်ဟု ဆို၏။ သို့ဖြင့် သူ့ကို အဓိပတိအဖြစ် ရွေးချယ်ကြသည်။

ဟစ်တလာက အာဏာမက်၏။ လူမျိုးရေးခွဲခြားမှု ပြင်းထန်၏။ တဇွတ်ထိုး လုပ်ချင်ရာလုပ်၏။ သို့သော် သူက အရူးတစ်ယောက်တော့ မဟုတ်။ သို့သော် သူက နယ်ချဲ့ရင်းနှင့် သူစစ်တပ်ကို သူမထိန်းနိုင်တော့။ သူအာဏာရရန် သူဖန်တီးခဲ့သော သတ္တဝါကြီးကို သူပြန်မထိန်းနိုင်တော့။ အမေရိကန်နှင့် ဆိုဗီယက်ယူနီယံဆိုသော ကမ္ဘာ့စူပါပါဝါအင်အားကြီးနိုင်ငံ နှစ်ခုကြားတွင် ကြားညပ်ခဲ့သော သူ၏ နှစ် ၁၀၀၀ သက်တမ်းနိုင်ငံကြီးက ၁၂ နှစ်သာ ကြာရှည်ခံပြီး ပျက်ယွင်းခဲ့၏။

○

သေမင်းတမန်
နတ်သားများ

ကပ္ပတိန်
ပိုတိုဟာရ အိုကာမူရ

သေမင်းတမန် နတ်သားများ - ကပွတိန် မိုတိုဟာရှအိုကာမူရာ

အဓိကလက်သည်	- ကပွတိန်မိုတိုဟာရှအိုကာမူရာ
ဘာကိုကြိုတင်ပြောခဲ့သလဲ	- အသေခံလေကြောင်း တိုက်ခိုက်မှုများ ဖြင့် မဟာမိတ်သင်္ဘောများ၊ လေယာဉ်များကို တိုက်ခိုက်ခြင်းဖြင့် ဂျပန်တို့စစ်ရှုံးသည့် ဘေးမှကင်းဝေးမည်။
အမှန်တကယ်ဘာဖြစ်လာသလဲ	- အသေခံတိုက်ခိုက်မှုများက လက်တွေ့တွင် မထိရောက်ပဲ ဂျပန်တို့ စစ်ရှုံးခဲ့၏။

ကျုပ်တို့ လေယာဉ်တွေနဲ့ အတင်းဝင်တိုး တိုက်တာကလွဲလို့ ခုချိန်မှာ တခြားနည်းလမ်းမရှိဘူး။ "ကျုပ်တို့ နိုင်ငံကို ကယ်တင်ဖို့ရာ ကျုပ်တို့မှာ ဒါမျိုးလုပ်မယ့် စေတနာ့ဝန်ထမ်းတွေကလည်း လိုတာထက်တောင် များနေသေးတယ်။ ကျုပ်ကို လေယာဉ်ပျံ ၃၀၀ သာ စီစဉ်ပေးပါ။ စစ်ရဲ့ ဒီရေကို ကျွန်တော် ပြောင်းပေးပါမယ်"

ကပွတိန် မိုတိုဟာရှအိုကာမူရာ (၁၉၄၄)

ယခုအခါ အီရတ်နှင့် အာဖဂန်နီစတန်တို့တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုများကို တွေ့နေရ၏။ မိမိအသက်ကို မိမိ လုံးဝမနှမျောဘဲ သက်ရှိဗုံးတစ်လုံးကို သဘောထားကာ အသေခံ တိုက်ခိုက်မှုများကို ဗြိတိသျှနှင့် အမေရိကန်တပ်များခံခဲ့ကြရသည်မှာ ယခုအကြိမ်သည် ပထမဆုံးမဟုတ်။

ဒုတိယကမ္ဘာစစ်ပြီးခါနီး (၁၉၄၁-၄၅) တွင် ပစိဖိတ်သမုဒ္ဒရာတွင် အမေရိကန်နှင့် ဂြိတိသျှရေတပ်တို့က ဂျပန်တပ်ဖွဲ့များကို သူတို့နိုင်ငံသို့ မောင်းထုတ်နေချိန်။ ထိုအခါ ဂျပန်ရေတပ်နှင့် လေတပ်တို့က မဟာဗျူဟာ၊ သေနင်္ဂဗျူဟာ တစ်မျိုးပြောင်းလိုက်၏။ သူတို့က "ကာမိကာဇေ" ဆိုသော အသေခံဗုံးခွဲသမားများကို မဟာမိတ်သင်္ဘောနှင့် လေယာဉ်များထံ ဗုံးခွဲတိုက်ခိုက်ရန် စီစဉ်၏။ ဗုံးအပြည့်တင်လာသော ဂျပန်လေယာဉ်တစ်စင်းက မဟာမိတ်သင်္ဘောတစ်စင်းကိုမြင်လျှင် ထိုသင်္ဘောပေါ်တည့်တည့်သို့ လေယာဉ်ကို ထိုးစိုက်ဆင်းကာ ဖျက်ဆီးတိုက်ခိုက်ခဲ့ကြ၏။ အချို့အသေခံ ဂျပန်လေသူရဲများဆိုလျှင် မဟာမိတ်သင်္ဘော၏ ခေါင်းတိုင်အလည်တည့်တည့်ကိုလေယာဉ်ထိုးစိုက်ကာ ဖောက်ခွဲပစ်ကြ၏။ "ကာမိကာဇေ" တို့မှာ ဂျပန်တို့၏ရှေးခေတ်က "ဘုရှိဒို" ခေါ် သူရဲကောင်းစိတ်ဓာတ်ကို ပြန်လည်အသက်သွင်းခြင်း ဖြစ်၏။ ဤသို့ အသေခံရခြင်းသည် ဂျပန် ဧကရာဇ်ကို အမြင့်ဆုံးတန်ဖိုးရှိစွာ အမှုတော်ထမ်းခြင်းဟု ယူဆထားကြ၏။ ဤသို့ အသေခံတိုက်ခိုက်သူကို သူရဲကောင်းအဖြစ်လည်း သတ်မှတ်ဂုဏ်ပြုကြ၏။

ဂျပန်တို့သည် ၁၉ ရာစုတွင် ဩဇောအာဏာ မြင့်တက်လာကာ မိမိကိုယ်ပိုင်အင်ပါယာ ထူထောင်နိုင်ခဲ့၏။ ပါလီမန်ဒီမိုကရေစီစနစ်ကို "ဧကရာမ်ထိုင်ရိ" (၁၈၇၉-၁၉၂၆) လက်ထက်တွင်သာ ခေတ္တကျင့်သုံးခဲ့ပြီးနောက် "ဧကရာဇ်ရိုဝ" လက်ထက်တွင်ကား သက်ဦးဆံပိုင်ပုံစံမျိုးသို့ ပြောင်းလာ၏။ ထိုခေတ်တွင် အစွန်းရောက် မျိုးချစ်ဝါဒနှင့် စစ်ဝါဒကို ကျင့်သုံးကာ အာရှကို လွှမ်းမိုးနိုင်သော ဂျပန်ဖြစ်အောင် ထူထောင်ကြ၏။

ဂျပန်နှင့် အိမ်နီးနားချင်း တရုတ်ပြည်က လူဦးရေလည်းများ၊ သဘာဝသယံဇာတလည်း ပေါ၏။ ဂျပန်ကမူ မြေကလည်း သေးသေးလေး၊ သဘာဝသယံဇာတကလည်း နည်း၏။ အာရှ၏ ဒုတိယကမ္ဘာစစ်က ဥရောပထက် တော်တော်ပင်ပိုစောဏ်။ ၁၉၃၁ တွင် ဂျပန်က တရုတ်ပြည်မြောက်ပိုင်း မန်ချူးရီးယားကို တိုက်ခိုက်သိမ်းပိုက်၏။ ထို့နောက် နန်းကျဘုရင် ဧကရာဇ် ပုယီ (၁၉၀၆-၆၇) ကို မန်ချူးရီးယားပြည်နယ်၏ ရုပ်သေးအစိုးရခေါင်းဆောင်အဖြစ် ခန့်၏။ ၁၉၃၇ ခုနှစ်အထိ နှစ်နိုင်ငံက ရန်စောင်နေကြ၏။ ထို့နောက် တရုတ်တစ်ပြည်လုံးကို ဂျပန်က အင်ပြည့်အားပြည့် ကျူးကျော်

တိုက်ခိုက်ခဲ့၏။ နိုင်ငံပေါင်းချုပ်အသင်းကြီးက ကန့်ကွက်၏။ သို့သော် ဝင်ရောက်စွက်ဖက်ခြင်းကား မဟုတ်။ အမေရိက ဗြိတိန်နှင့် ပြင်သစ်တို့က စီးပွားရေးပြဿနာတွေ ရင်ဆိုင်နေရ၏။ ထိုအချိန်တွင် ဂျာမနီတွင် ဟစ်တလာက အာဏာရလာ၏။ ၁၉၄၁ တွင် ဂျပန်က အရှေ့တောင်အာရှကို ကျူးကျော်၏။ ပုလဲဆိပ်ကမ်းကို တိုက်ခိုက်၏။ သို့ဖြင့် အမေရိကန်က စစ်ထဲဝင်လာရတော့သည်။

ဟစ်တလာကဲ့သို့ပင် ဂျပန်ကလည်း အရှေ့တောင်အာရှနှင့် ပစိဖိတ်ကို သိမ်းပိုက်လို၏။ နောက်သုံးနှစ် ကြာသောအခါ မဟာမိတ်တပ်များက ဂျပန်တို့ကို သူတို့နိုင်ငံသို့ ပြန်လည်မောင်းထုတ်နိုင်ခဲ့၏။ ပစိဖိတ်တွင်ဖြစ်သော စစ်ပွဲက ရေတပ်စစ်ပွဲပင် ဖြစ်၏။ သို့သော် တိုက်လေယာဉ်နှင့် ဖျက်သင်္ဘော အရေအတွက်က စစ်ပွဲရလဒ်ကို မဆုံးဖြတ်နိုင်။ ဂျပန်တို့က ပုလဲဆိပ်ကမ်းတွင် အမေရိကန်၏ ပစိဖိတ်ရေတပ်ကို လေကြောင်းတိုက်ခိုက်မှုဖြင့် အများအပြားပျက်စီးစေခဲ့၏။ ယခုလည်း ပစိဖိတ်ရှိ အမေရိကန်ရေတပ်ကို ဖျက်ဆီးနေသည်မှာ ဂျပန်လေတပ်။

ဂျပန်တို့ကို ယခင်က တရုတ်တို့က ကျူးကျော်တိုက်ခိုက်မှု နှစ်ကြိမ် လုပ်ဖူး၏။ အလယ်ခေတ်က ဖြစ်၏။ တရုတ်ပြည်၏ မွန်ဂိုဘုရင်များ၊ ကူဗလေခန် (၁၂၁၅-၉၄) က ဂျပန်ကို ကျူးကျော် တိုက်ခိုက်ဖူးသည်။ ကိုးရီးယားက ၁၂၇၄ နှင့် ၁၂၈၁ တွင် တိုက်ခိုက်ဖူး၏။

ကပ္ပတိန် မိုတိုဟာရအိုကာမူရာ (၁၉၀၁-၄၈) ကဲ့သို့ ပုဂ္ဂိုလ်မျိုးကား ဂျပန်၏ စစ်ဝါဒမှ တိုက်ရိုက်ထုတ်လုပ်လိုက်သော ပုဂ္ဂိုလ်မျိုးဖြစ်၏။ စစ်မတိုင်မီက သူသည် လေသူရဲဖြစ်၏။ ၁၉၃၇-၄၅ တွင် တရုတ်ဂျပန်စစ်ပွဲ၌ ပါဝင်တိုက်ခိုက်ခဲ့၏။ ထို့နောက် တိုကျိုဒေသလေကြောင်းတာဝန်ခံ ဖြစ်လာ၏။ ၁၉၁၄ မတိုင်မီက အသေခံတပ်ဖွဲ့များက ကြိုကြားကြိုကြား တိုက်ခိုက်မှုများ ပြုလုပ်ကြ၏။ သို့သော် မဟာမိတ်ရေတပ်များကို အသေခံဗုံးကြဲသမားများကို စုစည်းကာ အထူးတပ်ဖွဲ့ ဖွဲ့ပြီး တိုက်ခိုက်ရန် ပထမဆုံးအကြံပြု သူကား "အိုကာမူရာ" ပင် ဖြစ်သည်။ သူ၏ ဦးဆောင်မှုဖြင့် ဂျပန်လူငယ် ထောင်ကျော် သေဆုံးခဲ့ကြ၏။

"တုပ်ပြီးရင်သေတဲ့ ပျားတွေလိုပဲ" ဟု "အိုကာမူရာ" က ဂုဏ်ယူစွာ ပြောခဲ့၏။

ဂျပန်တို့၏ ''ကာမိကာဇေ'' တိုက်ခိုက်မှုကြောင့် သင်္ဘော ၈၁ စင်း နစ်မြှုပ်ကာ ၁၉၅ စင်း ပျက်စီးခဲ့သည်ဟု ဆို၏။ အမေရိကန်ရေတပ်၏ ထုတ်ပြန်ချက်အရမူ ၃၄ စင်းနစ်မြှုပ်ကာ ၃၆၈ စင်း ပျက်စီးသည်ဟု ဆို၏။ ဂျပန်တို့ဘက်မှ လေသူရဲ ၅,၀၀၀ သေ၏။ မဟာမိတ်ဖက်မှလည်း ၅,၀၀၀ လောက် သေကြေဒဏ်ရာရကြ၏။ သို့သော် ''ကာမိကာဇေ'' ကြောင့်ကား ဂျပန်တို့အပေါ် မဟာမိတ်တို့၏ ထိုးစစ်က ရပ်တန့်မသွား။ ''အိုကာမူရာ'' ပင် ''ကာမိကာဇေ'' လုပ်ခွင့်မရ။ ဂျပန်တို့ စစ်ရှုံးတော့ သူလည်း လက်နက်ချလိုက်ရ၏။ ၁၉၄၈ ခုနှစ်တွင် သူက သူ့ဘာသာသူ သေနတ်နှင့် ပစ်ကာ အဆုံးစီရင်ခဲ့၏။ သူ့ကြောင့် ဂျပန်လူငယ် ထောင်ပေါင်းများစွာ သေကြေခဲ့ရသည်ကို သူ နောင်တ အကြီးအကျယ်ရခဲ့သည် ဆို၏။

○

အားလုံး လှုပ်ခါနေပြီ

တရရှိုက်တီ မဂ္ဂင်း

အားလုံး လှုပ်ခါကုန်ပြီ – ဗာရရိုက်တီ မဂ္ဂဇင်း

အဓိကလက်သည် – ဗာရရိုက်တီ မဂ္ဂဇင်း

ဘာကိုကြိုတင်ပြောခဲ့သလဲ – ရော့(ခ်)အင်ရိုးဆိုတာဟာ တစ်နေ့ပဲခံ မလား။

အမှန်တကယ်ဘာဖြစ်လာသလဲ – ရော့(ခ်)ဂီတ ဘယ်တော့မှ မသေဆုံး "ဓွန်လဆိုပြီးပါပြီ။"

ဗာရရိုက်တီ မဂ္ဂဇင်းက ရော့ခ်အင်ရိုးနှင့် ပတ်သက်ပြီး ၁၉၅၅ မှာ ပြောခဲ့

တွက်ကိန်းအချို့ကား အလွဲကြီးလွဲခဲ့တာတွေ ရှိသည်။

ဥပမာ- ဟောလီးဝုဒ်မင်းသား "ဖရက်အက်စကဲ" (၁၈၉၉-၁၉၈၇) သည် သီချင်းမဆိုနိုင်။ သရုပ်မဆောင်နိုင်။ မကနိုင်။

ယခု အလွန်အရောင်းရတွင် ကျယ်သော "ဟယ်ရီပေါ်တာနှင့် ပြဒါးရှင်လုံး" (၁၉၉၇) စာအုပ်ကို ထုတ်ဝေသူ တစ်ဦးက ငြင်းပယ်၍ တစ်ဦးကသာ အုပ်ရေ ၁,၀၀၀ စမ်းထုတ်ခဲ့ရ၏။

"ရော့ခ်အင်ရိုးဂီတ" စပေါ်တုန်းကလည်း ဒီလိုပါပဲ။ ကြာရှည်မခံ အရူးချီးပန်း ဂီတဟု ထင်ကြ၏။ ကမ္ဘာကျော် "ဗာရရိုက်တီ" မဂ္ဂဇင်းကလည်း ထိုသို့ပင် ယတိပြတ်ပြောခဲ့၏။ ၁၉၅၅ တွင် ထိုသို့ပင် အကဲဖြတ်ခဲ့၏။

အမေရိကတွင် ရော(ခ်)ဂီတသည် ဇရာမ လူမှုအပြောင်းအလဲအဖြစ် နေ့ချင်း ညချင်း ပေါက်ကွဲလာ၏။ ၁၉၄၈ နှင့် ၁၉၄၉ တွင် ကိုလံဘီယာ ဓာတ်ပြားကုမ္ပဏီက "လောင်းပလေး" ခေါ် တစ်မိနစ်ကို ၃၃ ပတ်လည်သော ဓာတ်ပြားခေတ်ပေါ်လာ၏။ ထိုအချိန်တွင် ရုပ်မြင်သံကြားကလည်း စတင်ပေါ်လာကာ ရေဒီယိုနေရာတွင် အစားထိုးဝင်လာ၏။ ဂီတတွင်လည်း တီထွင်ဆန်းသစ်မှုတွေဖြစ်ကာ လျှပ်စစ်ဂီတာပေါ်လာသည်၊ အသံချဲ့စက်တွေ ပေါ်လာသည်။ မိုက်ခရိုဖုန်းခွက်တွေ နည်းပညာဆန်းသစ်လာ၏။

စစ်ပြီးခေတ်တွင် အမေရိကက စီးပွားတက်လာသည်။ ၁၉၂၀ တစ်ဝိုက်က မရှိခဲ့ဖူးသော အသုံးအဖြုန်းတွေရှိလာသည်။ လူတွေက ပိုချမ်းသာလာကြသည်။ ပိုဖိမ်ခံလာကြ၏။ လူငယ်တွေကလည်း လွတ်လပ်ချင်လာ၏။ မိဘအချုပ်အခြယ်က ရုန်းထွက်လာကြ၏။ ၁၉၄၀ ခေတ်မျိုးက စာရိတ္တထိန်းချုပ်မှုမျိုးတွေကို ချိုးဖျက်လာ၏။ ၁၉၅၈ ပတ်ဝန်းကျင်တွင် လူငယ်တို့၏ ယဉ်ကျေးမှုဟောင်းကို ဆန့်ကျင်သော လှုပ်ရှားမှုတွေ ပေါ်လာ၏။ သို့ဖြင့် ၁၉၆၀ ပိုင်းတွင် လူငယ်များသည် ဆံပင်ရှည်ရှည် ထားကြ၊ မူးယစ်ဆေးသုံးကြ၊ လွတ်လွတ်လပ်လပ်နေလာကြ၏။ သားရေဂျာကင်ဝတ်၊ ဂျင်းဘောင်းဘီဝတ်ကြ၏။ လူငယ်တွေ။ စစ်ကိုမလို၊ အချစ်ကိုလိုသည်ဆိုကာ စစ်ဆန့်ကျင်ရေးလုပ်ကြ၏။ ငြိမ်းချမ်းရေးကို တောင်းဆိုကြ၏။ ဤတွင် "ရော(ခ်)အင်ရိုး" ဂီတက လူငယ်တွေကြားမှာ ပေါက်ကွဲခေတ်စားလာ၏။ ၁၉၅၇ ခုနှစ်တွင် နယူးယောက်မြို့၊ ကိုလံဘီယာတက္ကသိုလ်မှ စိတ်ပညာပါမောက္ခ "အေအမ်မီယာရီယို" က "ရော(ခ်)အင်ရိုး" ကိုမှ မထိန်းနိုင်လျှင် အသုဘအကမျိုးတွေဖြစ်လာပြီး ယဉ်ကျေးမှုကပ်ဆိုက်ပြီး ပျက်စီးလိမ့်မယ်ဟု ပြောကြား၏။

တကယ့်ပြဿနာအစစ်က ရော(ခ်)ဂီတ၏ သစ်လွင်မှုကို ဆန့်ကျင်တာ မဟုတ်။ ဤဂီတ၏အစက လေးစားဖွယ်ကောင်းသော လူလတ်တန်းစား လူဖြူများ (စစ်ကြေ့ခေတ ဂီတပိုင်း)မှစ၏။ ထိုဂီတကို အလုပ်သမား လူတန်းစားနှင့် အာဖရိက၊ အမေရိက ကပြားတို့၏ ဘုရားသီချင်းပုံစံနှင့် သွားရောစပ်၏။ ပြီးတော့ ကျေးလက်ဂီတနှင့်ပါ ပေါင်းစည်းလိုက်၏။

ဤသို့ပုံစံမျိုးကို ၁၉၅၀ စောစောပိုင်း လူငယ်ပရိသတ်က သိပ်လက်ခံသည်။ တောင်ဘက်ပိုင်းကမူ ရှုံ့ချ၏။

ရော့ခ်ဂီတကို ပထမဆုံး မည်သူ စတင်ဖန်တီးသလဲဆိုတာကိုမူ ယခုတိုင် အငြင်းပွားနေဆဲ။ ငြင်းလို့မရတာကတော့ "အဲလ်ဗစ်ပရက်စလေ" (၁၉၃၅-၇၄) ဖြစ်၏။ သူ၏ "အားလုံးအဆင်ပြေတယ် မေမေ" ဆိုသော သီချင်းဓာတ်ပြား ၁၉၇၄ တွင် ထွက်လာသည်။ "ရိုးလင်းစတုံး" မဂ္ဂဇင်းက ပထမဆုံး ရော့ခ်ဓာတ်ပြားဟု မှတ်ချက်ပေးသည်။

○

ရုပ်မြင်သံကြားက ကြာရှည် မခံပါ

ဒါရိုလ် အက်ဖ်ဇာနတ်(ဂ်)

ရုပ်မြင်သံကြားက ကြာရှည်မခံပါဘူး
ဒါရီးလ်အက်ဖ်ဇနတ်(ဂ်)

အဓိကလက်သည် - ဒါရီးလ်အက်ဖ်ဇနတ်(ဂ်)
ဘာကိုကြိုတင်ပြောခဲ့သလဲ - ရုပ်မြင်သံကြားဆိုတာ ကြာရှည်မခံဘူး။
အမှန်တကယ်ဘာဖြစ်လာသလဲ - အိမ်တိုင်းလိုလို ရုပ်မြင်သံကြားစက်ရှိ နေကြပြီ။

ရုပ်မြင်သံကြားက စျေးကွက်မဝင်ပါဘူး။ မသကာသက်တမ်းရှည်လှ ခြောက်လပေါ့။ သုံးထပ်သားကြီးကို ဘယ်သူက အကြာကြီး စိုက်ကြည့် ကြမှာလဲ။

ဒါရီးလ်အက်ဖ်ဇနတ်(ဂ်) (၁၉၄၆ က ပြောစကား)

စစ်ကြီးပြီးသည့်နောက်တွင် ယဉ်ကျေးမှုနှင့် နည်းပညာအပြောင်း အလဲများစွာ ဖြစ်လာ၏။ အထူးသဖြင့် မီဒီယာလောက။ အင်တာနက်မပေါ် မခြင်း မီဒီယာတွင် အင်အားအကောင်းဆုံးက ရုပ်မြင်သံကြား ဖြစ်၏။ ၁၉၅၀ နှစ်များ နောက်ပိုင်းတွင် မီဒီယာလောကကို လွှမ်းမိုးသွားသည်မှာ ရုပ်မြင်သံကြား ဖြစ်၏။ ရုပ်မြင်သံကြားသည် ၁၉၆၀ နှင့် ၁၉၇၀ ခုနှစ် များတွင် အကြီးကျယ်ဆုံး လူမှုအပြောင်းအလဲဖြစ်စေသည့် နည်းပညာဆိုင် ရာ တီထွင်မှုဖြစ်၏။ သို့သော် ရုပ်မြင်သံကြားသည် ၁၉၄၀ ခုနှစ် နောင်းပိုင်း

တွင် အမေရိကန်နှင့် ဥရောပ၌ ရေဒီယိုနှင့် ရုပ်ရှင်တို့၏ ကြီးမားလှသော သြဇာကို မနည်းထိုးဖောက်ခဲ့ရ၏။

ရေဒီယိုကား အင်တာနက်ခေတ်အထိ ရှင်သန်ဆဲ။ သို့သော် ၁၉၂၀ မှ ၁၉၅၀ ခုနှစ်များတွင်မူ ရေဒီယို၏ သြဇာအရှိန်က အလွန်ကြီး၏။ ရေဒီယိုတွင် ဖျော်ဖြေမှုမျိုးစုံပါ၏။ သတင်းနှင့် သီချင်းအပြင် ရေဒီယိုဇာတ်လမ်း၊ ကလေးများအတွက် ပုံပြင်၊ ဟာဒယရှင်ဆေး၊ ပဟေဠိစသဖြင့် ကဏ္ဍစုံပါ၏။ ၁၉၄၀ ခုနှစ်များမတိုင်မီကာလတွင် ရုပ်ရှင်သည်လည်း အများပြည်သူဖျော်ဖြေမှုတွင် ဗိုလ်စွဲခဲ့၏။ ရုပ်ရှင်ရုံများ သူ့ထက်ငါ ကြီးကျယ်ဆန်းပြားအောင် တီထွင်တည်ဆောက်ကြ၏။ နောက်ဆုံးတွင် စူပါမားကတ်တိုင်းတွင် မီနီသီယေတာခေါ် ရုပ်ရှင်ရုံငယ်များ ဝင်လာသည်အထိ။ မြင်ကွင်းကျယ်တို့၊ ဆေးရောင်စုံတို့၊ စတီရီယိုအသံစနစ်တို့ ထွန်းကားလာတော့ ရုပ်ရှင်သည် ဖြေဖျော်မှု သရဖူဆောင်းခဲ့၏။

ရုပ်ရှင်ရုံက ပိတ်ကားကြီးကြီး အားရပါးရ ကြည့်ရသည့်အချိန်တွင် ရုပ်မြင်သံကြားက ဖန်သားပြင်သေးသေးလေးနှင့်မို့ လူတွေကို ဆွဲဆောင်မှုအားနည်းခဲ့၏။ ဟောလီးဝုဒ်၏ စတူဒီယိုများစွာကို ပိုင်ဆိုင်သူ ရုပ်ရှင်သူဌေး "ဒါရီးလ်အက်ဖ်ဇာနတ်(က်)" (၁၉၀၂-၇၉) က ၁၉၄၆ တွင် ရုပ်မြင်သံကြားနှင့် ပတ်သက်၍ မှတ်ချက်တစ်ခုချခဲ့၏။

"ဟောဒီ သုံးထပ်သားပုံးလေးထဲက အရုပ်လေးတွေ ကြည့်ရတာ လူတွေ စိတ်ကုန်သွားမှာပဲ။ ဘယ်သူက ဒီလို ညတိုင်း ကြည့်ချင်မလဲ"

သူ၏တွက်ကိန်း မှားသွားသည်။ ယခုတော့ ရုပ်မြင်သံကြားစက်တွေက ပိုကောင်းလာ၏။ ပိုကြီးလာ၏။ အရောင်တွေက ပိုစိုလာသည်။ အသံစနစ်တွေ ပိုကောင်းလာသည်။ ထို့ကြောင့် ရုပ်မြင်သံကြား ပရိသတ်က ပိုများလာ၏။ ရုပ်ရှင်ရုံ အများအပြား ပိတ်သွားကြရသည့်အထိ။ ရုပ်မြင်သံကြားသည် လျှပ်စစ်နှင့် စက်မှုပေါင်းစပ် တီထွင်မှုဖြစ်သည်။ ကြေးနန်းတယ်လီဖုန်းနှင့် ဝါယာလက်သံကြိုးစနစ်တို့ တီထွေအပြီးတွင် ရုပ်မြင်သံကြား တီထွင်ရန် စိတ်ကူးများ ရလာ၏။

၁၈၇၈ ခုနှစ်တွင် ဗြိတိသျှ "ပန့်ချ်" မဂ္ဂဇင်းတွင် ကာတွန်းဆရာအဖြစ် လုပ်ဆောင်နေသူ တစ်ဦးက "တယ်လီဖိုနိုစကုတ်" ဆိုတာကို

တီထွင်ခဲ့၏။ တယ်လီဖုန်းနှင့် ဗီဒီယိုနည်းပညာပေါင်းစပ်မှု ဖြစ်၏။ ဤသို့ဖြင့် ၁၈၇၉ တွင် ကာတွန်းရုပ်ရှင်ပေါ်လာ၏။ ၁၉၃၆ ခုနှစ် ဘာလင်အိုလံပစ်တွင် ဤတီထွင်မှုက ပိုခေတ်စားလာသည်။

ပထမမျိုးဆက် ရုပ်မြင်သံကြားက စက်မှုနည်းပညာဖြင့် အရုပ်များကို ဖမ်းကာ ရေဒီယိုလှိုင်းဖြင့် ထုတ်လွှင့်ခြင်းပုံစံ ဖြစ်၏။ ၁၈၄၀ ခုနှစ်များက စကော့လူမျိုး အင်ဂျင်နီယာ "အလက်ဆန်ဒါဘိန်း" (၁၈၁၁-၇၇) က ရှေးဦးဖက်စ်စက်ပုံစံတစ်ခုကို စတင်တီထွင်သည်။ ရုပ်သေဓာတ်ပုံများကို ဝါယာကြိုးကြေးနန်းထဲသို့ ထည့်သွင်းသည့်စနစ် ဖြစ်၏။ သို့သော် အသက် ၂၃ နှစ်အရွယ် ဂျာမန်အင်ဂျင်နီယာကျောင်းသား "ပေါ်လ်နစ်ကိုး" (၁၈၆၀-၁၉၄၀) က ၁၈၈၃ တွင် "ဘိန်း" ၏ တီထွင်မှုကို ထပ်မံမွမ်းမံကာ ရုပ်သံစက်တစ်ခုကို တီထွင်၏။ ဤ "နစ်ကိုး" မှ တစ်ဖန် ၁၉၂၆ တွင် လန်ဒန်၌ စကော့လူမျိုး တီထွင်သူ "ဂျွန်လောဂီဆေးယတ်" (၁၈၈၈-၁၉၄၆) က မွမ်းမံကာ "လျှပ်စစ်စက်မှု" ရုပ်မြင်သံကြားစနစ်ကို တီထွင်ခဲ့၏။ ဤတီထွင်မှုကို အမိုပြုပြီး "လီးဒီဖောရက်စ်" (၁၈၇၃-၁၉၆၁) က နည်းပညာပိုမြင့်သော ရုပ်မြင်သံကြား ထပ်မံလုပ်ဆောင်၏။

ပထမဆုံးပေါ်ထွက်လာသော ရုပ်မြင်သံကြားစက်က သေး၏။ အသံတိတ်ဖြစ်၏။ လိုင်း သုံးဆယ်သာပေါ်သဖြင့် အရုပ်က သိပ်မဝိုပြင်။ ဝိုးတိုးဝါးတား ပုံရိပ်တွေဖြစ်နေသည်။ နောက်ထပ် (၁၀)နှစ်တွင် "အေးယတ်" က နည်းပညာကို ပိုမြင့်တီထွင်၏။ သို့ဖြင့် ၁၉၃၆ တွင် ဘီဘီစီက လိုင်း ၂၃၀ ပါသော ရုပ်မြင်သံကြားကို ပြသနိုင်ခဲ့၏။ ဟန်ဂေရီလူမျိုး အင်ဂျင်နီယာ "ကာလ်မန်တီဟန်ယီ" (၁၈၉၇-၁၉၄၇)က ဒုတိယမျိုးဆက် ရုပ်မြင်သံကြားကို ထပ်မံဖန်တီး၏။ နောက်ထပ် နှစ် ၇၀ ကြာလာသောအခါ ရုပ်မြင်သံကြား နည်းပညာ အလွန်အဆင့်မြင့်လာ၏။ ဖန်သားပြင်အခုံးမှ ဖန်သားပြင်အပြား ဖြစ်လာသည်။ ဖန်သားပြင်အကျယ်က အလွန်ကြီးလာသည်။ အသံစနစ်က ပိုကောင်းလာသည်။

အီလက်ထရွန်နစ်ရုပ်မြင်သံကြားက လျှပ်စစ် စက်မှုရုပ်မြင်သံကြားကို ၁၉၃၀ အလည်ပိုင်းတွင် အစားထိုးလာ၏။ သို့သော် ဒုတိယကမ္ဘာစစ်(၁၉၃၉-၄၅) က အမေရိကန်နှင့် ဥရောပက ရုပ်မြင်သံကြား စီးပွားရေးလုပ်ငန်းကို

အဟန့်အတား ဖြစ်စေ၏။ ၁၉၅၁ တွင်မူ အမေရိကန် ရုပ်မြင်သံကြားက ပထမဆုံး ကမ်းရိုးတန်းတစ်ခုမှတစ်ခုသို့ ရုပ်သံလွှင့်ခြင်းနှင့် လိုက်ဖ်လွှင့်ခြင်းကို စတင်ခဲ့၏။ ပထမဆုံး လိုက်ဖ်လွှင့်တာက အမေရိကန်သမ္မတ "ဟယ်ရီ အက်ထရူးမင်း" (၁၈၈၄-၁၉၇၂) ဖြစ်၏။ နောက်တစ်ယောက်က အမေရိကန်သမ္မတ "ဒွိုက်ဒီအိုက်စင်ဟောင်ဝါ" (၁၈၉၀-၁၉၆၉) ဖြစ်၏။

ရုပ်မြင်သံကြား၏ အစကနဦးပိုင်းကာလတွင် ရုပ်ရှင်ကလည်း "အသံထွက်ရုပ်ရှင်" တွေ ပေါ်လာ၏။ "ဒါရီးလ်အက်ဖ်ဂါနတ်(ဂ်)" က ဟောလီးဝုဒ် တည်ထောင်သူများထဲတွင် တစ်ဦးအပါအဝင် ဖြစ်၏။ သူက ရုပ်ရှင်လောကသို့ အသက် ၂၀ တွင် ဇာတ်ညွှန်းရေးသူအနေနှင့် ဝင်လာသည်။ ၁၉၂၄ တွင် ဝါနာဘရားသား(စ်) ရုပ်ရှင်ကုမ္ပဏီတွင် အလုပ်ရ၏။ ထိုကုမ္ပဏီတွင် သူ ငါးနှစ်ကြာမျှ ဇာတ်ညွှန်း ရေးပေးခဲ့၏။ ၁၉၃၁ တွင် ထုတ်လုပ်ရေးဌာန အကြီးအကဲဖြစ်လာသည်။ ၁၉၃၃ တွင် "ဂါနာ" မှ ထွက်ကာ "၂၀ ရာစုရုပ်ရှင်" ကုမ္ပဏီ ထူထောင်သည်။ ၁၉၃၅ တွင် "မြေခွေး" ကုမ္ပဏီကိုပါ ထပ်ဝယ်ကာ "၂၀ ရာစု မြေခွေး" ကုမ္ပဏီကို ထူထောင်၏။ သူ၏ ကုမ္ပဏီမှ ကမ္ဘာကျော် ဂန္ဓဝင်ရုပ်ရှင် အတော်များများကို ထုတ်လုပ်ခဲ့၏။

၁၉၆၀ ခုနှစ်များ နောက်ပိုင်းနှင့် ၁၉၇၀ ခုနှစ်များအတွင်းတွင်မူ ရုပ်မြင်သံကြားက အထူးတိုးတက်လာ၏။ အိမ်တော်တော်များများ၏ ဧည့်ခန်းတွင် ရုပ်မြင်သံကြားစက်က မရှိမဖြစ် ဖြစ်လာ၏။ အိပ်ချ်ဒီဒစ်ဂျစ်တယ် မှန်ပြား ရုပ်မြင်သံကြားစက်များ၊ သရီးဒီ သုံးဖက်မြင်ရုပ်လုံးကြွ ရုပ်မြင်သံကြားစက်များပေါ်ထွန်းလာ၏။ ရုပ်မြင်သံကြားက ကမ္ဘာတစ်ဝှမ်းတွင် နေရာအနှံ့ ပျံ့နှံ့လာသည်။

○

အကျုပ်။ အိပ်မက်များ

အလက်ဇန်းဒါးလျှ(ထ)

အဏုမြူအိပ်မက်များ - အလက်ဇန်ဒါး လျူ(ထ်)

အဓိကလက်သည်	- အလက်ဇန်ဒါး လျူ(ထ်)
ဘာကိုကြိုးတင်ပြောခဲ့သလဲ	- အဏုမြူစွမ်းအင်ကို အိမ်တွေမှာပဲ သုံးကြမယ်။
အမှန်တကယ်ဘာဖြစ်လာသလဲ	- အမေရိကန်နှင့် ဆိုဗီယက် ယူနီယံတို့က အဏုမြူကို စစ်လက်နက်အဖြစ် အသုံးပြုကြသည်။

အဏုမြူပါဝါစွမ်းပကားနဲ့ အိမ်သုံးပစ္စည်းတွေမှာ သုံးကြမယ်။

အလက်ဇန်ဒါး လျူ(ထ်)

(နယူးယောက်တိုင်း(မ်) အင်တာဗျူး ၁၉၅၅ တွင် ပြောခဲ့)

"အဏုမြူခေတ်" သည် ၁၉၄၅ ခုနှစ် ဟီရိုရှီးမားနှင့် နာဂါဆာကီတွင် ဗုံးမကြဲခင် အတော်ကြာကပင် စတင်ခဲ့၏။ ၁၈၉၈ ခုနှစ်။ ပြင်သစ်သိပ္ပံပညာရှင် "အင်တိုင်းအက်ကွာရယ်လ်" (၁၈၅၂-၁၉၈၀) က ရေဒီယို အက်တစ်ကို ရှာဖွေတွေ့ရှိပြီး နှစ်နှစ်အကြာ "မာရီကျူရီ" (၁၈၆၇-၁၉၃၄) က "ရေဒီယမ်" ကို တွေ့ရှိခဲ့၏။ "ရေဒီယမ်" ၏ ဓာတ်သတ္တိတစ်မျိုးက အမှောင်ထဲတွင် အရောင်လင်းလက်ခြင်း ဖြစ်၏။ "မာရီကျူရီ" က ရေဒီယမ်တုံးအချို့ကို သူ၏ စားပွဲခုံပေါ်တွင် တင်ထား၏။ သူက

အလင်းရောင်ထွက်တာကို သဘောကျ၍ ဖြစ်၏။ သို့သော် ထိုရေဒီယမ်မှ ထွက်သော ဓာတ်ငွေ့သင့်ပြီ သူကင်ဆာရောဂါရခဲ့၏။ သူ၏ စာရွက်စာတမ်းများပင်လျှင် သူကွယ်လွန်ပြီး နှစ် ၇၀ ကြာသည်အထိ လုံခြုံစွာ ထိန်းသိမ်းထားရ၏။ ရေဒီယမ်ဓာတ်သတ္တိများ ကြွတက်ပျံ့နှံ့နေ၍ ဖြစ်၏။ ရေဒီယိုသတ္တိသည် အသက်အန္တရာယ်ပေး၏။ သို့သော် ၁၉၁၀ နှင့် ၁၉၂၀ ခုနှစ်များကမူ ဒါကို မသိကြ။ သွားတိုက်ဆေးများတွင်ပင် အရောင်တောက်သည် ဆိုကာ ထည့်သုံးခဲ့ကြ၏။

ရေဒီယမ်သတ္တိကြွမှု၏ အန္တရာယ်ကို မသိကြ၍၊ ၁၉၁၇ မှ ၁၉၂၆ ကြားတွင် အလုပ်သမားထောင်ပေါင်းများစွာက နာရီဒိုင်ခွက်များတွင် ရေဒီယမ်များကို သုတ်သည့်အလုပ်ကို လုပ်ခဲ့၏။ အထူးသဖြင့် "အမေရိကန် ရေဒီယမ်ကော်ပိုရေးရှင်း" မှ အလုပ်သမားအများစုက ရေဒီယမ်ဓာတ်သတ္တု နှင့် ထိတွေ့တာများ၏။ အလုပ်သမားအချို့က ရေဒီယမ်အချို့ကို အိမ်ယူသွားကာ နံရံမှာသုတ်၊ ပစ္စည်းပစ္စယများတွင် သုတ်ကား အမှောင်ထဲတွင် လင်းလက်သည့်အရောင်ကို ရအောင် ယူကြ၏။ ထို့ကြောင့် ထိုသူအများစု အဆိပ်ဓာတ်သင့်ကာ အရိုးကင်ဆာ၊ အခြားကင်ဆာတွေဖြစ်ပြီး သေကြေကြရ၏။ အချို့သူများဆိုလျှင် ပါးတွင် မိတ်ကပ်သဖွယ်သုတ်ကြ၊ သွားများတွင် သုတ်ကြကာ အရောင်လက်တာ မက်ကြ၍ သေဆုံးကြရသည်မှာ ဝမ်းနည်းဖွယ် ကောင်းလှ၏။ အမေရိကန်ဆေးဝါး ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သော "အိုင်းယားစ်" ကုမ္ပဏီ၏ ဆေးအချို့တွင် ရေဒီယမ်ထည့်သုံးမိရာ ပိုင်ရှင်ဖြစ်သူ "အီဘင်အိုင်းယား(စ်)" (၁၈၈၀-၁၉၃၂) ပင် အရိုးကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့၏။ ထိုနောက်ပိုင်းကျမှ ရေဒီယမ်အဆိပ်သင့်ခြင်းကို သိလာကြ၏။ ဤသည်မှာ အဏုမြူခေတ်၏ ပထမကဏ္ဍအိပ်မက်ဆိုးပင် ဖြစ်သည်။

အဏုမြူခေတ်၏ ဒုတိယအိပ်မက်ဆိုးကား ဒုတိယကမ္ဘာစစ်အတွင်းတွင် ဖြစ်၏။ အမေရိကန်၊ ဗြိတိန်နှင့် ကနေဒါတို့က ဂျာမနီထက် အရင်ပိုမြန်အောင် အဏုမြူဗုံးထုတ်ရန် ကြိုးစားကြ၏။ "မင်ဟက်တန်စီမံချက်" သည် ယူရေနီယမ်နှင့် ပလူတိုနီယမ်တို့ဖြင့် ဗုံးထုတ်လုပ်ခြင်း ဖြစ်၏။

အဏုမြူဗုံးစဖြစ်တော့ ဂျပန်နိုင်ငံ၏ ဟီရိုရှီးမားနှင့် နာဂါစကီးမြို့တို့ကို ကြဲချရာ လူထောင်ပေါင်းများစွာ သေကြေခဲ့၏။ ဒုတိယကမ္ဘာစစ်သည်လည်း အဆုံးသတ်သွား၏။ ''မင်ဟက်တန်စီမံကိန်း'' ကို ဦးဆောင်သူ ''ရော ဘတ်အိုပင်ယီးမား'' (၁၉၀၄-၀၉၆၇) ဆိုသော အမေရိကန်ရူပဗေဒပါရဂူက ဟိန္ဒူဘာသာရေးကျမ်း ''မဟာဘာရတ'' မှ စာတစ်ပိုဒ်ကို ထုတ်နုတ်ကာ ''ကျွပ်ကား ကမ္ဘာကို ဖျက်သည့် သေမင်းတမန် ဖြစ်ချေပြီ'' ဟု ပြောခဲ့၏။

အဏုမြူခေတ်၏ တတိယကဏ္ဍသည်ကား ၁၉၂၅ တွင် ဂျပန်ကို ဗုံးကြဲသည်မှစကာ ၁၉၆၂ ခုနှစ် ကျူးဘားခုံးပျံအရေးအခင်းအထိဟု ဆိုရမည်။ စစ်အေးကာလ (၁၉၄၇-၁၉၉၁) အတွင်း အမေရိကန်နှင့် ရုရှားတို့က အဏုမြူလက်နက်ပြိုင်ဆိုင် စမ်းသပ်မှုတွေကို လုပ်ကြ၏။ ဤသို့ဖြင့် နောက်တစ်ခါဖြစ်မည့် စစ်သည် အဏုမြူစစ်ဖြစ်ကာ ကမ္ဘာတစ်ခုလုံး ပျက်မည့်ကိန်း ဖြစ်လာ၏။ တစ်ချိန်ထဲမှာပင် အဏုမြူစွမ်းအင်ကို အသုံးချပြီး လျှပ်စစ်စွမ်းအင်ကို ဈေးနှုန်းသက်သက်သာသာ ထုတ်နိုင်မည်ကိုလည်း တွေ့လာကြ၏။

အမေရိကန်သမ္မတ ''ဒွိုက်ဒီအိုက်ဆင်ဟောင်ဝါ'' (၁၈၉၀-၁၉၆၉) က ''ငြိမ်းချမ်းရေးအတွက် အဏုမြူလက်နက်'' ဆိုသော ခေါင်းစဉ်ဖြင့် ၁၉၅၃ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ ဟောပြောခဲ့၏။

၁၉၅၄ တွင် ပထမဆုံး အဏုမြူဓာတ်အားပေးစက်ရုံများကို အမေရိကန်၊ ရုရှားတို့တွင် တည်ဆောက်ကြ၏။ နောက်တစ်နှစ်တွင် ဗြိတိန်က လုပ်၏။

နောက်ပိုင်းတွင် အဏုမြူစွမ်းအင်သုံး လေယာဉ်တွေပေါ်လာ၏။ သို့သော် စစ်သုံးလေယာဉ်များသာ ဖြစ်၏။ ထို့နောက် အဏုမြူစွမ်းအင်သုံး ရေငုပ်သင်္ဘောတွေ လေယာဉ်တင်သင်္ဘောတွေ လုပ်လာကြ၏။

ကျူးဘားခုံးပျံ အရေးအခင်းမှနေ၍ သိလာသည်မှာ တတိယကမ္ဘာစစ်က လက်တစ်လုံးခြားနေရာတွင် ရောက်လာခြင်းပင် ဖြစ်၏။ ဤစစ်ကား အဏုမြူစစ်၊ အဏုမြူကို အမေရိကန်၊ ရုရှားတို့သာမက ဗြိတိန်၊ ပြင်သစ်၊

တရုတ်၊ အိန္ဒိယ၊ မြောက်ကိုရီးယား စသော နိုင်ငံများကပါ ပိုင်ဆိုင်နေပြီ ဖြစ်ရာ ထိုအဏုမြူလက်နက်ပိုင်ရှင် နိုင်ငံများမှ ခေါင်းဆောင်များ၏ အဆုံး အဖြတ်ပေါ်မူတည်ပြီး အဏုမြူစစ်ကို ရှောင်လွှဲနိုင်မည် ဖြစ်၏။

○

လ,ပေါ် လူမရောက်

လီးဒီတောရက်(စ)

လပေါ်လူမရောက် လီးဒီဖောရက်(စ်)

အဓိကလက်သည် - လီးဒီဖောရက်(စ်)
ဘာကိုကြိုတင်ပြောခဲ့သလဲ - လပေါ်ကို လူဘယ်တော့မှမရောက်ဘူး။
အမှန်တကယ်ဘာဖြစ်လာသလဲ - ၁၉၆၉ တွင် အမေရိကန်က လပေါ်ကို လူအရောက်လွှတ်လိုက်နိုင်သည်။

ပေါက်ကွဲမှုအဆင့်ဆင့် ဒုံးပျံပေါ်မှာ လူကိုတင်ပြီး လပေါ်လွှတ်ပြီးတော့ အဲဒီလူက မြေပေါ်ပြန်လာ။ ဒါက သိပ္ပံစာရေးဆရာ ဂျူးလ်စဗန်းရဲ့ စိတ်ကူးယဉ်ဝတ္ထုထဲမှာတော့ ရမှာပေါ့။ အနာဂတ်သိပ္ပံပညာ ဘယ်လောက်တိုးတက်ပါစေ။ ဒါကတော့ လုံးဝမဖြစ်နိုင်ဘူး။

လီးဒီဖောရက်(စ်)
နယူးယောက်တိုင်း(မ်)(စ်)သတင်းစာ အင်တာဗျူး (၁၉၅၇)

၁၈ ရာစုနှောင်းပိုင်းလောက်က လူတို့လုပ်သော မိုးပျံမီးပုံးပျံဖြင့် ဥရောပတွင် လူတို့ကောင်းကင်ပျံခဲ့ကြ၏။ တရုတ်တို့က ထို့ထက် စောစောကပင် လုပ်ဖူး၏။ နောက်ထပ် နှစ် ၁၀၀ ကျော်ပြီး ၂၀ ရာစုလောက်ကျမှ ဝရိုက်ညီနောင်က လေထက်လေးသော အရာဖြစ်သည့် လေယာဉ်ပျံကို လုပ်နိုင်ခဲ့၏။ သို့သော် မိုင်အနည်းငယ်သာ သွားနိုင်၏။ အာကာသထဲသို့ကား ထိုးမတက်နိုင်သေး။ လနှင့် ကမ္ဘာက ၂၃၈,၈၅၇ မိုင်ဝေး၏။ ၂၀

ရာစု သိပ္ပံပညာရှင်တို့အနေနှင့် လပေါ်လူရောက်ဖို့ရာစိတ်ကူးယဉ်သက်သက်။ ၁၉၂၆ ခုနှစ်တွင် သူ နယူးဇီလန်နိုင်ငံ ကင်ဘာဘာရီကောလိပ်မှ ပါမောက္ခ "အလက်ဇန်ဒါးဘစ်ကာကန်" က လပေါ် လူရောက်နိုင်သည်ဟု သိပ္ပံနည်းကျ တွက်ချက်ပြခဲ့၏။

လနှင့် ကမ္ဘာက သိပ်အလှမ်းဝေး၏။ လူလုပ်ဒုံးကျည်ထဲတွင် လူကို ကြာရှည် အသက်ရှင်အောင် ထည့်ပြီး သွားရေးကား တော်တော်ခက်၏။ အထူးသဖြင့် ကမ္ဘာ့ဆွေငင်အားမှ လွတ်အောင်လုပ်၍ မရ။ ဆွေငင်အားက တစ်စက္ကန့်ကို ခုနှစ်မိုင်ရှိနေ၏။ နိုက်ထရိုလစ်ဝရင်း၏ ဧရာမပေါက်ကွဲနှုန်းက တစ်ဂရမ်ကို ၁၅၀၀ ကလိုရီ ရှိ၏။ မြန်နှုန်းသိပ်မြန်မြန်သွားရန် ၁၅,၁၈၈ ကလိုရီ လို၏။ လူတို့အနေနှင့် အာကာသယာဉ်ကို ထိုအရှိန်နှုန်း မျိုး မလုပ်နိုင်။

တရုတ်ပြည်တွင် "မင်းခေတ်" (၁၃၆၅-၁၆၄၄) က တရုတ်ပညာရှင် "ဝမ်ဟူး" က လကမ္ဘာသို့ ယမ်းမှုန့်လောင်စာအားဖြင့် သွားရန် စိတ်ကူးဖူး၏။ ယမ်းမှုန့်ကို စတင်တီထွင်သူမှာလည်း တရုတ်လူမျိုးများပင် ဖြစ်၏။ သူတို့က ယမ်းမှုန့်သုံး သေနတ်များကို စတင်အသုံးပြုကြ၏။ ထို့ပြင် အလှအပအနေနှင့် မီးရှူးမီးပန်းများ ဖောက်တာလည်း သူတို့ပင် ဖြစ်၏။ မွန်ဂိုတို့က တရုတ်ပြည်ကို သိမ်းပြီးသောအခါ အနောက်နိုင်ငံများ ကိုပါ သူတို့၏ အင်ပါယာတွင် ချဲ့တွင်းထည့်သွင်းလိုကြ၏။ သို့ဖြင့် ယမ်းမှုန့်သုံးနည်းက အနောက်နိုင်ငံရောက်လာ၏။ တကယ်တော့ ယမ်းမှုန့်နည်းပညာကို စတင်သုံးသူများက အာရပ်လူမျိုးများ ဖြစ်၏။ အာရပ်များမှ တစ်ဖန် ဥရောပသို့ ပျံ့နှံ့လာ၏။ ယမ်းမှုန့်ပေါက်ကွဲအားကိုသုံးသော ဒုံးပျံများ ပေါ်လာ၏။ ယမ်းမှုန့်သုံးလက်နက်များကား ၁၉၂၀ ရာစုစောစောပိုင်းတွင် စသုံးကြ၏။ ဗြိတိသျှနှင့် အမေရိကန်စစ်ပွဲ (၁၈၁၂-၁၅) အတောအတွင်း ဘာလ်တီမိုတိုက်ပွဲ (၁၈၁၄) တွင် ဗြိတိသျှတို့က ဒုံးပျံလက်နက်ကို စသုံးကြသည်။

ခေတ်မီဒုံးပျံ နည်းပညာသဘောတရားကိုမူ ၂၀ ရာစုစောစောပိုင်းကျမှ စသုံးကြ၏။ အရည်ဓာတ်ငွေ့ဖြင့် မောင်းနှင်သော ဒုံးပျံကိုမူ ဟစ်တလာ၏ ဗွီတူးဒုံးပျံကျမှ စတွေ့ရ၏။ ဒုတိယကမ္ဘာစစ်တွင် မဟာမိတ်တို့ လက်သို့ မကျစေရန် ဗွီတူးဒုံးပျံကို သုံးခဲ့၏။ သို့သော် ဂျာမနီစစ်ရှုံးခဲ့၏။

သူ၏ နည်းပညာကို ရုရှားနှင့် အမေရိကန်တို့က ရသွားသည်။ တကယ်တော့ ဗွီတူးခုံးပျံသည် လူလုပ်ပထမဆုံးသော ခုံးပျံပင် ဖြစ်၏။ ရုရှားနှင့် အမေရိကန်တို့သည် တာဝေးပစ်ခုံးပျံစနစ်ကို ဂျာမန်တို့ထံမှ ရခဲ့ကာ ထပ်မံသုတေသနပြုခဲ့၏။

မြန်နှုန်း မြင့်လျှင် သေကြမည်

ခိုင်ယိုနီးစီးယပ်(စ်) လာဒနာ

မြန်နှုန်းမြင့်လျှင် သေကြမည်
ဒိုင်ယိုနီးစီးယပ်(လ်)လာဒနာ

အဓိကလက်သည် - ဒိုင်ယိုနီးစီးယပ်(လ်)လာဒနာ

ဘာကိုကြိုတင်ပြောခဲ့သလဲ - ရထားတစ်စင်းက တစ်နာရီ မိုင် ၁၂၀ နှုန်းမောင်းနေရင် ခရီးသည်တွေ အသက်ရှူကြပ်ပြီး သေမှာပေါ့

အမှန်တကယ်ဘာဖြစ်လာသလဲ - ယခု မြန်နှုန်းမြင့်ရထားများက တစ်နာရီ ၂၇၅ မိုင် ခုတ်မောင်းနေသည်။

ရထားတွေကို မြန်နှုန်းမြင့်လို့ မရဘူး။ အဲဒီလို သိပ်မြန်ရင် ခရီးသည်တွေ အသက်ရှူလို့မရဘဲ သေကုန်ကြမှာပေါ့။

ဒေါက်တာဒိုင်ယိုနီးစီးယပ်(စ်)လာဒနာ (၁۷၉၃-၁၈၅၉)

၁၈၅၂ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၊ အရှေ့မြောက်တွင် ခရီးသည်တင် ရထားသည် ၂၆ မိုင် ခုတ်မောင်းခဲ့၏။ ခရီးသည် ၆၀၀ တင်ဆောင်သော ရထားသည် တစ်နာရီလျှင် ၆ မိုင်မှ ၇ မိုင် ခုတ်မောင်းရာ လူတစ်ယောက် လမ်းမြန်မြန်လျှောက်နှုန်း ပမာဏမျှသာပင် ဖြစ်၏။

လီဗာပူးမှ မန်ချက်စတာသို့ ပြေးဆွဲသော ရထားသည် ရထားသမိုင်းတွင် ပထမဆုံး မှတ်တမ်းတင်နိုင်သော ပုံစံဖြစ်၏။ ဗြိတိသျှပါလီမန်အမတ်

တစ်ဦးဖြစ်သူ "ဝီလျံဟပ်ကီဆင်" (၁۷۷၀-၁၈၃၀) က ဗြိတိန်တွင် ရထားပို့ဆောင်ရေးကို ထဲထဲဝင်ဝင် စလုပ်သူဖြစ်၏။ ၁၈၄၄ မှ ၁၈၄၆ အတွင်း ရထားလမ်းအရှည် ၆၂၂၀ မိုင် ဖောက်ခဲ့၏။ ဤသည်မှာ လက်ရှိ ဗြိတိန်၏ ရထားလမ်းမိုင်အရှည် ၁၁,၀၀၀ မိုင်၏ ထက်ဝက်ဖြစ်သည်။

ရထားလမ်းပိုင်းဆိုင်ရာကို လူများစုက သိပ်လက်မခံ၊ မကြိုဆိုကြ။ ပြင်သစ်သိပ္ပံပညာရှင် "ဖရန်စိုင်ရှာအာရာဂို" (၁۷၈၆-၁၈၅၃) ကဆိုလျှင် စစ်သည်တော်များကို ရထားဖြင့် တစ်နေရာမှ တစ်နေရာသို့ ပို့ခြင်းသည် စစ်ချီတက်ခြင်း အလေ့အကျင့်ကို ပျက်စေ၍ မလုပ်အပ်ဟုပင် ကန့်ကွက်ခဲ့၏။ နယူးယောက်မှ ထိပ်သီးနိုင်ငံရေးသမား "မာဝင်ဗန်ဘူရင်" (၁۷၈၂-၁၈၆၂) ကဆိုလျှင် "တစ်နာရီ ၁၅ မိုင်နှုန်း ခုတ်မောင်း" နေသော ရထားအမြန်နှုန်းကြောင့် ခရီးသည်တွေ နှလုံးတုန် ရင်တုန်ဖြစ်စေ၊ လယ်ယာသီးနှံများ မီးလောင်စေ၊ မွေးမြူထားသော ကြက်ဘဲများကို ထိတ်လန့်စေ၊ ကလေးနှင့် သက်ကြီးရွယ်အိုများကို ခြောက်လှန့်စေသဖြင့် ရထားမပြေးဆွဲသင့်ဟု ကန့်ကွက်ခဲ့၏။ သူက ဘာသာတရားဖြင့်ပင် သတိပေးသေး၏။ "ထာဝရဘုရားသခင်က လူတွေကို ဒီလောက်အမြန်နှုန်းနဲ့ ခရီးသွားဖို့ ဘယ်လိုမှ ရည်ရွယ်ဟန် မတူဘူး"။

ထိုစဉ်က ရထားဖြင့် ခရီးသွားခြင်းသည် လူ့ကျန်းမာရေးကို ထိခိုက်စေနိုင်သည်ဟူသော အစွဲတွေ မဖျောက်နိုင်ကြသေး။ ဂျာမန်ဆရာဝန်များ ကော်မတီက ရထားစီးခရီးသည်များအနေဖြင့် "ဦးနှောက်ပြဿနာရောဂါ" ဖြစ်နိုင်ကြောင်းထိ ဆွေးနွေးကြ၏။ အိုင်းရစ်ချ်လူမျိုး၊ သင်္ချာပညာရှင်နှင့် နက္ခတ္တဗေဒင်ပညာ "ဒိုင်ယိုနီးစီးယပ်(စ်)လာဒနာ" (၁۷၉၃-၁၈၅၉) ကတော့ ရထားသိပ်မြန်လာလျှင် ခရီးသည်တွေ အသက်ရှူကြပ်ပြီး သေမယ်ဟုပင် ပြောခဲ့၏။ ၁၈၅၀ ပတ်ဝန်းကျင်တွင် မြို့ပြအင်ဂျင်နီယာ အကျော်အမော်တစ်ဦးဖြစ်သူ "အီဆမ်ဘတ်ကင်းဒမ်းဘရူနယ်" (၁၈၀၆-၁၅၉) က လန်ဒန်မှနေ၍ အနောက်ဘက်နှင့် အနောက်တောင်ဘက် အင်္ဂလန်သို့ သွားမည့် ရထားလမ်းကို ဖောက်လုပ်၏။ ရထားလမ်း ဖြောင့်တန်းရန် တောင်တချို့ကို လှိုင်ခေါင်းဖောက်၍ သွားရ၏။ လှိုင်ခေါင်းတစ်ခုက ၁.၈၃ မိုင်ထိ ရှည်၏။ "လာဒနာ"က ရထားက ဤလှိုင်ခေါင်းမှ သွားပြီး

ထိုနေရာတွင် ဘရိတ်မမိခဲ့လျှင် လှိုင်ခေါင်းအမြင့်မှ အနိမ့်သို့ တစ်နာရီမိုင် ၁၂၀ နှုန်း ဖြစ်လာကာ ခရီးသည်တွေ အသက်ရှူကြပ်ပြီး သေကုန်မည်ဟုဆို၏။ ထိုစဉ်က ''လာဒနာ''က နာမည်ကျော် ''လန်ဒန်တက္ကသိုလ်''မှ ပါမောက္ခကြီးဖြစ်ရာ သူ့စကားကို အများစုက အလေးထားကြ၏။ ထိုမျှပင်မကသေး။ ၁၈၃၈ တွင် ရေချသော ''အက်အက်စ်ဂရိတ်ဝက်စတန်း'' သင်္ဘောကြီးကိုလည်း လမ်းခုလတ်တွင် လောင်စာပြတ်ပြီး ဒုက္ခရောက်မည်ဟု ''လာဒနာ''က သူ၏ သချိုးနည်းနှင့် တွက်ပြခဲ့၏။ ထိုသင်္ဘောသည် ကျောက်မီးသွေး တန် ၂၀၀ ကို အပိုသယ်သွားရာ လမ်းဆုံးခရီးထိ ချောချောမောမော ရောက်၏။

''လာဒရာ''က အိုင်ယာလန်တွင်ပင် လက်ထပ်၏။ ကွာရှင်း၏။ ''ဒပ်ဗလင်''တွင် ကလေးတစ်ဦးကို မွေးစား၏။ ထိုကလေး၏မိခင်နှင့် ပေါင်းသင်းသည်။ လန်ဒန်တွင် တပ်မတော်ဗိုလ်ကြီးတစ်ဦး၏ ဇနီးကို တွေ့ရှိချစ်ကြိုက်ကာ ပါရီသို့ ထွက်ပြေး၏။ သူ့ခင်ပွန်းက သူတို့နောက် အတင်းလိုက်ပြီး ''လာဒရာ''ကို ရိုက်နှက်ကာ သူတို့နှစ်ဦးကို ခွဲ၏။ သို့သော် သူ့ဇနီးကို သူပြန်ခေါ်၍မရ။ ''လာဒရာ''နှင့် ထိုအမျိုးသမီး ၁၈၄၆ တွင် လက်ထပ်၏။ သူ၏ လက်ကျန်ဘဝကို ဥရောပတွင်သာ နေခဲ့၏။ အမေရိကန်တွင် စာအုပ်ထုတ်၊ ဟောပြောပွဲများ လုပ်၏။ အသက် ၆၆ နှစ်တွင် အီတလီနိုင်ငံ၊ နေပယ်လ်မြို့၌ ကွယ်လွန်၏။

○

မောင်ထဲမှာ
လေတချွန်ချွန်နှင့်

ဟင်နရီမော်တန်

မှောင်ထဲမှာ လေတချွန်ချွန်နှင့် ဟင်နရီမော်တန်

အဓိကလက်သည် - ဟင်နရီမော်တန်

ဘာကိုကြိုတင်ပြောခဲ့သလဲ - အက်ဒီဆင်၏ လျှပ်စစ်ဘတ်သီးက ရေရှည် မအောင်မြင်နိုင်ဘူး

အမှန်တကယ်ဘာဖြစ်လာသလဲ - နှစ်ဆယ်ရာစုတွင် အပူပေးလျှင် အလင်းရောင် ဖြာထွက်သည့် ဘတ်သီးသည် နေရာအနှံ့အပြားတွင် တွေ့နိုင်သည့် ပစ္စည်း ဖြစ်လာ၏။

ဒီလျှပ်စစ်ဘတ်သီးကို စမ်းသပ်မှုတွေ လုပ်ကြည့်ပြီးတဲ့အခါ ကောက်ချက်တစ်ခု ချလို့ရတယ်။ ဒါမျိုးက ရေရှည်မှာ အလုပ်မဖြစ်ဘူး။

ဟင်နရီမော်တန် (၁၈၃၆-၁၉၀၂)
စတီးဗင်းစ်နည်းပညာတက္ကသိုလ်၏ ပထမဆုံးဥက္ကဋ္ဌ။
၁၈၈၀ တွင် ပြောခဲ့။

ဒုတိယစက်မှုတော်လှန်ရေးခေတ် (၁၈၂၀-၁၉၁၂) တွင် တယ်လီဖုန်းပေါ်လာ၏။ တယ်လီဖုန်းပေါ်စက လူကြိုက်နည်း၏။ တိတွင်သူများက ပြည်သူတွေကို တယ်လီဖုန်း တကယ်လိုအပ်ကြောင်း အတော်ဆွဲဆောင်

နေရချိန်ဖြစ်၏။ ထိုကာလတွင် လက်ရေးနှင့် စာပို့ခြင်း၊ ကြေးနန်းရိုက်ခြင်း တို့လောက်နှင့် လုံလောက်နေ၍ တယ်လီဖုန်း သိပ်မလိုကြ။

၁၉ ရာစု ပြည်သူအများစုက မှောင်ထဲတွင် နေသားကျနေကြပြီ။ လပြည့်ညည လရောင်အောက်တွင် နေရသည်ပင် လင်းလှပြီ။ ကြယ်တွေစုံ သောညတွင် ကြယ်ရောင်နှင့်ပင် တင်းတိမ်နေကြ၏။ ဝိတာရိအယ်ခေတ် မြို့ပြတွင် ဓာတ်ငွေ့မီးအိမ် ထွန်း၏။ ရေနံဆီမီး၊ ဖယောင်းတိုင်မီး သုံးကြ၏။

အမေရိကန်သမ္မတ "ရှုသာဖို့ဒ်ဘီဟေး(စ်)"ကဲ့သို့သော နိုင်ငံရေး သမားမျိုးကပင် နည်းပညာနှင့် သိပ္ပံရေးရာတို့ကို သံသယမျက်လုံးဖြင့် ကြည့်နေသော ကာလဖြစ်၏။ ပထမမြောက် နပိုလျံဘုရင် (၁۷၆၉-၁၈၂၁) ကပင် မီးသင်္ဘောအကြောင်း သူ့ကို ပြောသောအခါ-

"ဘယ်လိုလဲကွ၊ သင်္ဘောက လေတွေ၊ လှိုင်းတွေကြားမှာ သွား နေတာ၊ ကုန်းဘက်ပေါ်မှာ မင်းတို့က မီးပုံကြီး ဖိုကြဦးမလို့လား" ဟု ပြောခဲ့ဖူး၏။

"ဒါမျိုးတွေ အဓိပ္ပာယ်မရှိတာတွေ၊ ငါ့ရှေ့ ဘယ်တော့မှ လာမပြော နဲ့"ဟု ဒေါကြီးမောကြီး ပြန်ပြောခဲ့၏။ "နပိုလျံ"အသာထား။ ထိပ်တန်း တက္ကသိုလ်ကြီး၏ ပါမောက္ခ "ဟင်နရီမော်တန်" (၁၈၃၆-၁၉၀၂) ကဲ့သို့ သော သိပ္ပံပညာရှင်ကြီးပင်လျှင် အချို့ကိစ္စတွေကို သဘောမပေါက်၊ နား မလည်သော ခေတ်ဖြစ်၏။

အပူပေးလျှင် အလင်းရောင်ထွက်သော လျှပ်စစ်ဘတ်သီး တီထွင် ဖို့ဆိုသည်မှာ စဉ်းစား၍ပင် မရကြသော ကာလ။ သို့သော် ဗြိတိသျှဓာတု ဗေဒပညာရှင်၊ တီထွင်သူ "ဟန်ဖရေဒါဗီ" (၁۷၇၈-၁၈၂၉) ကမူ ၁၈၀၂ ခုနှစ်တွင် လျှပ်စစ်စီးကြောင်းကို ပလက်တီနမ်ဝါယာကြိုးတွင် စီးဆင်းစေ ဖူး၏။ ထိုအခါ အလင်းရောင်ထွက်လာ၏။ သိပ်တော့မတောက်ပ။ ကြာရှည် လည်း မလင်း။ သို့သော် သူ၏စမ်းသပ်မှုက နည်းပညာတစ်ခုအနေနှင့်တော့ သက်သေပြ၍ရ၏။ နောက်ထပ် ၇၅ နှစ် ကြာသွားသည်။ ကြားထဲတွင် ကြိုးပမ်းမှုများစွာ လုပ်ခဲ့၏။ နောက်ဆုံးတွင် လျှပ်စစ်ဘတ်သီး တီထွင်၍ လင်း၏။ သို့သော် ၁၈၇၀ ပတ်ဝန်းကျင်ကျမှ လူကြားထဲ ပျံ့နှံ့လာ၏။

တယ်လီဖုန်း တီထွင်သူ "လောမတ်စ်အက်ဒီဆင်" (၁၈၂۷-၁၉၃၁)

ပင်လျှင် ဘတ်သီးကို တီထွင်နိုင်ခဲ့၏။ ၁၈၇၈ နှင့် ၁၈၇၉ တွင် သူက မူပိုင်မှတ်ပုံတင်၏။ သို့သော် "အလက်ဇန်းဒါးဂရေဟယ်ဘယ်လ်"ကဲ့သို့ ပင် သူ့ကို ပြိုင်ဘက်တွေများစွာက အနှောင့်အယှက်ပေး၏။ သို့သော် အချက်လေးချက်ကြောင့် "အက်ဒီဆင်"က လျှပ်စစ်ဘတ်သီး တီထွင်သူ အဖြစ် မှတ်ပုံတင်ရခဲ့၏။ ပထမအချက်က သူ၏ပစ္စည်းက အလွန်ရောင်းလို့ ကောင်းသော ပစ္စည်းဖြစ်၏။ သူ၏ ကာဗွန်ဓာတ်သွင်းထားသော ဝါးလုံးက နာရီ ၁၂၀၀ ကြာ လောင်နိုင်သည်။ ဒုတိယအချက်က အယ်ဒီဆင် လျှပ်စစ် အလင်းရောင်ကုမ္ပဏီကို ဘဏ္ဍာငွေ ကျောထောက်နောက်ခံပေးသူက သူကြွယ်ကြီး "ဂျေပီမော်ဂန်" (၁၈၃၇-၁၉၁၇)၊ သူမှာက ဘဏ်ရှိသည်။ တတိယအချက်က သူတီထွင်သောပစ္စည်းသည် အိမ်တွေမှာရော၊ လုပ်ငန်း များတွင်ပါ သုံးနိုင်သည်။ စတုတ္ထအချက်မှာ "အက်ဒီဆင်"၏ ကြွေးကြော် သံဖြစ်၏၊

"လျှပ်စစ်ကို ဈေးပေါပေါနဲ့ သုံးနိုင်အောင် လုပ်ပေးမယ်။ တစ်နေ့ ကျရင် သူဌေးတွေမှ ဖယောင်းတိုင် ထွန်းနိုင်တဲ့အထိ ရောက်အောင် လုပ် မယ်"

သို့သော် ဗြိတိသျှတို့က လျှပ်စစ်မီးကို သိပ်အားမပေးချင်သေး။ ၁၈၇၀ တွင် ဗြိတိသျှပါလီမန်က လူတွေ သိပ်လက်မခံနိုင်ဟု ဆုံးဖြတ် ခဲ့၏။ ထိုစဉ် အင်္ဂလိပ်-ဂျာမန်ကပြား သိပ္ပံပညာရှင် "ဝီလျံဆီးမင်း" (၁၈၂၃-၈၂)က ၁၈၈၀ တွင် ကြေညာ၏။

"လျှပ်စစ်ဘတ်သီးက တကယ်ပဲ အသုံးဝင်တဲ့ပစ္စည်းပဲ"

သို့သော် "ဟင်နရီမော်တန်" (၁၈၇၆-၁၉၀၂) ကဲ့သို့သော သိပ္ပံ ပါရဂူ၊ တက္ကသိုလ်ပါမောက္ခကြီး၊ စတီးဗင်းစ်နည်းပညာတက္ကသိုလ် ဥက္ကဋ္ဌ ဖြစ်သူကမူ လက်မခံသေး။

တကယ်တော့ "မော်တန်"က သိပ္ပံပညာရှင်အစစ်မဟုတ်။ ပင်ဆီလ် ဗေနီးယားတက္ကသိုလ်တွင် သူသင်ယူခဲ့တာက ဥပဒေပညာနှင့် ရှေးဟောင်း သုတေသနပညာ။ သူက သိပ္ပံပညာထက် ဝိဇ္ဇာပညာ ပိုကျွမ်း၏။ သူ သိပ္ပံပညာရှင်ဖြစ်လာတာက မတော်တဆ၊ တစ်နည်းအားဖြင့် ပြောရလျှင် သူက ဟန်ပန်အမူအရာကောင်း၍ လူအထင်ကြီးအောင် နေတတ်၍ဖြစ်၏။

သူက သိပ္ပံပညာရှင်နှင့် နိုင်ငံရေးသမားဖြစ်သူ ''ဘင်ဖရန်ကလင်'' (၁۷၀۶-၉၀) ၏ အမည်ကို အစွဲပြုကာ ''ဖရန်ကလင်တက္ကသိုလ်'' တည်ထောင်၏။ ထိုတက္ကသိုလ်မဂ္ဂဇင်းတွင် အယ်ဒီတာလုပ်၏။ ထို့နောက် ခန်းမကြီးတွေ့ဌားကာ သိပ္ပံအကြောင်းအရာတွေ ဟောခဲ့။ သူက အပြော အဟောကောင်းပြီး သိပ္ပံပညာပါရဂူဟု အထင်ကြီးကြကာ ''ပင်ဆီလ်ဗေး နီးယားတက္ကသိုလ်''တွင် ပါမောက္ခရာထူး ပေးခဲ့။ ထို့နောက် ''စတီဖင် တက္ကသိုလ်''တွင် ဥက္ကဋ္ဌခန့်ခဲ့။

''မော်တန်''သည် အသက် ၄၂ နှစ်တွင် လျှပ်စစ်ဘတ်သီး တီထွင်မှုကို ရှုတ်ချခဲ့။ တကယ်တော့ သူ ကန့်ကွက်တာက အခြေအမြစ်တော့ သိပ်မရှိလှ။ ၁၉ ရာစုနောင်းပိုင်းတွင် အလွန်ထင်ရှား၊ အလွန်အောင်မြင်၊ အလွန်ချမ်းသာနေသော ''အက်ဒီဆင်''ကို မနာလိုစိတ်ကြောင့်သာ ဖြစ်ခဲ့။

○

ပျံရမှာ ကြောက်သူ

ဟလွယ်ဘဒိန်နန် တော(ရှ)

ပျံရမှာကြောက်သူ
မာရှယ်ဖာဒီနန်ဖော့(ရှ်)

အဓိကလက်သည် - ဖာဒီနန်ဖော့(ရှ်)

ဘာတွေကြိုပြောခဲ့သလဲ - လေယာဉ်ပျံက စစ်အတွက် အသုံးမကျဘူး

အမှန်တကယ် ဘာဖြစ်လာသလဲ - ပထမကမ္ဘာစစ်တွင် စစ်မက်လိုလားသော နိုင်ငံများအားလုံးတွင် လေတပ်များရှိကာ တိုက်လေယာဉ်၊ ဗုံးကြဲလေယာဉ်များ သုံးခဲ့ကြသည်။

လေယာဉ်ပျံတွေက စိတ်ဝင်စားစရာကောင်းတဲ့ ကစားစရာတွေပဲ။ ဒါပေမဲ့ စစ်တိုက်ဖို့အတွက်တော့ အသုံးမဝင်ပါဘူး။

မာရှယ်ဖာဒီနန်ဖော့(ရှ်) (၁၉၁၀)

ရှေးဟောင်းဂရိဒဏ္ဍာရီများတွင် "အီကာရပ်စ်" ဆိုသူသည် လေတွင် ပျံဝဲကြောင်း သိခဲ့ရ၏။ တကယ်တော့ ရှေးခေတ်က "လေထက်လေးသော အရာ" ဟူသည် လေမှာ ပျံဝဲမရဆိုသည့် သဘောထားကို လူတိုင်း ယုံထားကြ၏။ "လီယိုနာဒိုဒါဗင်ချီ" (၁၄၅၂-၁၅၁၉)က ရဟတ်ယာဉ်ပုံစံ သဘောတရားကို ပုံတွေ ဆွဲပြ စိတ်ကူးယဉ်ခဲ့ဖူး၏။ ထိုစိတ်ကူးများကို အကောင်

အထည်ဖော်သည့်အနေဖြင့် ၁၉ ရာစုတွင် ပေါ့ပါးသော အင်ဂျင်စက်များ ဖြင့် လေတွင် တကယ်ပျံဝဲမှုများ လုပ်လာကြ၏။ သိပ္ပံပညာရှင်ကြီး "လောဒ် ကလေပ်ဗင်" (၁၈၂၄-၁၉၀၇) ကမူ "လေထက် ပိုလေးတဲ့ ပျံသန်းတဲ့ စက်တွေက မဖြစ်နိုင်ပါဘူး" ဟု မှတ်ချက်ချခဲ့၏။

အမေရိကန်ရေတပ်လေ့လာရေးဌာနမှ ပညာရှင် "ဆီမွန်နယူး ရေ(စ်)" (၁၈၃၅-၁၉၀၉) ကလည်း "ဘယ်စက်အားကိုးနဲ့မှ လေထဲမှာ အကြာကြီး မပျံနိုင်ဘူး" ဟု ယတိပြတ် ပြောဖူး၏။

"ဝီလ်ဘာဝရိုက်" (၁۸۶۷-၁۹၁၂)က သူ့ညီ "အော်ဗိုလ်ဝရိုက်" ကို ၁۹၀۸ ခုနှစ်က ပြောဖူး၏။

"၁۹၀၁ ခုနှစ်တုန်းက ကျွန်တော့်ညီကို ပြောဖူးတယ်။ နောက်နှစ် ၅၀ လောက်တော့ လူတွေ လေထဲမှာ ပျံနိုင်မှာမဟုတ်ဘူးလို့။ နောက်နှစ်နှစ် လည်းကြာရော ကျွန်တော်တို့ ညီအစ်ကို လေထဲမှာ ပျံပြနိုင်ခဲ့ကြတယ်"

ရှေးခေတ်တရုတ်လူမျိုးများက ဇရာမစွန်ကြီးများနှင့် မီးပုံးပျံများ လုပ်ကာ ဆက်သွယ်ရေးနှင့် ထောက်လှမ်းရေးအတွက် သုံးခဲ့ကြ၏။ ဥရောပ တွင် မီးပုံးပျံကို စစ်အတွက် စတင်သုံးသည်မှာ ၁۷۹۷ က ပြင်သစ်တော် လှန်ရေးစစ်ပွဲတွင် ဖြစ်ကြောင်းမှတ်တမ်းများအရ သိရ၏။ အမေရိကန်ပြည် တွင်းစစ် (၁۸۶၁-۶၅) တွင် နှစ်ဖက်စလုံးက မီးပုံးပျံများ သုံးကာ ထောက် လှမ်းရေးတွင် သုံးခဲ့၏။ သို့သော် မီးပုံးပျံများက အသွားနှေး၏။ လူက ထိန်းလို့မလွယ်။ ပစ်ချ၍ လွယ်၏။ ထိုကြောင့် သိပ်အသုံးမဝင်။

"ဝရိုက်ညီနောင်"ထဲမှ "အော်ဗိုလ်" (၁۸۷၁-၁۹۴۸) နှင့် "ဝီလ် ဘာ"တို့သည် လေထက် လေးသောအရာကို ၁۷-၁၂-၁۹၀၃ တွင် ပြုလုပ် ကာ စတင်ပျံသန်းခဲ့၏။ သူတို့လေယာဉ်ကို "ဝရိုက်ဖလိုင်ယာ"ဟု ခေါ် ၏။ သို့ရာတွင် လေယာဉ်များကို သစ်သား၊ ပိတ္တူစနှင့် ဝိုင်ယာကြိုးတို့ဖြင့် လုပ်၏။ လေယာဉ်မောင်းသူ အလေးချိန်ကို သယ်နိုင်လောက်သည်။ ပျံသန်း မှုကာလက မကြာ၊ လှုပ်ရှားသွားလာမှု နှေးကွေး၏။ ထိန်းရ သိမ်းရ ခက်၏။ သို့သော် တီထွင်ရင်းနှင့် တဖြည်းဖြည်း အားနည်းချက်များ လျော့ ပါးလာ၏။

အဦးအစတွင် စစ်ပွဲတွင် မသုံးကြ။ ၁۹၁၁-၁၂ တွင် လစ်ဗျားကို

ထိန်းသိမ်းရန် အီတလီနှင့် အော်တိုမန်အင်ပါယာက လေယာဉ်ကို စသုံး၏။ အီတလီလေယာဉ်များက တူရကီစစ်စခန်းများကို ဗုံးကြဲတိုက်ခိုက်၏။ ပထမ ဘော်လကန်စစ်ပွဲ (၁၉၁၂-၁၃) တွင် ဘော်လကန်ဌာနချုပ်မှ လေတပ်များက အော်တိုမန်ရေတပ်ကို ညဘက်တွင် ဗုံးကြဲတိုက်ခိုက်၏။ ဗုံးတွေက ခပ်သေးသေး၊ ပေါက်ကွဲမှုစွမ်းအားနည်း၏။ တကယ်သေကြေတာထက် စိတ်ပိုင်းဆိုင်ရာ ခြောက်လှန့်စရာပမာ ဖြစ်ခဲ့၏။ သို့သော် နောက်စစ်ပွဲတွင် လေကြောင်းမှ တိုက်ခိုက်မည်သူက အသိတွေ ရခဲ့၏။ ၁၉၁၄ ခုနှစ် နွေရာသီတွင် ပထမကမ္ဘာစစ်ဖြစ်၏။ ဗြိတိန်၊ ရုရှား၊ ပြင်သစ်၊ ဂျာမနီ၊ သြစတြီးယား၊ ဟန်ဂေရီ၊ အော်တိုမန်အင်ပါယာနှင့် စစ်ဖြစ်၏။ ၁၉၁၇ တွင် အမေရိကန်ကပါ မဟာမိတ်တို့ဘက်မှ ဝင်တိုက်၏။

ပြင်သစ်နှင့် ဂျာမန်တို့အတွက်မူ ပထမကမ္ဘာစစ်သည် ပြင်သစ်-ပရပ်ရှားစစ်ပွဲ (၁၈၇၀-၇၁) ကို ပြန်စခြင်းသဘော ဖြစ်၏။ စစ်၏ရလဒ်က ဒုတိယပြင်သစ်အင်ပါယာ ကျရှုံးခြင်း။ ဂျာမန်အင်ပါယာ ပေါ်ထွန်းခြင်း ပင်တည်း။

ပြင်သစ်မဟာဗျူဟာ ပါရဂူ "ဖာဒီနန်ဖော့ရ်" (၁၈၅၁-၁၉၂၉) ကို ပြင်သစ်အနောက်တောင်ဘက်ရှိ စပိန်နယ်စပ်မြို့လေးတစ်မြို့တွင် မွေး၏။ အသက် ၁၉ နှစ်တွင် သူက ပြင်သစ်စစ်တပ်သို့ ဝင်ကာ ပြင်သစ်ကို ပရပ်ရှားတို့ ဝင်တိုက်တာကို ခုခံ၏။ စစ်အပြီးတွင်လည်း သူ တပ်ထဲမှာသာ ဆက်နေ၏။ ထို့နောက် လက်နက်ပညာကို ဆက်သင်ကာ အရာရှိဖြစ်လာ၏။ သင်တန်းဆင်းတော့ ခြေလျင်အမှတ် ၂၄ တပ်တွင် ဗိုလ်ဖြစ်လာသည်။ ထို့နောက် သူက စစ်ပညာသင်တန်းတွေ ရှိသမျှ အကုန်လျှောက်တက်သည်။ ၁၈၉၅ တွင် သူက ပြင်သစ်စစ်ဌာနချုပ်တွင် သင်တန်းဆရာ လုပ်၏။ သူ သင်တန်းဆရာအဖြစ် ခြောက်နှစ်လုပ်ခဲ့၏။ ၁၉၀၇ တွင် ဗိုလ်မှူးချုပ်ဖြစ်လာသည်။ ၁၉၁၃ စစ်ပွဲအစတွင် သူက တပ်မတစ်ခုကို အုပ်ချုပ်ရသော တာဝန်ယူကာ ပြင်သစ်နှင့်ဂျာမနီကြားရှိ အလွန်အရေးကြီးသော အရှေ့ဘက် စစ်မျက်နှာတွင် တိုက်ခိုက်ရ၏။

သူက စစ်မဟာဗျူဟာရော သေနင်္ဂဗျူဟာရော အကုန်လေ့လာထား၏။ စစ်ပညာသဘောတရားတွေကို စစ်မြေပြင်တွင် အကုန်ချရေး၏။

သို့သော် သူ၏တပ်ဖွဲ့မှ တပ်သား လေးသိန်း ကျဆုံးခဲ့၏။ ဤသည်မှာ တိုက်ပွဲဝင် တပ်သားဦးရေ၏ သုံးပုံတစ်ပုံဖြစ်၏။ ဂျာမန်တပ်များက ဘယ်လ် ဂျီယံနဲ့ ပြင်သစ်မြောက်ပိုင်းသို့ ထိုးစစ်ဆင်ရာ လေးနှစ်ကြာမျှ တူးမြောင်း ကတုတ်ကျင်းများ တူးကာ ကာကွယ်ရ၏။ တပ်သား အသေအပျောက် နှစ်ဖက်လုံး များ၏။ နောက်ဆုံးတွင် မဟာမိတ်တပ်များ၏ စစ်ဦးစီးချုပ်က ဂျာမန်တို့နှင့် ၁၁-၁၁-၁၉၁၈ တွင် စစ်ပြေငြိမ်းစာချုပ်တွင် လက်မှတ် ရေးထိုးရ၏။

ပထမကမ္ဘာစစ်သည် ပထမဆုံး ခေတ်မီစစ်ပွဲဖြစ်၏။ ၁၉ ရာစု ခြေလျင်နှင့် ခြေမြန်တပ်များက စက်ပစ္စည်းလက်နက်များ သုံးကာ တိုက်ကြ ၏။ လေယာဉ်ဖြင့်လည်းကောင်း၊ သံချပ်ကာကားဖြင့်လည်းကောင်း တိုက် ကြ၏။ ခေတ်သစ်နည်းပညာ သုံးစွဲနေသော ကာလတွင် တီထွင်တတ်သော စစ်ရေးဆိုင်ရာ ဒဿနပညာရှင် ''ဖော(ချ်)'ကား မျက်ကန်းဆန်လှ၏။ ၁၉၁၀ တွင် သူက ဗိုလ်မှူးချုပ်တာဝန်ဖြင့် တိုက်ခိုက်နေရစဉ် လေယာဉ် သည် စစ်ပွဲတွင် အသုံးမကျဆိုသော စကားမျိုး ပြောဖြစ်အောင် ပြောခဲ့၏။ လေယာဉ်ဆိုတာ ကစားစရာအဆင့်ပါပဲဟု ပြော၏။ စစ်အပြီးတွင် နှစ်ဖက် စလုံးက လေတပ်အင်အားတွေ တည်ဆောက်ကြ၏။ တိုက်လေယာဉ်တွေ လုပ်၏။ တိုက်လေယာဉ်တွင် စတင်၍ လက်နက်တွေ တပ်၏။ အလွန်ပေါက် ကွဲမှု စွမ်းအားကြီးသော ဗုံးများကို တင်ဆောင်သော ဗုံးကြဲလေယာဉ်များ လုပ်၏။ ဤသို့ဖြင့် စစ်ပွဲတွင် လေယာဉ်၏ စွမ်းပကားက ကြီးမားလာ၏။

○

ကမ္ဘာ ပျက်မယ့်နေ့

ဆာလီ ဘာဒီ ရမ်စဲ

ကမ္ဘာပျက်မယ့်နေ့
ချာလ်းတာဇီရပ်ဆဲ

အဓိကလက်သည် - ချာလ်းတာဇီရပ်ဆဲ

ဘာကိုကြိုပြောခဲ့သလဲ - ကမ္ဘာကြီးက ၁၉၁၄၊ ၁၉၁၅၊ ၁၉၁၈၊ ၁၉၂၀၊ ၁၉၂၅၊ ၁၉၄၁၊ ၁၉၇၅၊ ၁၉၉၄ တို့မှာ ပျက်မယ်

အမှန်တကယ် ဘာဖြစ်လာသလဲ - နှစ်တွေ ရက်တွေ ရွှေ့လျား

၁၉၄၀ ကနေ ၁၉၁၄ အကြားမှာ ကမ္ဘာပျက်ကိန်းရှိတယ်။

ချာလ်းတာဇီရပ်ဆဲ (၁၈၉၁)

ဘယ်နေ့၊ ဘယ်ရက်ဖြင့် ကမ္ဘာပျက်တော့မယ်ဆိုတာကို နိုင်ငံအသီးသီးက ပညာရှင်တွေက ဟောကိန်းထုတ်ခဲ့ကြတာ များပါပြီ။ အများအားဖြင့်ကတော့ လူဦးရေတွေ ပိုများလာပြီး လောဘ၊ ဒေါသ၊ မောဟများ ဖုံးလွှမ်းနေသော် ကမ္ဘာဟာ ပျက်ဖို့ နီးလာပြီလို့ ဘာသာအသီးသီးက ပုဂ္ဂိုလ်တွေက ဟောကြတာများသည်။ ကပ်ဆေးချိန် နီးလာပြီ။ ကုသိုလ်ကောင်းမှုတွေ များများလုပ်၊ ဘုရားတရားနဲ့ နေကြဆိုပြီး ဘာသာရေး ဆရာအသီးသီးက ဟောကြ၏။ သို့သော် သူတို့အများစုက သူတို့နှင့် ခပ်လှမ်းလှမ်းကာလကိုသာ ဟောကိန်းထုတ်ကြတာများသည်။ ရှေ့လာမယ့် ဆယ်နှစ်၊ ဆယ့်ငါးနှစ်တွင် ကမ္ဘာပျက်မယ်လို့ မဟောကြဖူးပါ။

"ချာလ်းတာဇီရပ်ဆဲ" (၁၈၅၂-၁၉၁၆) ကတော့ သူမသေမီ နှစ်နှစ်၊ သုံးနှစ် အလိုမှာ ကမ္ဘာပျက်မည်ဟု အချိန်ကပ်ပြီး ပြောခဲ့သူဖြစ်၏။ သူက စကော့နှင့် အိုင်းရစ်ရ်ကပြား။ သို့သော် သူတို့က အမေရိကန်ပြည်ပင်ဆီလ်ဗေးနီးယားပြည်နယ်မှာ လာအခြေစိုက်ကြ၏။ သူ့အဖေက အထည်ဆိုင်ဖွင့်သည်။ သူက အသက် ၁၃ နှစ်သားလောက်ကတည်းက သူ့အဖေ၏ အထည်ဆိုင်တွင်မှာ ဝင်အလုပ်လုပ်ခဲ့ရသည်။ သူက ဘာသာတရားလည်း သိပ်ကိုင်းရှိုင်းသည်မှာ ငယ်စဉ်ကတည်းကပင်။ သို့သော် နည်းနည်းကြီးလာတော့ သူက ဘာသာတရားမျိုးစုံ လိုက်လေ့လာပြီး တစ်ခုမှ သိပ်မကျေနပ်ခဲ့။ ၁၈၇၀ မှာကျတော့ တရားဟောဆရာတစ်ဦး၏ တရားသွားနာရင်းနှင့် ၁၈၇၄ မှာ ကမ္ဘာပျက်မယ်လို့ သိရတော့ သူက သံသယဝိုးများလာသည်။ ထာဝရဘုရား ပြန်လည်ရှင်သန်လာမယ့်နေ့ကိုလည်း သူမျှော်လင့်ခဲ့၏။ သူ့မိတ်ဆွေ ထုတ်ဝေသူတစ်ဦးဖြစ်သော "နယ်လ်ဆင်ကာဘော" (၁၈၂၄-၁၉၀၅)က ၁၈၇၈ မှာ ဘုရားပွင့်မည်ဟု ပြောပြန်သည်။ ဤသည်ကို သူက ယုံကြည်ပြီး သူ့အထည်ဆိုင်မှ အဝတ်အကုန်ရောင်းပြီး ဘုရားအပွင့်ကို စောင့်ခဲ့၏။ "ရပ်ဆဲ"က ၁၈၇၉ တွင် "ဂီယွန်၏ ကင်းမျှော်စင်" နှင့် "ခရစ်တော်ရှေ့တော်မှောက် ရှေ့တော်ပြေး" မဂ္ဂဇင်းတွေကို ထုတ်ဝေသည်။ (ကင်းမျှော်စင်မဂ္ဂဇင်းက ခုထိ ယေဟိုဝါရဲ့ သက်သေမဂ္ဂဇင်းအဖြစ် ယခုတိုင် ရှိဆဲ)။ သူက ကမ္ဘာပျက်မည့်နေ့ကို ကျမ်းစာအသီးသီးတွင် အထောက်အထားရှာခဲ့၏။

"နောက်ဆုံးနေ့ရက်များ ရောက်လာပြီ။ ခေတ်သစ်အရုဏ် နီးလာပြီ" စသည့် စကားများ၏ အခြေအမြစ်ကား အဘယ်နည်း။ ကြိုရာလျှောက်ပြောနေခြင်းလော။ တကယ်သိ၍ တကယ်ပြောနေခြင်းလော ဆိုသည်ကို ခွဲခြားသိရန် လိုသည်ဟု သူက ရေးခဲ့၏။

သူက "ဒယ်နီယယ်ကျမ်း"ကို ရှာဖွေတွေ့ရှိကာ ကမ္ဘာနိဂုံးချုပ်ရမည့်နေ့ကို တွက်၏။ သူ စတင်တွက်ရမည့်နေ့က ဘီစီအီး ၆၀၇ မှ စ၏။ နှစ်ပေါင်း ၃၆၀ ကို ခုနှစ်ကြိမ် ဖြတ်သန်းရမည်ဟု သူမြင်မိ၏။ ထိုရက်ပေါင်း ၂၅၂၀ ကို ဘီစီအီး ၆၀၇ နှင့်ပေါင်းတော့ ၁၉၁၄ ခုနှစ်၊ အောက်တိုဘာလ ကျ၏။ အီဂျစ်နိုင်ငံ၊ ကိုင်ရိုမြို့အနီး ဂီဇာကုန်းပြင်မြင့်မှ

"ခူဖူးပိရမစ်"တွင် တွေ့ရသော အချက်တွေကိုလည်း သူက ကိုးကား၏။ "ရပ်ဆဲ"က ပိရမစ်များသည် ထာဝရဘုရားသခင်၏ လမ်းညွှန်ချက်အရ ဟီးဘရူးလူမျိုးများက တည်ဆောက်ထားသော "သမ္မာကျမ်းစာ ကျောက်စာများ"ဟု ယုံကြည်၏။ သူ့တွေ့ရှိချက်များကို သူ့မဂ္ဂဇင်းများတွင် ၁၉၁၄ မတိုင်မီ ဆောင်းပါးများစွာ ရေးခဲ့၏။ ၁၈၈၉ တွင်မူ သူက အသေအချာ ကောက်ချက်ချ၏။

"၁၉၁၄ မှာ ကမ္ဘာပျက်မယ်။ လာမယ့် ၂၆ နှစ်အတွင်းမှာ လက်ရှိ အစိုးရတွေ၊ မင်းတွေ အာဏာစွန့်ရမယ်"ဟု ရေး၏။

သူပြောသကဲ့သို့ ၁၉၁၄ တွင် ကမ္ဘာမပျက်တော့ သူက ၁၉၁၅ မှာ ပျက်မည်ဟု ဆိုပြန်၏။ သို့နှင့် ၁၉၁၅ လည်း ကမ္ဘာမပျက်။ "ရပ်ဆဲ" သာလျှင် ၁၉၁၆ တွင် ကွယ်လွန်ခဲ့၏။ သို့သော် ဤမျှနှင့် နိဂုံးမချုပ်သေး။ သူ၏ နောက်လိုက်တပည့်ဖြစ်သူ "ဂျိုးဂက်ဖရင့်ကပင်ရှသာဖိုဒ်" (၁۸۶၉-၁۹۶၂) က ထပ်၍ ဟောၑ၏။ ၁۹၁۸၊ ၁۹၂၀၊ ၁۹၂၅၊ ၁۹۶၁၊ ၁۹۶۶ တစ်နှစ်နှစ်မှာ လုံးဝဥသုံ ကမ္ဘာပျက်မည်တဲ့။ ၁۹۶۶ ကျော်လာပြီ။ ကမ္ဘာ မပျက်သေး။ သူတို့က မလျှော့။ ထပ်တွက်နေကြဆဲ။ ၂၀၂၀ မပျက်ရင် ၂၀၃၀၊ ၂၀۶၀ ပေါ့။

○

သံမြင်းမျိုး



ဖြတ်သူ အရာရှိတစ်ဦး

သံမြင်းများ
ဗြိတိသျှအရာရှိတစ်ဦး

အဓိကလက်သည် - ဗြိတိသျှအရာရှိတစ်ဦး

ဘာကို ကြိုးတင်ပြောခဲ့သလဲ - သံချပ်ကာကားက ပထမကမ္ဘာစစ်မှာ မြင်းတပ်နေရာကို အစားမထိုးနိုင်ဘူး။

အမှန်တကယ် ဘာဖြစ်လာသလဲ - ပထမကမ္ဘာစစ်သည် စက်မှုပညာကို ပထမဆုံး သုံးသောစစ် ဖြစ်သည်။ ဥရောပတွင် မြင်းတပ်သုံးစွဲမှု၏ နိဂုံးဖြစ်၏။

မြင်းတပ်နေရာကို ဟောဒီ သံထည်ပစ္စည်းတွေက အစားထိုးမယ်ဆိုတာ ရယ်စရာပဲ။ စိတ်ကူးယဉ်တွေပါပဲ။

ဖီလ်းမာရှယ်ဒေါက်ဂလပ်စ်ဟေ့ဂ်၏ တပ်မှ အရာရှိတစ်ဦးက ၁၉၁၆ တွင် ပြောခဲ့သည်။

ပထမကမ္ဘာစစ်ကာလက အနောက်ဘက်စစ်မျက်နှာစာမှ တပ်ဖွဲ့များကို ဦးစီးတိုက်ခိုက်ခဲ့သူများသည် ၁၉ ရာစုတွင် မွေးဖွားကြသူများဖြစ်၏။ သူတို့ကို စစ်ပညာသင်ပေးကြသူများသည် တစ်ချိန်က စစ်မြေပြင်တွင် မြင်းတွေစီးကာ ရွက်ရွက်ချန်ချန် တိုက်ပွဲဝင်ခဲ့ကြသူများ ဖြစ်ကြ၏။ ဥရောပတွင် ပြင်သစ်နှင့်ဂျာမနီတို့ ပါဝင်သော နောက်ဆုံးစစ်ပွဲက ၁၈၇၀-၁ ပြင်သစ်-ပရပ်ရှားစစ်ပွဲဖြစ်၏။ ထိုပွဲတွင် ဂျာမနီက နိုင်ခဲ့၏။ နောက်ထပ်

နှစ် ၄၀ အကြာတွင် ပြင်သစ်နှင့်ဂျာမန်တို့က ပြန်လည်အားပြိုင်ကြပြန်သည်။

ဗြိတိသျှတို့သည် ဥရောပမြေပေါ်တွင် အဓိက ပဋိပက္ခများ၌ မပါဝင်ခဲ့။ ဤသည်မှာ ၁၈၁၅ ခု ဝါတာလူးစစ်ပွဲတွင် "နပိုလျံ" (၁۷۶۹-၁၈၂၁)ကို တိုက်ခိုက်အောင်မြင်ပြီးနောက် ဖြစ်၏။ ၁၉ ရာစုအလယ်ပိုင်း ဗြိတိန်၏ စစ်ရေးအောင်ပွဲများသည် ဗြိတိန်၏ ကိုလိုနီများဖြစ်ကြသော အာဖရိက၊ အာရှနှင့် အိုရှင်းနီးယားမှ တပ်သားများကို အားပြုတိုက်ခိုက်ခဲ့၍ဖြစ်၏။ ၁၈၇၉ ခုနှစ်၊ ဗြိတိသျှ-ဇူလူးစစ်ပွဲ (၁۸۷۸-၈၀) ဒုတိယအာဖဂန်စစ်ပွဲများတွင် ဤသို့ပင် တိုက်ခိုက်ခဲ့ကြ၏။

ဗြိတိသျှတို့၏ ဥရောပအင်အားနှင့် တကယ်တမ်း အကြီးအကျယ်စစ်ခင်းရသည်ကား "ခရီးမီးယန်းစစ်ပွဲ" (၁၈၅၃-၅၆) ဖြစ်သည်။ ဗြိတိန်နှင့် ၄င်း၏ မဟာမိတ်ပြင်သစ်တို့က ရုရှားအင်ပါယာကို ရုရှားပိုင် "ခရီးမီးယားဒေသ"တွင် တိုက်ကြ၏။ ထိုစစ်ပွဲတွင် ဗြိတိသျှမြင်းတပ်က ရုရှားခံတပ်ကို အသေခံပြီးတိုက်သော ၁၈၅၄ တိုက်ပွဲက ထင်ရှား၏။ မြင်းတပ်ဖွဲ့ဝင် တစ်ဝက်ကျော် သေကြေခဲ့ကြ၏။ သို့သော် သူတို့အားလုံးကို သူရဲကောင်းများအဖြစ် အသိအမှတ်ပြုခဲ့၏။

စစ်ပွဲပထမပိုင်းတွင် အသစ်စမ်းသပ်တီထွင်ထားသော သံချပ်ကာကားကို စသုံး၏။ သို့သော် ဗြိတိသျှရေတပ်မတော်မှ အဆင့်မြင့်အရာရှိတစ်ဦးက "ဒီသံထည်နဲ့လုပ်ထားတဲ့ ကားတွေက အသုံးမကျဘူး။ အရူးတွေ လုပ်တာပဲ။ ဒါကို ဂရစိုက်လုပ်နေကြတဲ့သူတွေကြောင့် စစ်ပွဲက အားလျော့တယ်"ဟုပင် ပြောခဲ့၏။

သံချပ်ကာကားများကို ပထမက "ကုန်းပေါ်က သင်္ဘောများ"ဟု ခေါ်ကြ၏။ ဤစိတ်ကူးကို "လီယိုနာဒိုဒါဗင်ချီ" (၁۷၅၂-၁၅၁၉) က သူ၏မှတ်စုစာအုပ်ထဲတွင် ပုံကြမ်းဆွဲခဲ့ဖူး၏။

ဗြိတိသျှလူမျိုး သိပ္ပံစာရေးဆရာ "အိပ်ချ်ဂျီဝဲ(လ်)(စ်)" (၁۸۶၀-၁၉၄۶) ကလည်း ဧရာမသံထည်ယာဉ်များဖြင့် တိုက်ခိုက်ပုံကို စိတ်ကူးယဉ်ရေးခဲ့ဖူးသည်။

"ဝါတာလူးစစ်ပွဲ"သည် တကယ့်အဓိပတိစစ်ဘုရင်နှစ်ပါး၏ တိုက်

ပွဲပင်ဖြစ်၏။ တစ်ဖက်က "နဝိုလ္ပ"။ တစ်ဖက်က "ဝယ်လင်တန်" (၁၇ဖေ-၁၈၅၂)။ သူတို့က သူတို့၏ ကြည်းတပ်၊ မြင်းတပ်များကို စစ်တုရင်ရုပ်ကလေးများကဲ့သို့ ရွှေ့ကစားခဲ့ကြ၏။

၁၉၁၄ တွင် ဂျာမနီက ၁၈၇၁ အောင်ပွဲကို ထပ်မံ၍ သရဖူဆောင်းခဲ့၏။ ဂျာမန်တပ်များက ဘယ်လ်ဂျီယံ၊ လူဇင်ဘတ်ဂ်၊ ပြင်သစ်မြောက်ပိုင်းတို့ကို သိမ်းကာ ပြင်သစ်ကမ်းခြေထိ ရောက်လာကာ ပြင်သစ်နှင့် ဗြိတိသျှတို့ကို အဆက်ဖြတ်ခဲ့၏။ ထို့ကြောင့် ပြင်သစ်၏ မဟာမိတ်ဗြိတိသျှတို့ထံမှ တပ်ကူမလာနိုင်တော့။ ဤသို့ဖြင့် အနောက်ဘက် စစ်မျက်နှာတွင် အပြင်းအထန် တိုက်ပွဲများဖြစ်ကြ၏။ ကတုတ်ကျင်းများ၊ တူးမြောင်းများ၊ သံဆူးကြိုးများဖြင့် တားဆီးကာ တိုက်ခိုက်ကြ၏။ ဗုံးတွေ ကြဲ၏။ စက်သေနတ်တွေ ပစ်၏။ တစ်ဖက်နှင့်တစ်ဖက် အဆိပ်ငွေ့တွေပင် သုံး၏။ ဗြိတိသျှတို့ ခေါ်လာသော မြင်းတပ်က ဘာမှ အသုံးမဝင်တော့။

"ဆုမ်းတိုက်ပွဲ" (ဇူလိုင်-နိုဝင်ဘာ ၁၉၁၆) တွင် ဂျာမန်နှင့် မဟာမိတ်တပ်များ၏ အကျအဆုံးမှာ ၁.၅ သန်းထိ ရှိ၏။

နောက်ဆုံးတွင် "ဖီးလ်မာရှယ်ဒေါက်ဂလပ်စ်ဟိတ်(လ်)" (၁၈၆၁-၁၉၂၀) သည် စက်တင်ဘာ ၁၉၁၆ တွင် ဗြိတိသျှလုပ် မတ်ဝမ်းသံချပ်ကားကားကို စသုံးရ၏။ ၁၉၁၇ တွင် ဗြိတိသျှသံချပ်ကာကားတပ်က ဂျာမန်တို့၏ ခံကတုတ်များကို သိမ်းပိုက်နိုင်ခဲ့၏။ ၁၉၁၈ တွင်မူ သံချပ်ကာကားအများကြီးသုံးခဲ့ကာ ဂျာမန်တို့၏ ထိုးစစ်ကို တွန်းလှန်နိုင်ခဲ့၏။ ဂျာမန်တို့ကလည်း အားကျမခံ သံချပ်ကာကားတွေ လုပ်၏။ သို့သော် သိပ်နောက်ကျသွားပြီ။ အရေအတွက်ကလည်း ဗြိတိသျှကို မယှဉ်နိုင်။ ထို့ကြောင့် ၁၉၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် လက်နက်ချကြရ၏။ ဤကား မြင်းတပ်နေရာတွင် အစားထိုးသော သံချပ်ကာကားတပ်၏ အစွမ်းတည်း။

○

အသံတိတ်ပဲ
ကောင်းပါတယ်

ဟယ်ရီအမ်ဝါနာ

အသံတိတ်ပဲ ကောင်းပါတယ်
ဟယ်ရီဘမ်ဝါနာ

အဓိကလက်သည် - ဟယ်ရီဘမ်ဝါနာ

ဘာကို ကြိုးတင်ပြောခဲ့သလဲ - ရုပ်ရှင်သရုပ်ဆောင်တွေရဲ့ အသံတွေ နားထောင်ဖို့ ဘယ်သူက တကူးတက သွားချင်မလဲ

အမှန်တကယ် ဘာဖြစ်လာသလဲ - လက်ရှိအခြေအနေပဲ ကြည့်ကြပါတော့ သရုပ်ဆောင်တွေ စကားပြောတာ ဘယ်သူက နားထောင်ချင်မှာလဲ ကွာ။

ဝါနာဘရားသား ရုပ်ရှင်ကုမ္ပဏီကို ပူးတွဲထောင်သူ
ဟယ်ရီဘမ်ဝါနာ အသံထွက်ကားများ
ပထမဆုံး ထွက်လာချိန် ၁၉၂၇ တွင် ပြောစကား

စီးပွားဖြစ် ရုပ်ရှင်စတင်ပေါ်လာသည်ကား ၁၈၉၅ ခုနှစ်၊ ဒီဇင်ဘာလ ပြင်သစ်နိုင်ငံ၊ ပါရီမြို့တွင်ဖြစ်သည်။ လူမည်းညီနောင်တို့က စားသောက်ဆိုင်တစ်ခုတွင် ငွေကြေးယူပြီး ရုပ်ရှင်ပြခဲ့၏။ ကားတိုလေးဆယ်ခုကိုသာ ပြခြင်းဖြစ်၏။ တစ်ကားကို စက္ကန့် ၅၀ သာ ကြာ၏။ လက်နှင့် လှည့်ရသော ကင်မရာနှင့်ပြရာ လူတွေ သဘောကျကြ၏။ သို့သော် ဤအလုပ်က

ရေရှည်စီးပွားဖြစ်မည်ဟု လူမည်းညီနောင်က မထင်။ ထို့ကြောင့် ဆက်မလုပ်တော့ဘဲ ဆေးရောင်စုံဓာတ်ပုံဘက်ကို ကူးသွားကြ၏။

အမေရိကန်နိုင်ငံ၊ လော့စ်အင်ဂျလိစ်မြို့နှင့် အရှေ့ဘက် ၁၀ မိုင်ခန့် အကွာတွင် "ဟောလီးဝုဒ်" ခေါ် မြို့ငယ်လေးတစ်ခု ရှိ၏။ ၁၉၁၅ တွင် ဤမြို့လေးသည် အမေရိကန်ရုပ်ရှင်၏ ဗဟိုချက်မ ဖြစ်လာသည်။ ပထမကမ္ဘာစစ်အပြီးတွင် ကမ္ဘာမှ အခြားနေရာများတွင်လည်း ရုပ်ရှင်ရိုက်လာကြ၏။ သို့သော် "ချာလီချက်ပလင်" (၁၈၈၉-၁၉၇၇) ကဲ့သို့သော ပုဂ္ဂိုလ်ကြီးကပင် "ရုပ်ရှင်ဆိုပေမယ့် လူကိုယ်တိုင် ထွက်ကတဲ့ ပြဇာတ်လောက်တော့ ပရိသတ်က ပိုမကြိုက်ဘူး" ဟု ပြောခဲ့၏။ ထိုစဉ်က ရုပ်ရှင်တွေက အသံတိတ်တွေ။ ပါးစပ်ပေါက်ကြည့်ပြီး၊ အမူအရာကြည့်ပြီး ခန့်မှန်းရ၏။ အောက်ကထိုးထားသော စာတန်းကို ဖတ်ရ၏။ ထို့ကြောင့် ကြည့်ရတာ သိပ်အသက်မပါ။ ဂျပန်နှင့်တရုတ်တို့တွင်မူ ရုပ်ရှင်ရုံတွင် နောက်ခံစကား ပြောပေးသူရှိ၏။

၁၉၂၇ တွင် "ဂျပ်ဇ်အဆိုတော်" ဆိုသော ရုပ်ရှင်းကားက အသံထွက်ကားဖြစ်၏။ သို့သော် သီချင်းတွေက များပြီး စကားပြောက ၁၇ မိနစ်သာရှိ၏။

ဤသည်ကိုကြည့်ပြီး "ဝါနာဘရားသား" ရုပ်ရှင်ကုမ္ပဏီထောင်သောသူတစ်ဦးဖြစ်သည့် "ဟယ်ရီဘမ်ဝါနာ" (၁၈၈၁-၁၉၅၀) က "သရုပ်ဆောင်တွေ ပြောစကားကို ဘယ်သူက နားထောင်ချင်မလဲကွာ" ဟု ပြောခဲ့၏။ "ချာလီချက်ပလင်" ကလည်း ၁၉၂၉ တွင် "အသံတိတ်ခြင်းရဲ့အလှကို ဖျက်ဆီးပစ်တာပဲ" ဟု ပြော၏။ "ချာလီချက်ပလင်" က သရုပ်ဆောင်တွေ စကားပြောတာဟာ ရုပ်ရှင်အနုပညာရဲ့ အနှစ်သာရကို ပျက်စေတာပဲဟု ပြောခြင်းမှာ သူကိုယ်တိုင်က အသံတိတ်ကားများတွင် အမူအရာမျိုးစုံဖြင့် ပရိသတ်အားလုံးကို ဖမ်းစားနိုင်ခဲ့သဖြင့် ဖြစ်၏။

"ဝါနာဘရားသား" ရုပ်ရှင်ကုမ္ပဏီတည်ထောင်သူ "ဟယ်ရီဘမ်ဝါနာ" သည် ပိုလန်နိုင်ငံသား ဖြစ်၏။ ရှစ်နှစ်အရွယ်ကျမှ သူက အမေရိက ရောက်လာသူဖြစ်၏။ သူ့အဖေက အရင်ရောက်နှင့်၏။ ဘော်တီမိုတွင် အခြေချကာ ဖိနပ်ချုပ်၏။ ၁၈၉၆ တွင် သူတို့က အိုဟိုင်ယိုပြည်နယ်၊ "ယန်းစတောင်း" သို့ ပြောင်း၏။ "ဟယ်ရီ" က သူ့ဖခင်ရိုးရာ ဖိနပ်ပြင်

သောအလုပ် ဆက်လုပ်၏။ နောက်ကျမှ စက်ဘီးဆိုင်ဖွင့်သည်။ ၁၉၀၅ ကျတော့ သူတို့ညီအစ်ကိုများက ရုပ်ရှင်ရုံလုပ်ငန်းကို စိတ်ဝင်စားလာ၏။ "ဟယ်ရီ"၏ စက်ဘီးဆိုင်ကိုရောင်းကာ ရုပ်ရှင်ရုံထောင်၏။ ၁၉၁၂ တွင် သူတို့ရုပ်ရှင်ကုမ္ပဏီ ထောင်လာနိုင်၏။ ၁၉၂၇ တွင် ဟောလီးဝုဒ်သို့ပြောင်းကာ "ဝါနာဘရားသား(စ်)"ရုပ်ရှင်ကုမ္ပဏီ ထောင်၏။ ထို့နောက် အသံတိတ်ကားများကို ထုတ်လုပ်၏။ သူတို့၏ ရုပ်ရှင်များ ပိုမိုအောင်မြင်လာရန် အထောက်အကူပြုမှုက ဂျာမန်မင်းသမီး "ရင်တင်တင်"ကြောင့် ဖြစ်၏။

သူတို့ကုမ္ပဏီက အသံထွက်ရုပ်ရှင် စတင်ထုတ်လုပ်၏။ "ဂျပ်ဂ်အဆိုကျော်" ရုပ်ရှင်ကားက ယခင်ကားတစ်ကားကို ဒေါ်လာ ၂ သိန်းခွဲ သုံးရာမှ ၅ သိန်းထိ နှစ်ဆတိုး သုံးရ၏။ ထိုရုပ်ရှင်ကားအတွက် "ဟယ်ရီ"ဇနီး၏ လက်ဝတ်ရတနာများ ပေါင်ရ၏။ အိမ်ရောင်းရ၏။ သို့သော် ရုပ်ရှင်က အမှန်တကယ် "ပေါက်"သွားတော့ သူတို့၏ "ဝါနာဘရားသား(စ်)" ကုမ္ပဏီက ဟောလီးဝုဒ်တွင် အကြီးဆုံးဖြစ်လာ၏။ ၁၉၂၉ မှစ၍ အသံတိတ်ခေတ်ကုန်ကာ အသံထွက်ရုပ်ရှင်များသာ ရိုက်ကြ၏။

"ဟယ်ရီဝါနာ" ပြောတာက သိပ်တော့မမှား။

"ရုပ်ရှင်သရုပ်ဆောင် စကားပြောတာ ဘယ်သူက နားထောင်ချင်မလဲ။ မှန်ပါသည်။ ရုပ်ရှင်သရုပ်ဆောင် စကားပြောတာထက် သီချင်းဆိုတာ ပိုနားထောင်ချင်ကြတယ် မဟုတ်လား"

၁၉၃၉ တွင် ထွက်လာသော "ဘရော့ဒ်ဝေးမယ်လဒီ" ဆိုသော ဇာတ်ကားက တေးသံစုံဇာတ်ကားဖြစ်၏။ သရုပ်ဆောင်တွေ သီချင်းဆိုကြ၏။ ဤ ဇာတ်ကားကို "ဘတ်စ်ဘီ ဘတ်ကလီ" (၁၈၉၅-၁၉၇၀) က ၁၉၂၉ တွင် ရိုက်ကူးခဲ့ရာ သောက်သောက်လဲ အောင်မြင်ခဲ့၏။ ထိုအချိန်မှစ၍ ကမ္ဘာပေါ်တွင် ရုပ်ရှင်ကားတွေ အောင်မြင်ခဲ့သည်မှာ အရုပ်အသံထွက်သော သေတ္တာသေးသေးလေးဖြစ်သည့် "ရုပ်မြင်သံကြား"ဆိုသော ပစ္စည်းမပေါ်မီအထိပင်တည်း။

○

အနီရောင် ဒီရေ၏ အလှည့်အပြောင်း

လီယွန် ထရော့စကီး

အနီရောင်ဒီရေ၏ အလှည့်အပြောင်း
လီယွန်ထရော့စကီး

အဓိကလက်သည် - လီယွန်ထရော့စကီး

ဘာကို ကြိုတင်ပြောခဲ့သလဲ - ဒုတိယမြောက် ပစ္စည်းမဲ့ တော်လှန်ရေး နောက်ပိုင်းတွင် စတာလင်၏ ဆိုဗီယက် ယူနီယံပြိုကွဲမယ်

အမှန်တကယ် ဘာဖြစ်လာသလဲ - ဆိုဗီယက်ယူနီယံ ပြိုကွဲပါသည်။ သို့သော် ဒုတိယတော်လှန်ရေးကြောင့် ကား မဟုတ်။

ဆိုဗီယက်ဗျူရိုကရေစီကို တော်လှန်တဲ့ပါတီက ဖြိုချပစ်မယ်။ ဆိုဗီယက်ပါတီတွေ အကုန်ပေါင်းပြီး ပြည်သူလူထုနဲ့အတူ ဖောက်ပြန်သူတွေကို ဖယ်ရှားကြလိမ့်မယ်။

တော်လှန်ရေး သစ္စာဖောက်ခံရခြင်းစာအုပ် (၁၉၃၆)၊
ထရော့စကီး ရေးသည်

ရုရှားနိုင်ငံကို ကွန်မြူနစ်ပါတီက ဦးနှောက်ဆေးကာ တစ်ပါတီ အာဏာရှင်ပုံစံဖြင့် အုပ်ချုပ်ခဲ့၏။ သို့သော် ပြည်သူတို့က သဘောကျကြ သည်မဟုတ်။ "ရုရှားဖြူ"ဆိုသော အုပ်စုက "ဇာဘုရင်ခေတ်"ကို ပြန်

လည်ထူထောင်ချင်ကြ၏။ သို့သော် ကွန်မြူနစ်ပါတီတွင်လည်း ခေါင်းဆောင်နှစ်ဦးဖြစ်သူ "ကျိုးဇော်စတာလင်" (၁၈၇၈-၁၉၅၃) နှင့် "လီယွန်ထရော့စကီး" (၁၈၇၉-၁၉၄၀) တို့၏ သဘောထားကွဲလွဲနေကြ၏။ သို့သော် အာဏာလက်ရှိ စိုးပိုင်ထားသူ "စတာလင်"က "ထရော့စကီး"ကို သစ္စာဖောက်အဖြစ် သတ်မှတ်ခဲ့၏။ "ထရော့စကီး"ကလည်း ဆိုဗီယက်ယူနီယံက ဒီအတိုင်းဆို ပြိုကွဲမှာပဲဟု ပထမဆုံး ပြောခဲ့သူဖြစ်၏။ သူက စတာလင်၏ အာဏာရှင်မည်သော လုပ်ရပ်များကြောင့် ဒုတိယပစ္စည်းမဲ့တော်လှန်ရေး ပေါ်လာကာ စတာလင်ကို ဖြုတ်ချကြမည်ဟု ထွက်ခဲ့၏။

၁၉၁၇ ခုနှစ် မင်ရှီဗစ်တော်လှန်ရေးကား ကမ္ဘာကျော်၏။ ဒုတိယမြောက် ဂါဘုရင် (၁၈၆၈-၁၉၀၈) ကို ဖြုတ်ချနိုင်ခဲ့၏။ အက်စ်ဝါဒီဖြစ်သော ရုရှားလူမှုရေး ဒီမိုကရေစီဝင် အလုပ်သမားပါတီ၏ ခေါင်းဆောင် "ဗွီအိုင်ပီနင်" (၁၈၇၀-၁၉၂၃) က ဦးဆောင်ဖြိုချခဲ့ခြင်းဖြစ်၏။ သို့သော် ပါတီတွင် လူငယ်အစွန်းရောက် ဆိုလ်ရှီဗစ်ချင်း ပိုမိုလွတ်လပ်သော မင်ရှီဗစ်ဟူ၍ နှစ်ပိုင်းကွဲပြန်သည်။ မင်ရှီစဗစ်တို့က အပြောင်းအလဲကို တဖြည်းဖြည်း လုပ်ချင်၏။ ဆိုရှီဗစ်တို့ကမူ ပစ္စည်းမဲ့တို့၏ လက်နက်ကိုင် ပုန်ကန်ထကြွမှုလုပ်နည်း စီစဉ်ထား၏။

"လီယွန်ထရော့စကီး"ကား သူ့ဘဝကို နိုင်ငံရေးနယ်ပယ်မှာပင် မြှုပ်နှံထား၏။ သူ၏မိသားစုက ချမ်းသာသော လယ်သမားများဖြစ်၏။ ထို့ကြောင့် သူက ပညာကောင်းစွာ သင်ခဲ့ရ၏။ သို့သော် သူက တက္ကသိုလ်ဆက်မတက်ဘဲ ဆိုရှယ်လစ်နာရော့ဒနစ် လူပ်ရှားမှုတွင် ပါဝင်ခဲ့၏။ သူက ဆင်းရဲသူများ၊ အဖိနှိပ်ခံပြည်သူများ၏ ဘဝကို တိုးတက်အောင် လုပ်ပေးချင်၏။ ၁၈၉၇ တွင် သူက မက်စ်ဝါဒကို ယုံကြည်သက်ဝင်ခဲ့၏။ သို့သော် နောက်ပိုင်းတွင် မယုံတော့။ ၁၈၉၈ တွင် သူ့ကို ဇါဘုရင်၏ လျှို့ဝှက်ရဲတပ်ဖွဲ့က နိုင်ငံရေးလုပ်မှုဖြင့် ဖမ်းကာ ထောင်လေးနှစ်ချ၏။ ဆိုက်ဘေးရီးယားသို့ ပြည်နှင်ဒဏ်ခပ်၏။ သူက ထောင်ထဲတွင် မာက်စ်ဝါဒကို ကျေညက်အောင် လေ့လာကာ လီနင်နှင့် ပေါင်း၏။ ၁၉၀၂ တွင် ထောင်မှလွတ်လာတော့ သူ လန်ဒန်တွင် နိုင်ငံရေးခိုလှုံခွင့်တောင်း၏။ ဘိုရှီဗစ်နှင့် မင်ရှီဗစ်ကွဲတော့ သူက မင်ရှီဗစ်ဘက် ပါ၏။ ဤတွင် လီနင်၏ ဘိုရှီဗစ်နှင့် သူ

အတိုက်အခံဖြစ်သွားသည်။ သို့သော် နောက်ပိုင်းတွင် သူက ထိုသဘော တရားများကို စွန့်ပယ်ကာ ဘက်မလိုက်သော ဆိုရှယ်ဒီမိုကရက်အဖြစ် နေခဲ့၏။

၁၉၀၅ တွင် ထရော့စကီးသည် ရုရှားပြည်ပြန်လာ၏။ ဆိုဗီယက် အလုပ်သမားကောင်စီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အဖမ်းခံရကာ ဆိုက်ဘေး ရီးယားသို့ အပို့ခံရပြန်၏။ သို့သော် လွတ်အောင်ထွက်ပြေးခဲ့ကာ လန်ဒန်သို့ ပြန်၏။ ထို့နောက် ဗီယင်နာတွင် သူ၏တော်လှန်ရေးလှုပ်ရှားမှုများကို လုပ်၏။ ပထမကမ္ဘာစစ်ကာလတွင် ထရော့စကီးက ဗီယင်နာမှ အမေရိကသို့ ပြောင်း နေ၏။ ၁၉၁၇ မေလတွင် ရုရှားသို့ပြန်ကာ လီနင်နှင့်ပေါင်းပြီး အောက်တို ဘာတော်လှန်ရေး ဆင်နွှဲ၏။ ၁၉၂၄ တွင် လီနင် ကွယ်လွန်တော့ ထရော့ စကီးက ဆိုဗီယက်နိုင်ငံ၏ ခေါင်းဆောင်တစ်ဦး ဖြစ်လာ၏။ သူက နိုင်ငံ ခြားရေးကိစ္စတွေ ကိုင်တွယ်ရ၏။ တပ်မတော်ကို အုပ်ချုပ်ရ၏။ သို့သော် "စတာလင်"က သူ၏ ပြိုင်ဘက်ဖြစ်လာကာ အာဏာရလာသောအခါ ၁၉၂၉ တွင် သူက ပြည်နှင်ဒဏ်ခံရပြန်၏။ တူရကီနှင့် ပြင်သစ်တို့တွင် နေရ၏။ နောက်ဆုံးကျမှ သူ မက်ဆီကို ရောက်၏။ စတာလင်က သူ၏ ပြိုက်ဘက်ဖြစ်လာကာ အာဏာရလာသောအခါ ၁၉၂၉ တွင် သူက ပြည်နှင် ဒဏ်ခံရပြန်၏။ တူရကီနှင့် ပြင်သစ်တို့တွင် နေရ၏။ နောက်ဆုံးကျမှ သူ မက်ဆီကို ရောက်၏။ စတာလင်က ထရော့စကီးကို တန်ပြန်တော်လှန်ရေး သမား၊ သစ္စာဖောက်ဟု သတ်မှတ်ခဲ့၏။ "ထရော့စကီး"သည် ဆိုဗီယက် ယူနီယံ ပြိုကွဲမည်ကို ပထမဆုံး ဟောကိန်းထုတ်သူဖြစ်၏။ သူမျှော်မှန်းထား သကဲ့သို့ ပစ္စည်းမဲ့တို့၏ ဒုတိယတော်လှန်ရေးကြောင့်ကား မဟုတ်။ စီးပွား ရေးအရ ချွတ်ခြုံကာ သူ့ဘာသာသူ ပြိုကွဲသွားခြင်းဖြစ်၏။

○

ဘယ်မှာလဲ
ဘီးတဲလ်(စ်)

ဒစ်ရီး

ဘယ်မှာလဲ ဘီးတဲလ်(စ်)
ဒစ်ရီး

အဓိကလက်သည် - ဒစ်ရီး

ဘာကို ကြိုးတင်ပြောခဲ့သလဲ - ဒီအုပ်စုတွေ ဂစ်တာဂီတတွေက ကြာရှည်မခံပါဘူး။ ဘီးတဲလ်(စ်)အဖွဲ့ဆိုတာ ဆက်ရှင်သန်ဖို့ မလွယ်ဘူး။

အမှန်တကယ် ဘာဖြစ်လာသလဲ - ဘီးတဲလ်(စ်)အဖွဲ့သည် တစ်ချိန်လုံး အကြီးဆုံး၊ အကျော်ကြားဆုံး တီးဝိုင်းဖြစ်ခဲ့၏။

အဲဒီအသံမျိုးတွေ မကြိုက်ဘူး။ ဂစ်တာဂီတက ကြာရှည်မခံပါဘူး။

"ဒက်ကာဓောတ်ပြားတိုက်"မှ "ဒစ်ရီး"က ဘီးတဲလ်(စ်)အဖွဲ့ကို ဝေဖန်ချက်

"ဝေါလ်ဖ်"ဂီတ၊ "ဂျပ်ဖ်"ဂီတ၊ နောက်တော့ ၁၉ဖဝ ဝိုင်းတွင် "ပေါ့ပ်"ဂီတ ခေတ်စားလာသည်။ ဂန္ဓဝင်ဂီတတွေက မပျောက်ပျက်နိုင်သော်လည်း အသစ်အသစ်တွေက အစားထိုးဝင်လာ၏။ အချို့အသစ်တွေကတော့ ဆပ်ပြာဘူးပေါင်းလိုပင် ကြာရှည်မခံ။ အချို့အသစ်တွေကတော့ လူထုကြားတွင် စွဲမြဲသွားသည်။ အဟောင်းတိုင်း မကောင်းဟူသော အစွဲ

မထားသင့်သကဲ့သို့ အသစ်တိုင်းကို ပေါ်ပင်ဟုလည်း မဆိုနိုင်။ အဓိကက တော့ လူထုလက်ခံဖို့ပဲ လိုသည်။ လူထုလက်ခံလျှင် ကမ္ဘည်းတင်ခံရလေ ပြီ။ ထိုအထဲတွင် ၁၉၆၀ တစ်ဝိုက်က ပေါ်လာသော "ဘီးတဲလ်(စ်)" အဖွဲ့လည်း ပါ၏။ ယခု အသက်ငါးဆယ်၊ ခြောက်ဆယ်ကျော်အရွယ်တို့ အဖို့ "ဘီးတဲလ်(စ်)"ခေတ်နှင့် ယဉ်ပါးခဲ့ကြမည် မုချ။ သူတို့၏ သီချင်း တွေ၊ ရုပ်ရှင်တွေ၊ နယ်လှည့်ဖြေဖျော်ပွဲများသည် တကယ်ပင် အုတ်အော် သောင်းနင်း လူအများ၏ အားပေးခြင်းခံခဲ့ရ၏။ သူတို့အုပ်စုထဲမှ အဆိုကျော် "ဂျွန်လင်ဘွန်" (၁၉၄၀-၈၀) အသတ်ခံရတော့ ပို၍ကျော်ကြားသွား၏။ သူ့ကိုသတ်သူကလည်း သူ့ကိုမုန်း၍ ရန်ညိုးရန်စနှင့် သတ်သည်မဟုတ်။ သူ့ကို ကြည်ညိုလွန်းမက ကြည်ညိုကာ သူ့ကို လိုက်တုပရင်းက တကယ် "ဂျွန်လင်ဘွန်" အစစ်ရှိလျှင် သူက "ဂျွန်လင်ဘွန်" ဖြစ်တော့မှာမဟုတ် ဆိုကာ သတ်ခဲ့ခြင်းဖြစ်၏။ "ဂျွန်လင်ဘွန်"၏ ဇနီးသည်က ဂျပန်အမျိုး သမီး "ယိုကို"ဖြစ်သည်။ "ဂျွန်လင်ဘွန်"အရှိန်နှင့် "ယိုကို"ပါ ကမ္ဘာ ကျော်ခဲ့၏။

အနောက်တိုင်းဂီတကို အစကနဦး လှုပ်ခါခဲ့သူကတော့ "အဲလ်ဗစ် ပရက်စလေ" (၁၉၃၅-၇၇) ဖြစ်၏။ သူက အဆိုကျော်၊ ရုပ်ရှင်မင်းသား၊ ကုန္ဒေကြွယ်သူဌေး။ သူ့သီချင်းဓာတ်ပြားချပ်ရေက သန်းပေါင်းများစွာ ရောင်း ရ၏။ သူပါဝင်သော ရုပ်ရှင်တိုင်း ဝင်ငွေစံချိန်ချိုး၏။ သူ၏အကကို "အရှုး ချိုးပန်းအက"ဟု အပုတ်ချကြ၏။ တစ်ကိုယ်လုံး တွန့်လိန်ကောက်ကွေး သော အကသည် ထိုခေတ်က လူကြိုက်အများဆုံးဖြစ်ခဲ့၏။ သူ့ကို နာမည် ကျော်လွန်းသဖြင့် The King(ဘုရင်ကြီး)ဟုပင် ခေါ်ကြ၏။ သူက အကျော် ကြားဆုံးအချိန်တွင် မူးယစ်ဆေးဝါး အလွန်အကျွံ သုံးစွဲကာ ငယ်ငယ်နှင့် ကွယ်လွန်ခဲ့ရှာ၏။ "ပရက်စလေ"ခေတ်ပြီးသွားတော့ "ဘီးတဲလ်(စ်)" ခေတ်။ သူတို့က ဂစ်တာတီး၊ ဒရမ်တွေ သုံးသော်လည်း သူတို့ဂီတက "ရော့ခ်အင်ရိုး"နှင့် ကွဲပြားခြားနားစွာ ပုံစံတစ်မျိုးထွက်လာ၏။ ရော်ကာ တွေက ဆံပင် သပ်သပ်ရပ်ရပ်၊ တီရှပ်၊ ဂျင်းဘောင်းဘီ၊ သားရေဂျာကင် တွေ ဝတ်ခဲ့ကြ၏။ ဘီးတဲလ်(စ်)ကတော့ ဆံပင်ရှည်ရှည်၊ အနောက်တိုင်း ဝတ်စုံပြည့် ဝတ်ကြ၏။ ရှပ်အင်္ကျီအဖြူ၊ လည်စည်းတွေ သပ်သပ်ရပ်ရပ်

နှင့်။ သူပုန်ပုံစံ ဖိုယို့ဖားယား ရော်ကာတွေကြားထဲတွင် သူတို့၏ လူကြီး လူကောင်းဝတ်စုံတွေက အဆန်းတကျယ် ဖြစ်နေ၏။

၁၇ နှစ်သား "ဝျန်လင်ခွန်" က "ကွာရီမင်း" ဆိုသော တီးဝိုင်းလေးကို သူ၏ဇာတိဖြစ်သော လီဗာပူးမြို့တွင် ၁၉၅၇ ခုနှစ်က တည်ထောင်၏။ ထိုနှစ်တွင်ပင် အသက် ၁၄ နှစ်အရွယ် "ပေါလ်မက်ကာတနေ" ကပါ ဝိုင်းထဲ ဝင်လာသည်။ ၁၉၅၈ တွင် "ကျော့ဟယ်ရီဆန်" (၁۹۴၃-၂၀၀၁) က ဝင်ရောက်အားဖြည့်၏။ "ဝျန်လင်ခွန်" က အထက်တန်းကျောင်းပြီးတော့ ကောလိပ်ဆက်တက်ကာ ဂီတပညာသင်၏။ ကောလိပ်တွင် "စကူးဝပ်စပ်ကလစ်ဖ်" (၁۹۴၀-၆၂) နှင့် ထပ်တွေ့ကာ ပေါင်းမိကြ၏။ ထို့နောက် သူတို့အဖွဲ့ကို "ဘီးတဲလ်(စ်)" ဟု နာမည်ပြောင်းလိုက်ကြ၏။ ပင်တိုင် ဒရမ်ဆရာ "ဝိ(ထ)ဘက်(စ်)" (၁۹۴၁ ဖွား)ကိုပါ ထပ်အားဖြည့်၏။

သူတို့က ပထမဆုံး အနောက်ဂျာမနီမှ "ဟမ်းဘာ့ဂ်" မြို့တွင် စဖြေဖျော်၏။ ပရိသတ်က ကောင်းစွာ လက်ခံအားပေးကြသော်လည်း ဥပဒေကြောင်းအရ သူတို့ ငြိစွန်းခဲ့၍ အဆင်မပြေ။ နောက်တစ်နှစ်ကျတော့ "ဟမ်းဘာ့ဂ်" တွင် ထပ်မံဖြေဖျော်၏။ ထို့နောက် သူတို့ဇာတိမြေ "လီဗာပူး" တွင်လည်း ဖြေဖျော်၏။ "ကေဗန်ကလပ်" ကို တည်ထောင်ကာ ထိုနေရာတွင်ပင် ဖြေဖျော်ပွဲများ ဆက်လုပ်၏။ (ယခုတော့ ကေဗန်ကလပ်က ကမ္ဘာကျော်နေပြီ) "ကေဗန်ကလပ်" တွင်ပင် နောင်သူတို့၏ မန်နေဂျာနှင့် သီချင်းရေးဆရာ ဖြစ်လာမည့် "ဘရိုင်ယင်အက်ပ်စတိန်း" (၁۹۲۶-၆၇) နှင့် တွေ့၏။ ထိုသူကြောင့်ပင် သူတို့၏ ကျော်ကြားမှုအရှိန်က ပိုမြင့်လာ၏။

"ဘီးတယ်လ်(စ်)" ၏ အနုပညာကို နားလည်ခံစားသော "ဒက်ကာဓာတ်ပြား" တိုက်က "ဘီးတယ်လ်(စ်)" အဖွဲ့ကို ဓာတ်ပြားထုတ်ရန် စီစဉ်၏။ ၁۹၆၂ ခုနှစ်၊ နှစ်သစ်ကူးနေ့တွင် စတူဒီယိုတွင် အသံစသွင်း၏။

"ခပ်ကလစ်(ထ်)" က ဂျာမနီတွင် ဂီတပညာ ဆက်သင်နေ၍ "ဝျန်လင်ခွန်"၊ "ပေါလ်မက်ကာတနေ" နှင့် "ဘက်စ်" တို့သာ အသံသွင်းကြ၏။

"ဒက်ကာဓာတ်ပြား" တိုက်က ဗြိတိန်တွင် ၁۹၂۹ က တည်ထောင်

ခဲ့သော ဗြိတိန်၏ ဒုတိယအကြီးဆုံး ဓာတ်ပြားတိုက်ဖြစ်၏။ ၁၉၅၀ တစ်ဝိုက်က "အဲလ်ဗစ်"၏ သီချင်းများကို ထုတ်ပြီး အကြီးအကျယ် အောင်မြင်လာ၏။ ထိုဓာတ်ပြားတိုက်၏ ထုတ်လုပ်သူ "တိုနီမီဟန်" (၁၉၄၃-၂၀၀၈) ကိုယ်တိုင်ကပင် "ရှဲဒိုး"ဆိုသော ဗြိတိသျှတီးဝိုင်းတွင် ဒရမ်တီးဖူးသော ဂီတပညာရှင်ဖြစ်၏။ "ဘီးတယ်လ်(စ်)"အဖွဲ့က လီဗာပူးမှ နှစ်သစ်ကူး မပိတ်မီတစ်ရက်က လန်ဒန်သို့ ထွက်လာ၏။ သို့သော် ယာဉ်မောင်းက လမ်းမှားသဖြင့် လန်ဒန်သို့ ညသန်းခေါင်မှ ရောက်၏။ ၁၀ နာရီကြာ ကားစီးလာရသဖြင့် အားလုံးက မောဟိုက်နွမ်းနယ်နေကြသည်။ နောက်တစ်နေ့တွင် အသံသွင်းတော့ သူတို့၏ ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာ အခြေအနေတို့က ပျက်ယွင်းနေ၏။ သူတို့၏ ဆိုနည်းဆိုဟန် တီးဝိုင်း၏ တင်ဆက်မှုများကို "ဒက်ကာ"သူဌေး "ဒစ်ရိုး"က မကြိုက်။

"သူတို့အသံတွေ မကြိုက်ပါဘူး။ ဂစ်တာဂီတက ကြာရင် ရေစုံမျောမှာပဲကွ အက်ပ်စတိန်း"ဟု သူက ပြောခဲ့၏။

ထို့ကြောင့် "ဘီးတဲလ်(စ်)"ဓာတ်ပြားမထုတ်တော့ဘဲ "ထရီမီလို(စ်)" တီးဝိုင်းကို ခေါ်ကာ အသံသွင်းဓာတ်ပြား ထုတ်ခဲ့၏။

"ဒက်ကာဓာတ်ပြား"က "ဘီးတဲလ်(စ်)"ဓာတ်ပြား မထုတ်ဖြစ်သည့်အကြောင်းကို "ဂျော့မာတင်" (၁၉၂၆ ဖွား)က ကြားပြီး သူ၏ "ဘီအမ်အိုင်"မှ ထုတ်ရန် စီစဉ်၏။ ထိုဓာတ်ပြားကို ၁၉၆၂ ခုနှစ်၊ ဇွန်လတွင် ထုတ်၏။ ဒရမ်တီးသူ "ဘက်(စ်)"နေရာသို့ "ရင်ဂိုစတား" (၁၉၄၀ ဖွား)နှင့် အစားထိုး၏။ ထိုဓာတ်ပြားက တစ်ဟုန်ထိုး ပေါက်သွား၏။ ရက်သတ္တပတ် (၃၀) ကြာသည်အထိ နံပါတ်တစ် အရောင်းစံချိန်တင်ခဲ့၏။ ထိုဓာတ်ပြားက Please, Please Me။ ထို့နောက် ၁၉၆၃ တွင် With the Beatlers။ ထို့နောက် She Loves You တို့ကို ထုတ်၏။ ဓာတ်ပြားချပ်ရေ တစ်သန်းထိ ရောင်းရ၏။ "ဘီးတယ်လ်(စ်)"အဖွဲ့က ဗြိတိသျှနှင့် ဥရောပဈေးကွက်တွင်ပါ ပေါက်ကာ အမေရိကကထိ ထိုးဖောက်သွား၏။ အမေရိကန် ရုပ်မြင်သံကြားတွင် သူတို့အဖွဲ့၏ ဖြေဖျော်မှုကို ထုတ်လွှင့်ရာ ကြည့်ရှုသူပေါင်း ၇၄ သန်းထိ ရှိခဲ့၏။

"ဘီးတယ်လ်(စ်)"ကို ဓာတ်ပြားထုတ်ရန် ငြင်းပယ်ခဲ့သော "ဒစ်ရိုး"ကား သူ၏ တွက်ချက်မှုမှားကြောင့် နောင်တကြီးစွာရခဲ့၏။ သို့သော် နောက်ပိုင်းတွင် သူက "ရိုးလင်းစတုန်း"၊ "တွမ်ဂျူး(စ်)"၊ "သန်ဒင်နီမဲ(စ်)" စသည်တို့ကို ထုတ်ဖြစ်၍ ဖြေသာပေ၏။

○

အရှေးတော

နီကီတာ ခရုရှော့ဗ်
နှင့်
ဗျန် အက်ဗ် ကနေဒီ

အရူးတွေ
နီကီတာခရုရှော့ဖ် နှင့် ဂျွန်အက်ဖ်ကနေဒီ

အဓိကလက်သည် - နီကီတာခရုရှော့ဖ် နှင့် ဂျွန်အက်ဖ်ကနေဒီ
ဘာကို ကြိုတင်ပြောခဲ့သလဲ - အဏုမြူလက်နက်နဲ့ ကမ္ဘာဖျက်မယ်
အမှန်တကယ် ဘာဖြစ်လာသလဲ - ၁၉၆၂ ခုနှစ်၊ ကျူးဘားခုံးပျံ အရေးအခင်းတွင် တတိယကမ္ဘာစစ်ဖြစ်ရန် တဲ့တဲ့လေး လိုတော့သည်။ သို့သော် အမေရိကန်နှင့် ဆိုဗီယက်တို့က လျှို့ဝှက်သဘောတူညီချက်တစ်ခုလုပ်ကာ စစ်ကို ရှောင်လွှဲခဲ့ကြ၏။

လူသန်း ၂၀ အနည်းဆုံး တစ်ဖက်ကသေမယ်။ တစ်ဖက်ကလည်း လူသန်း ၁၅၀ လောက် သေမယ်။ ဒါက ပထမဆုံး သေမှာ။ ကျန်တာတွေကတော့ ရေတွက်လို့ကို ရမှာမဟုတ်ဘူး။

ဗိုလ်ချုပ်ကြီးဘတ်ဂ်တာဂစ်ဆန် (၁၉၆၄)

မည်သို့ပင်ဆိုစေကာမူ လူသားတို့သည် အဏုမြူကို စတွေ့ကြ၏။ ထိုအဏုမြူဖြင့် လောကကောင်းကျိုး၊ လူသားကောင်းကျိုးကို လုပ်စရာအများကြီးရှိ၏။ သို့သော် စစ်မက်လိုလားသူ၊ အာဏာမက်သူတစ်စုက

အဏုမြူကို ကမ္ဘာဖျက်လက်နက်အဖြစ် စစ်ရေးစစ်ရာတွင် အသုံးပြုရန် ကြံစည်ကြ၏။ ဤသို့ဖြင့် လူတွေ သောက်သောက်လည်း သေမှာ သေချာသည့် တတိယကမ္ဘာစစ်ကို ဦးတည်လာကြ၏။

ကျူးဘားခုံးကျည် အရေးအခင်းတွင် အမေရိကန်နှင့် ဆိုဗီယက်ယူနီယံတို့ ထိပ်တိုက်တိုးကြ၏။ နှစ်ဖက်လုံး အဏုမြူလက်နက်တွေ တပြင်ပြင်နှင့်။ ပြည်သူတို့ကမူ ခေါင်းဆောင်တွေ၏ အဆုံးအဖြတ်အပေါ် အသက်ပေါင်ထားကြရ၏။ သူချ ကိုယ်ချ အရှုံးမပေး၊ အညံ့မခံစတမ်းဆိုလျှင် နှစ်နိုင်ငံလုံး သေကြကြကြမည်။ အပျက်အစီးတွေကတော့ ပြောမနေနဲ့။

ထိုအရေးအခင်းကို ရုပ်ရှင်ရိုက်ပြခဲ့၏။ ဗိုလ်ချုပ်ကြီး "ဘတ်ဂ်တာဂစ်ဆန်" (သရုပ်ဆောင် ဂျော့စီစကော့)နှင့် "သမ္မတ မာကင်မာဖလေ" (ပီတာဆယ်လားစ်)တို့ကြားမှာ ပြဿနာဖြစ်၏။ ဒါရိုက်တာက "စတင်လေ ကူးဗရစ်"။ ကျူးဘားခုံးပျံ အရေးအခင်းဖြစ်ပြီး နောက်တစ်နှစ် ၁၉၆၃ ခု၊ နိုဝင်ဘာလတွင် ပြဿနာ စီစဉ်၏။ သို့သော် "ဂျန်အက်ဖ်ကနေဒီ" အလုပ်ကြံခံရ၍ သုံးလ နောက်ကျသွားသည်။ အမေရိကန်ရေတပ် ဗိုလ်ချုပ်ကြီးတစ်ဦး စိတ်ဖောက်ပြန်ကာ ဆိုဗီယက်ယူနီယံကို အဏုမြူဗုံးနှင့် တိုက်ခိုက်သော ဇာတ်လမ်းသည် စစ်အေးတိုက်ပွဲကာလ အရှိန်အဟုန် အမြင့်ဆုံးတွင် ပေါ်ထွက်လာ၏။ တကယ်တော့ ထိုဇာတ်ကားက သရော်သော ဇာတ်ကားဖြစ်သော်လည်း အချက်အလက်တွေက အမှန်အကန်။ စိတ်မူမမှန်သော ခေါင်းဆောင်တစ်ဦး၏ လက်ထဲတွင် အဏုမြူလက်နက်ရှိပါက မည်သို့ဖြစ်ပျက်မည်ဆိုသည်ကို ကောင်းကောင်း သတိပေးထား၏။

၁၉၄၇ ခုနှစ်ကတည်းက ဆူပွက်စပြုလာသော စစ်အေးတိုက်ပွဲသည် ၁၉၄၈ ဧပြီလတွင် စတင်ပေါက်ကွဲ၏။ အဖြစ်အပျက်စတာက ဘာလင်ကို နှစ်လုံးပေါက် ပိတ်ဆို့ထားသော ဆိုဗီယက်တို့က အစ။ ဒုတိယကမ္ဘာစစ် အတောအတွင်းက ဆိုဗီယက်ယူနီယံနှင့် အမေရိကန်တို့က မဟာမိတ်တွေ။ သို့သော် အယူအဆ အတွေးအခေါ်တွေက ဆန့်ကျင်ဘက်ဆန်စွာ ကွဲပြားခြားနားလွန်းသဖြင့် ဤနှစ်နိုင်ငံသည် ရေရှည်မဟာမိတ်ဖြစ်ရန် မလွယ်ဟု သိခဲ့ကြ၏။ ပိုဆိုးလာတာက အမေရိကန်က အဏုမြူလက်နက်စပိုင်၏။ မကြာခင် ဆိုဗီယက်ကပါ ပိုင်ဆိုင်လာတော့ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရန်

စောင်လာကြ၏။ အမေရိကန်တို့က ၁၉၄၅ တွင် အဏုမြူဗုံး စပိုင်၏။ ဆိုဗီယက်တို့ကမူ မိမိတို့၏ ကိုယ်ပိုင်အရည်အသွေးရော၊ သူလျှိုလုပ်မှုရော၊ ဂျာမန်တို့၏ ဒုတိယကမ္ဘာစစ်ရေးများပါ ပေါင်းကာ ၁၉၄၉ တွင် အဏုမြူဗုံး စတင်စမ်းသပ် ဖောက်ခွဲနိုင်ခဲ့၏။ မကြာခင်နှစ်များအကြာတွင် ပြင်သစ်နှင့် ဗြိတိန်တို့ကပါ အဏုမြူဗုံးပိုင်ရှင်တွေ ဖြစ်လာ၏။

အဏုမြူထိပ်ဖူးတပ် တိုက်ချင်းပစ် တာဝေးဒုံးကျည်တွေကို အပြိုင်အဆိုင် လုပ်လာကြ၏။

ကျူးဘားကျွန်းက အမေရိကန်နိုင်ငံနှင့် အနီးဆုံးဖြစ်၏။ ထိုနေရာတွင် ဆိုဗီယက်ယူနီယံက ဒုံးပျံစခန်း တည်ဆောက်ထားရာ အမေရိကန်က မည်သည့်နည်းနှင့်မှ ငြိမ်နေ၍မရတော့။ ဆိုဗီယက်ဝန်ကြီးချုပ် "ခရူးရှက်ဖ်" နှင့် ကျူးဘားခေါင်းဆောင် "ဖီဒယ်ကတ်စထရို" (၁၉၂၉ ဖွား)တို့က အလွန်ညီညွတ်နေကြ၏။

၁၉၆၁ ဧပြီလတွင် "ဝက်ပင်လယ်ကွေ့ပြဿနာ" ဖြစ်ပြီးနောက် အမေရိကန်စစ်တပ်နောက်ခံ ကျူးဘားပြည်ပြေးများက ကျူးဘားကို ဝင်တိုက်ကာ "ကတ်စထရို"နှင့် ကျူးဘားခေါင်းဆောင်မှုကို ဖြိုချရန် ကြံစည်ကြ၏။ သို့သော် ဤသို့လုပ်လိုက်တာက ဆွေးသလိုဖြစ်ကာ ဆိုဗီယက်တို့နှင့် ကျူးဘားကို ပို၍ ပူးပေါင်းမှုဖြစ်စေ၏။

"ခရုရှော့ဖ်"က စစ်ရေးဆိုင်ရာ ပါရဂူများကို စိုက်ပျိုးရေးပညာရှင်များ အယောင်ဆောင်ကာ ကျူးဘားသို့ ပို့၏။ နွေရာသီ ရောက်သောအခါ ရှားတို့က ဒုံးပျံလွှတ်တင်စင် (၉) ခု ပြုလုပ်ပြီး ဖြစ်၏။ (၆) ခုက တာလတ်ပစ်အာရ်-၁၂ ဒုံးပျံများဖြစ်၏။ မိုင် ၁၂၀၀ အဝေးကို ပစ်နိုင်၏။ (၃) ခုက "အာရ်-၁၄"ဒုံးပျံဖြစ်၏။ အဝေးကို မိုင် ၂၀၀၀ ထိ ပစ်နိုင်၏။ အီလူးရှင်း-၂၈ ဗုံးကြဲလေယာဉ်များလည်း အသင့်ပြင်ထား၏။ ၄င်းတို့ကို အောက်တိုဘာလတွင် သူလျှိုလေယာဉ်က ဓာတ်ပုံရိုက်နိုင်ခဲ့၏။ စက်တင်ဘာတွင်မူ အာရ်-၁၂ ဒုံးပျံများက ကျွန်းပေါ်ရောက်လာ၏။

"ခရုရှော့ဖ်"က အမေရိကန်သမ္မတ "ကနေဒီ"သည် အသက်သိပ်ငယ်သည်။ အတွေ့အကြုံ နုနယ်သည်ဟု ယုံကြည်ထား၏။

ဝက်ပင်လယ်ကွေ့ အရေးအခင်းကို "ကနေဒီ" ကိုင်တွယ်တာ

သိပ်နှောင့်နှေးကြောင်းလည်း သူသိရ၏။ စစ်ရေးအကြံပေးပုဂ္ဂိုလ်များက ကျူးဘားကို ဝင်တိုက်ရန် အကြံပေး၏။ သို့သော် "ကနေဒီ"က စဉ်းစားနေ၏။ အမေရိကန်၊ လက်တင်အမေရိက မဟာမိတ်များနှင့် ကျူးဘားကို ပိတ်ဆို့ရန် စီစဉ်နေ၏။ ထို့နောက် ရုရှားတို့ကို ဒုံးပျံစခန်းများ ဖျက်သိမ်းရန် တောင်းဆို၏။

အမေရိကန်နှင့် ဆိုဗီယက်စစ်ရေးဆိုင်ရာ ပုဂ္ဂိုလ်များက အဏုမြူစစ်ပွဲအတွက် ပြင်ဆင်နေကြချိန်တွင် "ကနေဒီ"နှင့် "ခရုရှော့ဖ်"က ကြားခံလူများမှတစ်ဆင့် ဆွေးနွေးညှိနှိုင်းနေကြ၏။ အမေရိကန်ဘက်မှ "ကနေဒီ"၏ညီ "ရောဘတ်ကနေဒီ" (၁၉၂၅-၆၈) နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့် (၁၉၈၉-၇၄) လည်း ပါ၏။ သို့ဖြင့် အောက်တိုဘာ ၂၈ ရက်တွင် ဆိုဗီယက်က သူ၏ ဒုံးပျံစခန်းများ ဖျက်သိမ်းပေးရန် သဘောတူ၏။ အမေရိကန်ဘက်ကလည်း အီတလီနှင့် တူရကီမှ ဒုံးပျံစခန်းများ ဖျက်သိမ်းရန် ကျူးဘားကို မည်သည့်အခါမှ ဝင်မတိုက်ရန် သဘောတူခဲ့ရ၏။

○

သတ္တု လူသားများ

မယ်ရီ ဒစ်သရင်း

သတ္တုလူသားများ
မယ်ရီဒစ်သရင်း

အဓိကလက်သည် - မယ်ရီဒစ်သရင်း

ဘာကို ကြိုတင်ပြောခဲ့သလဲ - ၁၉၈၄ ကျရင် စက်ရုပ်လူသားတွေက အိမ်အလုပ်ကို အကုန်လုပ်ကြမယ်

အမှန်တကယ် ဘာဖြစ်လာသလဲ - အိမ်အလုပ်ကို လုပ်မည့် စက်ရုပ်လူသားများ ယခုထိ အလှမ်းဝေးနေဆဲ

အိမ်အလုပ်ကို စက်ရုပ်လူသားတွေက အကုန်သိမ်းကျုံး လုပ်လိမ့်မယ်။ လူတွေ တည်ငြိမ်း တည်ကြည်၊ တကုပ်ကုပ်လုပ်တဲ့ အလုပ်တွေကို သူတို့ပဲ ဒိုင်ခံလုပ်မယ်။

မယ်ရီဒစ်သရင်း (၁၉၆၄)

အိမ်အလုပ်တွေဖြစ်သော ကြမ်းတိုက်၊ ပန်းကန်ဆေး၊ လှဲကျင်း၊ သန့်ရှင်းရေး စသည့် အလုပ်များကို လူများက လုပ်စရာမလိုဘဲ စက်ရုပ်များက လုပ်လိမ့်မည်ဟု ဆိုကြ၏။ သို့သော် တယ်လီဖုန်း၊ ရေဒီယို၊ မော်တော်ယာဉ် စသည်တို့ကို တီထွင်နိုင်ခဲ့သော လူသားများသည် ယခုတိုင် စက်ရုပ်လုပ်သားများကိုမူ မလုပ်ဆောင်နိုင်ကြသေး။ တကယ်တော့ ''စက္ကေမ''ဟုခေါ်သော စက်ရုပ်များကို စတင်ကြံစည်တွေးတောကြမည်မှာ ရှေးခေတ်ဂရိဒဏ္ဍာရီများဖြစ်၏။ ''ဟက်ဖေးစတပ်''ဟုခေါ်သော နတ်ဘုရား

တွင် သူ့အလုပ်ကို ကူညီလုပ်ကိုင်ပေးသော သတ္တုဖြင့်လုပ်သည့် ကျေးကျွန်များရှိသည်ဟု ဆို၏။ ရှေးခေတ်ဂရိဒဏ္ဍာရီများတွင် အချို့စက်ရုပ်များက စစ်မြေပြင်တွင် သူရဲကောင်းများနှင့် စီးချင်းထိုးကြသည်ကိုပင် တွေ့ရ၏။ ယဉ်ကျေးမှုအဆက်ဆက်တွင် လူသားတို့၏ ခိုင်းဖတ်များဖြစ်ကြသော စက်ရုပ်များအကြောင်း မကြာခဏ တွေ့ရ၏။ ကျူးရိုးရာထဲတွင် လူအတုဖြစ်သော စက်ရုပ်များအကြောင်း ဖော်ပြထားသည်ကို တွေ့ရ၏။ သတ္တုဖြင့်လုပ်ထားသော လက်ခြေ စသည်တို့ လှုပ်ရှားနိုင်သောပုံစံမှာ စက်ရုပ်အမျိုးအစားပင် ဖြစ်၏။

အထူးသဖြင့် သိပ္ပံဝတ္ထုများထဲတွင် စက်ရုပ်များအကြောင်း မကြာခဏ ဖတ်ရ၏။ တစ်ချိန်ကျလျှင် လူသားတို့ကို စက်ရုပ်များက အုပ်ချုပ်မင်းလုပ်သွားမည့် ပုံစံမျိုးကို Matrix နှင့် Terminator ရုပ်ရှင်များတွင် တွေ့ရသည်။ I, Robot(၂၀၀၀) ဝတ္ထုသည် စက်ရုပ်ဇာတ်ဆောင် အသားပေးဇာတ်လမ်းဖြစ်သည်။ စက်ရုပ်က လူသားတွေကို ကယ်တင်သော ဇာတ်လမ်းတွေရှိ၏။ စက်ရုပ်နှင့် လူသား ပူးပေါင်းလုပ်ဆောင်သော အရာတွေရှိ၏။ ထိုအကြောင်းများကို 2001, A Space Odssy(၁၉၆၈) ဝတ္ထုတွင် တွေ့ရ၏။ စာရေးဆရာ "ကာရယ်လ်ကာပက်" (၁၈၉၀-၁၉၃၈) ၏ ပြဇာတ်ထဲတွင် "စက်ရုပ်"များအကြောင်း အစောဆုံးပါ၏။ "အိုက်ဇက်အက်ဆီမော့" (၁၉၂၀-၉၉)၏ ဝတ္ထုတိုပေါင်းချုပ် "ကျွန်ုပ်စက်ရုပ်" (I, Robot) တွင် စက်ရုပ်အကြောင်း တော်တော်များများ ဖတ်နိုင်၏။

စာရေးဆရာများသာမက သိပ္ပံပညာရှင်များသည်လည်း စက်ရုပ်ကို အတော်စိတ်ဝင်စားကြ၏။ သိပ္ပံပညာရှင် "မယ်ရီဒစ်သရင်း" (၁၉၁၅-၂၀၀၆) သည် လန်ဒန်ရှိ ကွင်းမေရီကောလိပ်မှ စက်မှုနည်းပညာပါမောက္ခဖြစ်၏။ သူက မကြာလှသော နှစ်အနည်းငယ်တွင် စက်ရုပ်များကို အိမ်မှုကိစ္စလုပ်ငန်းများတွင် အသုံးပြု၍ ရနိုင်ကြောင်း ပြောခဲ့၏။ မက်ဆာချူးဆက်နည်းပညာတက္ကသိုလ်မှ ပါမောက္ခမာဗင်မင်စကီး (၁၉၂၇ ဖွား)က AI ခေါ် "ဉာဏ်တု"ကို အဦးဆုံး ဖန်တီးခဲ့သူဖြစ်သည်။ သူကလည်း နှစ်အနည်းငယ်အကြာတွင် AI များဖြင့် စက်ရုပ်များ တွင်ကျယ်စွာ အသုံးပြုနိုင်မည်ဟု ပြောခဲ့၏။

"ငါးဆယ်ခုနှစ်တွေမှာတော့ စက်ရုပ်တွေက နောက်ငါးနှစ်မှာ စတင်လူပ်ရှားနိုင်မယ်လို့ ပြောခဲ့ကြတယ်။ ခြောက်ဆယ်ခုနှစ်တွေမှာတော့ စက်ရုပ်တွေက နောက်ဆယ်နှစ်ဆို အသုံးပြုလို့ရပြီတဲ့။ ခုနှစ်ဆယ်ခုနှစ်များကျတော့ နောက်ထပ် နှစ် ၂၀ ကြာမှတဲ့။ ရှစ်ဆယ်ခုနှစ်များကျတော့ နောက်နှစ် ၄၀ ကြာမှ စက်ရုပ်တွေ၊ နေရာတကာမှာ ရှိမယ်တဲ့" ဟုလည်း ပြောခဲ့၏။

တကယ်တော့ စက်ရုပ်ပုံစံမျိုး တီထွင်ခဲ့ကြသည်မှာ ဂရိခေတ်၊ တီထွင်သူပါရဂူ "အလက်ဇန်းဒြီးယား သူရဲကောင်း" လက်ထက်မှ စ၏။ ရေနှင့် မောင်းနှင်သော စက်ရုပ်ဖြစ်၏။ စက်ရုပ်ပုံစံက လူပုံစံအတိုင်းဖြစ်၏။ အာရပ်ကမ္ဘာနှင့် ဂျပန်နိုင်ငံတို့ကလည်း စက်ရုပ်တီထွင်ကြ၏။ စာရေးသည့် စက်ရုပ်၊ လက်ဖက်ရည်ငှဲ့ပေးသည့် စက်ရုပ်၊ ဂီတတူရိယာတီးသည့် စက်ရုပ် စသဖြင့်။

၂၀ ရာစုတွင်ကား "ဖရင့်ဆောင်း" (၁၈၅၆-၁၉၁၉) က "တစ်တော့"ကို တီထွင်ခဲ့၏။ "တစ်တော့"က စက်ရုပ်ပင်ဖြစ်၏။ ၁၉၃၇ ခုနှစ်တွင် "ဝက်စတင်းဟောက်စ်"မှ အုပ်စုတစ်ခုက အမြင့်ခုနှစ်ပေ၊ အလေးချိန် ၂၆၅ ပေါင်ရှိသော သတ္တုစက်ရုပ် "အီလက်ထရို"ကို ဖန်တီးကြ၏။ ၁၉၃၉ ခုနှစ် နယူးယောက် ကမ္ဘာ့ကုန်စည်ပြပွဲတွင် "အီလက်ထရို"ကို ပြသခဲ့၏။ လမ်းလျှောက်၏။ လက်တွေ၊ ခြေတွေ လူပ်ရှား၏။ အနီရောင်နှင့် အစိမ်းရောင်ကို မြင်နိုင်သော မျက်လုံးတပ်ထား၏။ စကားလုံး ၇၀၀ ပြောနိုင်၏။

၂၀၀၂ ခုနှစ်တွင် "ဟွန်ဒါကော်ပိုရေးရှင်း"က "အာစီမို"စက်ရုပ်ကို ထုတ်လုပ်၏။ အရပ်က လေးပေသုံးလက်မမြင့်ကာ အလေးချိန်ပေါင် ၁၂၀ ရှိ၏။ လက်က လူအတိုင်း အကုန်လုပ်နိုင်သည်။ ရိုးရိုးလျှောက်လျှင် တစ်နာရီ ၁.၆ မိုင်နှုန်း၊ ပြေးလျှင် တစ်နာရီ ၃.၇၅ မိုင်နှုန်း ပြေးနိုင်၏။ လှေကားအတက်အဆင်း လုပ်နိုင်၏။ လူတွေအတွက် လမ်းလျှောက်တာ၊ ပြေးတာ၊ လှေကားအတက်အဆင်း လုပ်တာတွေက ဘာမှမခက်ခဲ။ သူ့ဘာသာသူ လက်တွေက လူပ်ရှားသွား၏။ သို့သော် စက်ရုပ်တွင်မူ ထိုသို့လုပ်ရန် အလွန်ရှုပ်ထွေးသောစနစ်တွေ တပ်ဆင်ထားရ၏။ စက်ရုပ်အဖို့ လမ်းလျှောက်တာလေးကိုပင် စက်တွေက မပြတ် ဂရုစိုက် နှိုးထားရ၏။

နည်းနည်းလေး လွတ်သွားသည်နှင့် ချော်လဲသွားနိုင်၏။ ကြက်ဥကြော်ဖို့ဆိုဝေးလာဝေး။ ထို့ကြောင့် စက်ရုပ်ကို လူ၏နေရာတွင် အစားထိုးခိုင်းဖို့ဆိုတာ အတော်ခက်၏။

ဂျပန် အီလက်ထရွန်နစ်ကုမ္ပဏီ ''ကိုကိုရို''က ''အိုဆာကာ တက္ကသိုလ်''နှင့် ပူးပေါင်းကာ စက်ရုပ်တစ်ခုထွင်၏။ မျက်နှာနှင့် ခန္ဓာကိုယ် အပေါ်ပိုင်း၏ လှုပ်ရှားမှုက အဆင်ပြေသည်။ သို့သော် ခန္ဓာကိုယ်အောက်ပိုင်း လှုပ်ရှားမှုက အကန့်အသတ်တွေ ရှိနေ၏။

''အာစီမိုစက်ရုပ်''ကို မောင်းနှင်ရသည်မှာ ''လစ်သီယမ်အိုင်းရွန်း'' ၁၃ ပေါင်ရှိသော ဓာတ်ခဲလို၏။ ၄င်းက မိနစ် ၄၀ မှ ၆၀ ထိသာ ခံ၏။ စက်ရုပ်တစ်ခုကို တစ်ခါအားသွင်းလျှင် သုံးနာရီကြာသည်။ ထို့ကြောင့် စက်ရုပ်ကို အိမ်မှုကိစ္စ ဗာဟီရတွေ ခိုင်းဖို့ဆိုသည်မှာကား နှစ်အတော်ကြာ စောင့်ရပေဦးမည်။

○

သံမဏိမယ်

ဟာဂရက် သက်ချာ

သံမဏိမယ်
မာဂရက်သက်ချာ

အဓိကလက်သည် - မာဂရက်သက်ချာ

ဘာကို ကြိုတင်ပြောသလဲ - ကျွန်မဘာဝတစ်သက်တာမှာတော့ ဗြိတိန်မှာ အမျိုးသမီးဝန်ကြီးချုပ်ရှိမှာ မဟုတ်ဘူး

အမှန်တကယ် ဘာဖြစ်လာသလဲ - ၁၉၇၉ တွင် မာဂရက်သက်ချာက ဝန်ကြီးချုပ်အဖြစ် အရွေးခံရသည်။ သုံးကြိမ် ဆက်တိုက် ထပ်မံအရွေးခံရ၏

ကျွန်မတစ်သက်တာတော့ ဗြိတိန်မှာ အမျိုးသမီးဝန်ကြီးချုပ် မြင်ရဖွယ်မရှိဘူး။

၁၉၇၃ က ဘီဘီစီအင်တာဗျူးတွင် မာဂရက်သက်ချာ ပြောစကား (၁၉۷۳)

လူမည်းသမ္မတဆိုတာ အမေရိကန်မှာတော့ ဘယ်တော့မှ မဖြစ်ဘူး။ မိန်းမလျှာ နိုင်ငံရေးသမား၊ ယောကျ်ားလျှာ နိုင်ငံရေးသမားဆိုတာလည်း ဘယ်ရှိမလဲ။ အမျိုးသမီးဝန်ကြီးချုပ်ဆိုတာလည်း မပေါ်နိုင်ပါဘူး။ ဤစကားများ အမှန်တကယ်ပင် ပြောကြားခဲ့ကြသည်။ တကယ်လည်း အခြေအနေ

များက ဤသို့ပင် ဖြစ်နေခဲ့သည်မဟုတ်လား။ သို့သော် အခြေအနေဟူသည် တသမတ်တည်း မနေ။ အပြောင်းအလဲက အမြဲရှိ၏။

၂၀၀၈ ခုနှစ် အမေရိကန် ရွေးကောက်ပွဲရလဒ်က အံ့သြစရာ။ အာဖရိကန်-အမေရိကန် လူမည်းက သမ္မတဖြစ်ခဲ့၏။ သူနှင့် ယှဉ်ပြိုင်သော သမ္မတလောင်းတစ်ဦးက အမျိုးသမီး။ နောက်ထပ် ဒုတိယသမ္မတလောင်း ကလည်း အမျိုးသမီး။ "ဘားရက်အိုဘားမား" (၁၉၆၁ ဖွား)၊ "ဟီလာရီ ကလင်တန်" (၁၉၄၇ ဖွား) နှင့် "ဆာရာပါလင်" (၁၉၆၄ ဖွား)။

ဗြိတိန်တွင် ဝန်ကြီးချုပ် "အက်ဒွပ်ဟီသ်"လက်ထက်တွင် "မာဂရက်သက်ချာ" (၁၉၂၅ ဖွား)က ဝန်ကြီးအဖွဲ့ဝင် ဖြစ်ခဲ့၏။ ၁၉၇၃ တွင် အင်တာဗျူးတစ်ခု၌ အမျိုးသမီးဝန်ကြီးချုပ်၊ ဗြိတိန်မှာ မည်သည့်အခါ မှမရှိဟု ပြောခဲ့၏။ သူက ဗြိတိသျှနိုင်ငံရေးလောကအကြောင်း ကောင်း ကောင်းသိ၏။ ထို့ကြောင့် ဤစကားကို ပြောခြင်းဖြစ်၏။ ဗြိတိန်တွင် အမျိုးသားအများစုကသာ နိုင်ငံရေးနယ်တွင် ကျင်လည်ကြီးစိုးနေကြ၏။ နေကြဆဲ။

ဗြိတိန်တွင် အမျိုးသမီးအခွင့်အရေးကို တိုက်ပွဲဝင်ကြသူများထဲတွင် အစောဆုံးပုဂ္ဂိုလ်မှာ "မေရီဂိုလ်စတုန်းစရပ်(ဖ်)" (၁၇၅၉-၉၇) ဖြစ်သည်။ သူက အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေးရသင့် သည်ဟု တောင်းဆိုခဲ့၏။ သူ့နောက်တွင် "အယ်မီလင်းပန်ခတ်(စ်)" (၁၈၅၈-၁၉၂၈) က ထင်ရှားသော အမျိုးသမီးအခွင့်အရေး တိုက်ပွဲဝင်သူ ဖြစ်၏။ သူ၏ ကြိုးပမ်းမှုဖြင့် ၁၉၁၈ တွင် အသက် ၃၀ ကျော် အမျိုး သမီးများ မဲဆန္ဒပေးခွင့်ရခဲ့၏။ ၁၉၂၈ တွင် အသက် ၂၁ နှစ်အထက် အမျိုးသမီးများ မဲပေးခွင့်ရ၏။

လွတ်တော်ကိုယ်စားလှယ်အဖြစ် ပထမဆုံး အရွေးခံရသူ အမျိုးသမီး မှ အမေရိကန်နိုင်ငံဖွား "နန်စီအက်စတာ" (၁၈၇၉-၁၉၆၄) ဖြစ်သည်။ သူက ၁၉၁၉ မှ ၁၉၄၅ အထိ ကွန်ဆာဗေးတစ်ပါတီဝင် အမတ်ဖြစ်၏။ ပထမဦးဆုံး အမျိုးသမီးဝန်ကြီးက ၁၉၂၄ ခုနှစ် လေဘာအစိုးရခေတ်တွင် ဖြစ်၏။ ၁၉၇၀ တွင် အမျိုးသမီးနှင့် အမျိုးသား လုပ်အားခ လစာတူအက် ဥပဒေ။ ၁၉၇၅ တွင် လိင်ခွဲခြားမှုမရှိရေးအက်ဥပဒေများ ပြဋ္ဌာန်း၏။ ၁၉၇၅

တွင် ဗြိတိန်သည် ဒီမိုကရေစီစနစ်တွင် သမ္ဘာရင့်လာခဲ့ပြီ။ သို့သော် အမျိုးသမီး ဝန်ကြီးချုပ်ဖြစ်ရေးကား အလှမ်းဝေးနေဆဲ။

ဗြိတိန်ပြင်ပတွင်ကား အမျိုးသမီးဝန်ကြီးချုပ်တွေ ရှိလာပြီ။ "အင်ဒီရာဂန္ဒီ" (၁၉၁၇-၈၄) သည် အိန္ဒိယဝန်ကြီးချုပ်အဖြစ် ၁၉၆၆ မှ ၁၉၇၇ ထိလည်းကောင်း၊ "ဂိုလ်ဒါမေယာ" (၁۹۱۷-၅၆) သည် အစ္စရေးဝန်ကြီးချုပ်အဖြစ် ၁၉၆၉ မှ ၁၉၇၄ ထိလည်းကောင်း တာဝန်ထမ်းဆောင်ခဲ့၏။

"မာဂရက်သက်ချာ"ကို ကုန်စုံဆိုင်ပိုင်ရှင်သမီးဟု အချို့က နှိမ်ကြ၏။ ထို့ကြောင့် လူတန်းစားရေးရာအရ သူသည် ကွန်ဆာဗေးတစ်ပါတီကို ဦးဆောင်ရန် မဖြစ်နိုင်။ တကယ်တော့ သူ့ဖခင်က သာမန်ကုန်စုံဆိုင်ပိုင်ရှင် မဟုတ်။ ကုန်စုံဆိုင်များစွာကို ပိုင်သူ စီးပွားရေးလုပ်ငန်းရှင်ဖြစ်၏။ "မာဂရက်"က အောက်စဖို့တက္ကသိုလ်တက်စဉ်ကပင် နိုင်ငံရေး လှုပ်ရှားခဲ့၏။ ဘွဲ့ရတော့ သူက ရှေ့နေလုပ်၏။ ၁၉၅၁ နှင့် ၁၉၅၂ တွင် လွတ်တော်အမတ် အရွေးခံရာ မအောင်မြင်ခဲ့။ ၁၉၅၉ တွင်မူ အရွေးခံရ၏။ ၁၉၇၀ တွင် ပညာရေးနှင့် ကျန်းမာရေးဝန်ကြီး ဖြစ်လာ၏။ ၇ နှစ်မှ ၁၁ နှစ်အရွယ် ကလေးများကို နွားနို့ အခမဲ့တိုက်သော အစီအစဉ်ကို သူက ဖျက်သိမ်းခဲ့၍ "မာဂရက်သက်ချာ နို့သူခိုးမ"ဟု အစွပ်စွဲခံရ၏။ ၁၉၇၅ တွင် ဘီဘီစီနှင့် အင်တာဗျူးခ်ဲ့ ဗြိတိန်တွင် အမျိုးသမီးဝန်ကြီးချုပ် အရွေးခံရဖို့ လမ်းမမြင်ဟု ပြောခဲ့၏။

"အမျိုးသားတွေလို အမျိုးသမီးတွေက နိုင်ငံရေးနောက်ခံ နည်းတယ်၊ အတွေ့အကြုံနည်းတယ်။ ဝန်ကြီးချုပ်လုပ်မယ့်သူက နိုင်ငံရေးအတွေ့အကြုံ များများရှိဖို့ လိုတယ်။ ဗြိတိန်က အမျိုးသမီးတွေမှာက ဒါမျိုးရှားတယ်" ဟု ပြောခဲ့၏။

သူ့ကိုတော့ ဝန်ကြီးချုပ်မဖြစ်ချင်ဘူးလားဟု မေးတော့ သူက ဖြေ၏။

"အမလေးနော်။ မတန်မရာ မေးခွန်းမှ မေးရက်ပလေ။ ကျွန်မ ဝန်ကြီးချုပ်မဖြစ်ချင်ပါဘူး။ ဒီအလုပ်မျိုးအတွက် ကျွန်မမှာ လုံလောက်တဲ့ အတွေ့အကြုံ မရှိပါဘူးရှင်။ ကျွန်မ အခုလုပ်ဖူးတာဆိုလို့ ပညာရေးနဲ့ သိပ္ပံဝန်ကြီးပဲ ရှိသေးတာ။ ဝန်ကြီးချုပ် လုပ်ဖို့ဆိုရင် ဒါထက်မက အလုပ် တာဝန်တွေ အများကြီး လုပ်ဖူးရမယ်"

တကယ်တော့ ထိုအချိန်တွင် ''မာဂရက်သက်ချာ''က နိုင်ငံရေး အတွေ့အကြုံ ၂၅ နှစ်မျှ ရှိနေပြီ။ ၁၉၉၇ တွင် ဝန်ကြီးချုပ်ဖြစ်လာသော ''တွမ်ဘလဲ'' (၁၉၅၃ ဖွား)ထက် ပို၍ အတွေ့အကြုံများ၏။

နောက်တစ်နှစ်တွင် လေဘာပါတီမှ ''အက်ဒွပ်ဟီသ်'' ရှုံးနိမ့်၏။ ''မာဂရက်သက်ချာ''က ကွန်ဆာဗေးတစ်ပါတီ ခေါင်းဆောင်ဖြစ်လာ၏။ ၁၉၇၉ ရွေးကောက်ပွဲတွင် သူတို့ပါတီက အောင်ပွဲရ၏။ ၁၉၇၉ တွင် သူ ဝန်ကြီးချုပ်ဖြစ်လာ၏။ ၁၉၈၂ တွင် အာဂျင်တီးနားနှင့် ဖော့ကလန်စစ်ပွဲ တွင် အနိုင်ရပြီးနောက် ၁၉၈၇ တွင် ဒုတိယအကြိမ် အရွေးခံရ၏။ ၁၉၈၇ တွင် တတိယအကြိမ် ထပ်မံအရွေးခံရ၏။ သူက ဝန်ကြီးချုပ်အဖြစ် ၁၁ နှစ်ကြာ ထမ်းဆောင်ခဲ့ရ၏။ ၂၀ ရာစုတွင် သက်တမ်းအရှည်ဆုံး ဗြိတိသျှ ဝန်ကြီးချုပ်ဖြစ်၏။ သြဇာအညောင်းဆုံး ဝန်ကြီးချုပ်လည်းဖြစ်၏။ တကယ် တော့ ''မာဂရက်သက်ချာ''သည် သူ့အရည်အချင်းကို လျှော့ထွက်ခဲ့သူ ဖြစ်၏။ အမျိုးသမီးဝန်ကြီးချုပ် ဗြိတိန်တွင် သူ့တစ်သက် မဖြစ်ဟု ထင်ခဲ့ သည့် သူ့တွက်ကိန်းက မှားခဲ့ချေပြီ။

○

ပြစ်

ကက်နက် အိုလ်ဆင်

ပီစီ

ကက်နက်အောလ်ဆင်

အဓိကလက်သည် - ကက်နက်အောလ်ဆင်

ဘာကို ကြိုတင်ပြောခဲ့သလဲ - ပီစီ-ကွန်ပျူတာသက်တမ်းက မရှည်နိုင်ပါဘူး

အမှန်တကယ် ဘာဖြစ်လာသလဲ - ၂၀၁၀ တွင် ပီစီကွန်ပျူတာအလုံးပေါင်း ၃၆၆.၁ သန်း ရောင်းရသည်

ဘယ်သူမှ သူတို့အိမ်မှာ ကွန်ပျူတာရှိချင်ကြမှာ မဟုတ်ဘူး။

ကက်နက်အောလ်ဆင်-

ဒစ်ဂျစ်တယ်ပစ္စည်းကော်ပိုရေးရှင်း (၁၉၇၇)

အိမ်မှုကိစ္စများလုပ်ရန် စက်ရုပ်လူသားများ အိမ်တိုင်းတွင် ရှိကြမည်ဟု လွန်ခဲ့သော နှစ်အတော်များများက ကြိုတင်ပြောခဲ့ကြ၏။ အချို့က ဆိုလျှင် ၂၀၁၀ ပြည့်နှစ်တွင် စက်ရုပ်လူသားများက အိမ်တိုင်းတွင် နေရာယူကြမည်ဟုပင် ပြောကြ၏။ ထိုအချိန်တွင် ပီစီခေါ် ပုဂ္ဂလိက ကွန်ပျူတာတွေ ပေါ်လာ၏။ ဤသည်မှာလည်း ထူးခြားသော တီထွင်မှုပင်ဖြစ်၏။ ၁၉၆၀ ခုနှစ်များ၌ ၁၉၇၀ ခုနှစ်များတွင် ပေါ်လာသော ပီစီ-ကွန်ပျူတာများသည် တယ်လီဖုန်း၊ လျှပ်စစ်ဘတ်သီး၊ လေယာဉ်ပျံတို့ကဲ့သို့ပင် အရေးကြီး၏။

ပထမဆုံး တီထွင်ကြသော ကွန်ပျူတာများက ထုကြီးထယ်ကြီး ဧရာမကြီးတွေဖြစ်၏။ မတ်တတ်ရပ် ဘီဒိုတစ်လုံးစာလောက် ရှိ၏။ ထိုမှ တစ်ဆင့် တိုးတက်တီထွင်လာကြရာ နောက်ဆုံးတွင် ပမာဏသေးငယ်သော ပီစီခေါ် ကိုယ်ပိုင်ကွန်ပျူတာတွေ ပေါ်လာ၏။

ပီစီတို့က အရွယ်အစား သေးငယ်သဖြင့် အိမ်တွေ၊ ဆိုင်တွေမှာ ထားရန် အဆင်ပြေ၏။ ကားထဲ၊ ရုံးထဲမှာ ထားလို့ရ၏။ နောက်တော့ "လက်ပ်တော့" ခေါ် ပေါင်ပေါ်မှာ တင်ထား၍ရသော အရွယ်အဖြစ် ခုံ့ုလာနိုင်၏။ နောက်တစ်ခါကျတော့ "ပန်းတော့" ခေါ် လက်ဖဝါးပေါ်မှ တင်၍ရသော ကွန်ပျူတာ။ အိတ်ထဲ ထည့်ဆောင်၍ရသော ကွန်ပျူတာ။

ဒုတိယကမ္ဘာစစ်အတွင်းတွင် ဗြိတိန်၊ အမေရိကန်နှင့် ဂျာမနီတို့က သူတို့၏ စစ်ပွဲများတွင် သုံးရန် ကွန်ပျူတာများကို အပြိုင်အဆိုင် ထုတ်ကြ၏။ ဗြိတိန်က ၄င်း၏ရန်သူ ဂျာမနီကို ဖြိုခွဲရန် ဧရာမကွန်ပျူတာတွေ တီထွင်၏။ အမေရိကန်တို့ကလည်း ENIAC ခေါ် ကွန်ပျူတာကြီးတွေ တီထွင်သည်။ ENIAC ကွန်ပျူတာကြီးတွေက ၈.၅ ပေ × ၃ ပေ × ၈၀ ပေ ရှိ၏။ အရှည် ၁၅၀ ကီလိုဝပ် ထည့်ရသည်။ ပြွန်ချောင်း ၁၈၁၀၀ နီးပါး ပါ၏။ တစ်ခုလျှင် တန် ၃၀ လေးသည်။ ပရိုဂရမ်တစ်ခုသွင်းရန် ရက်သတ္တပတ်နှင့် ချီပြီးကြာ၏။ မည်သို့ဆိုစေ ထိုအချိန်က ENIAC သည် အတွက်အချက်တော့ မြန်၏။ ထို့ကြောင့် စစ်ရေးစစ်ရာတွင် အသုံးတည့်သည်။ စီးပွားရေးလုပ်ငန်းကြီးများတွင် အသုံးဝင်သည်။ သို့သော် သာမန်လူတွေအတွက်တော့ အသုံးမတည့်လှပါ။ ၁၉၄၉ ခုနှစ်ထုတ် "ပေါ်ပြူလာ မကျင်းနစ်" မဂ္ဂဇင်းတွင် "ENIAC ကွန်ပျူတာများ ပြွန်ချောင်း ၁၈၁၀၀ ပါပြီး တန်ချိန် ၃၀ လေးတယ်၊ ဒီကတစ်ဆင့် နောင်အနာဂတ်မှာ ပြွန်ချောင်း ၁၀၀၀ လောက်ပဲပါပြီး တစ်တန်ခွဲလောက်ပဲ လေးတဲ့ ကွန်ပျူတာ ပေါ်လာလိမ့်မယ်" ဟု ရေးခဲ့၏။ ၁၉၄၅ တွင် "အိုင်ဘီအမ်" ကုမ္ပဏီ၏ ဥက္ကဋ္ဌ "ထောမတ်(စ်)ဂျေဝပ်ဆင်" (၁၈၇၄-၁၉၇၆) က ထိုသို့သော ကွန်ပျူတာမျိုး မကြာခင်ပေါ်နိုင်သည်ဟု ပြောခဲ့ဖူးသည်။ ၁၉၅၀ တွင် သူမျှော်မှန်းသော ကွန်ပျူတာမျိုး ပေါ်လာ၏။ သို့သော် ကွန်ပျူတာတစ်လုံး ကို ဒေါ်လာသန်းချီတန်၏။

၁၉၅၀ ခုနှစ်များအလယ်တွင် ပိုး၍ မြန်နှုန်းမြင့်သော၊ ပိုး၍ သိုလှောင်မှုပြည့်ဝသော ကွန်ပျူတာမျိုး ပေါ်လာ၏။ IBM 1401 ဖြစ်၏။ ၄င်းသည် အရောင်းရသွက်သော "ဒုတိယမျိုးဆက်" ကွန်ပျူတာများဖြစ်သည်။ ၁၉၅၉ တွင် စတင်ရောင်းချ၏။

ထရန်စစ်စတာစနစ်အားလုံးပါသော IBM 1401 သည် အီလက်ထရွန်နစ် ဒေတာစနစ်ဖြစ်၏။ ဤကွန်ပျူတာတွင် မြန်နှုန်းမြင့် ကတ်ပြားဖောက်စနစ်နှင့် ဖတ်ရှုမှု ပါဝင်သည်။ သံလိုက်တိတ်အင်ပွတ်နှင့် အောက်ပွတ်ပါသည်။ မြန်နှုန်းမြင့် ပုံနှိပ်နိုင်၏။ ပရိုဂရမ်များများ သိုမှီးနိုင်၏။ ဂဏန်းသချာ တွက်ချက်မှုနှင့် တက္ကဗေဒ စဉ်းစားတွေးခေါ်နည်း ပါဝင်၏။

1401 သည် ENIAC ထက် အဝိုကြီးသေးငယ်သည်။ သို့သော် အရွယ်အစား သိပ်ငယ်လွန်းသည်ဟုကား မဆိုသာ။ ဤကွန်ပျူတာကို ထားချင်ရင် အလွန်ကြီးမားသော လေအေးစက်ခန်းကြီးပုံစံ ကပ်ဖောက်စက်၊ ပုံနှိပ်စက်၊ တစ်ခုစီက မိတ္တူစက်တစ်ခုစာ ပမာဏရှိ၏။ 1401 စက်ကို တော်ရုံတန်ရုံလူ မလိုက်နိုင်။ မှန်သားပြင် သို့မဟုတ် စာလုံးရိုက်ရန် ခလုတ်လည်း မရှိ။ ဒေတာအချက်အလက်သွင်းတာက ကပ်ပြားဖောက်စနစ်နှင့် နောက်ပိုင်း သံလိုက်တိတ်ခွေမှ သွင်းရ၏။ စီးပွားရေးလုပ်ငန်းကြီးများတွင်သာ သုံးနိုင်သည်။ "ပရင်တစ်ဟောလ်" ထုတ်ဝေရေးလုပ်ငန်းမှ သုံးစွဲရာ ပညာရှင်အဆင့်လောက်သာ စက်ကို ကိုင်တွယ်နိုင်သည်ဟုဆို၏။

"ကွန်ပျူတာက အရွယ်ပမာဏကလည်း ကြီးမားတယ်။ ဈေးကလည်း ခေါင်ခိုက်နေတာပဲ။ သုံးတဲ့သူကလည်း တကယ့်ကို လေ့ကျင့်ထားတဲ့ ကျွမ်းကျင်သူပဲ လုပ်တတ်တယ်"ဟု ထုတ်ဝေသူက ပြော၏။

ထိုကွန်ပျူတာအဆင့်မှ ပီစီသို့ တက်လှမ်းလာရန် နှစ်အတော်ကြာ၏။ "တတိယမျိုးဆက်" ကွန်ပျူတာတွေက "ရောဘတ်နွိုက်(စ်)" (၁၉၂၇-၉၀) နှင့် "ဂျက်စိန်ကလဲကီလ်ဘီ" (၁၉၂၃-၂၀၀၅)တို့ ၁၉၅၈ တွင် တီထွင်မှုများက "ပီစီ"၏ ရှေ့ပြေးဖြစ်သည်။ "အင်တဲယလ်"ကုမ္ပဏီမှ "တက်ဒ်ဟော့ဖ်ဂျုနီယာ" (၁၉၃၇ ဖွား)က ပထမဆုံး စီးပွားရေးသုံး မိုက်ခရိုပရိုဆက်ဆာနှင့် RAM ချစ်(မ်)ကို ၁၉၇၁ တွင် တီထွင်၏။ ၁၉၇၇

ခုနှစ်တွင် အစောဆုံး "ပီစီ"များကို .....ရှင်များအတွက် ရောင်းချခဲ့၏။ နောက်ဆုံးတွင် "စတီဗ်ပေါမ်နီယက်" (၁၉၅၀ ဖွား)၏ "အက်ပယ်လ်-၂" ပေါ်လာသည်အထိ။

"အက်ပယ်လ်-၂"သည်ပင် အရွယ်အစား သိပ်တော့မသေးလှ။ ပရင်တာ ပါးပါးလှပ် အစိတ်အပိုင်းက (၄) ခုရှိနေ၏။ အိမ်မှာသုံး၍ကား မရ။ ထို့ကြောင့် "ကက်နက်အောလ်ဆင်"က ၁၉၇၇ ခုနှစ်တွင် "ပီစီ" တွေက အိမ်တိုင်းသုံး၍မရဟု ပြောခဲ့ခြင်းဖြစ်၏။ သူက သာမန်လူမဟုတ် "မက်ဆာချူးဆက် နည်းပညာတက္ကသိုလ်"မှ ဘွဲ့ရသူဖြစ်၏။ တက္ကသိုလ် တက်နေစဉ်ကပင် သူက ကွန်ပျူတာပုံစံတစ်မျိုးကို တီထွင်နိုင်ခဲ့သူဖြစ်သည်။ ထို့နောက် သူက "ဒစ်ဂျစ်တယ်ပစ္စည်းကော်ပိုရေးရှင်း" (DEC) ကို ၁၉၅၇ ခုနှစ်တွင် တည်ထောင်၏။ ၁၉၆၀ နှင့် ၁၉၇၀ ခုနှစ်များက DECသည် "အိုင်ဘီအမ်"နှင့်အပြိုင် တီထွင်မှုဒီဇိုင်းသစ်များ တီထွင်နိုင်ခဲ့၏။ သို့သော် ကုမ္ပဏီသည် "ပီစီ"ကိုကား မလုပ်နိုင်ခဲ့။ ၁၉၉၈ ခုနှစ်တွင် ထိုကုမ္ပဏီကို "ကွန်ပက်"ကုမ္ပဏီက ဝယ်သွားသည်။

နောက်ထပ် ဆယ်စုနှစ် နှစ်စုအကြာတွင် အိုင်တီပညာရှင်များစွာ ပေါ်ထွန်းလာ၏။ တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင် တီထွင်ခဲ့ကြရာ ယခုနှစ် ပစ္စည်းသစ်က နောင်နှစ်တွင် သူ့ထက်ကောင်းသော ပစ္စည်းသစ် ပေါ်လာသည်အထိ ယှဉ်ပြိုင်မှုစွမ်းအားက များလှသည်။ "ပီစီ"အပြင် အင်တာနက် စနစ် ထွန်းကားလာ၏။ လက်ကိုင်ဖုန်း ပေါ်လာသည်။ ၄င်းတီထွင်မှုနှစ်ခုမှာ ၁၉၉၀ ခုနှစ်များ၏ အထူးခြားဆုံးဖြစ်သည်။ ထိုတီထွင်မှုနှစ်ခုပေါ်တွင် မူတည်ပြီး "ပီစီ"လည်း ပို၍ တွင်ကျယ်လာသည်။ လူတွေက အိမ်တွေမှာ အင်တာနက် သုံးလာသည်။ အွန်လိုင်းစနစ်က တွင်ကျယ်လာသည်။ အီးမေးလ်၊ ဗီဒီယိုအစည်းအဝေး၊ အင်တာနက်တယ်လီဖုန်း၊ ရုပ်မြင်သံကြားကြည့်၊ ရေဒီယိုနားထောင်၊ ရုပ်ရှင်တွေ ဒေါင်းလော့ လုပ်။

"အက်ပဲယ်လ်-အိုင်ဖုန်း"တွေ၊ အင်ဒရွိုက်ဖုန်း၏ မျိုးဆက်သစ်တွေက အင်တာနက်နှင့် တွဲ၍သုံး၏။ အချို့ဆိုလျှင် "အင်တာနက် ၂၄/၇" ကို အိမ်မှာသာမက လက်ကိုင်ဖုန်းများတွင်ပင် ထည့်သွင်းအသုံးချနေကြပြီ။

ယခုအခါ အင်တာနက်တပ်ထားသော အိမ်တွင် ဝိုင်ဖိုင်အသုံးပြုပြီး

တစ်ယောက်နှင့်တစ်ယောက် စကားပြောနိုင်ကြပြီ။ နောက်ပိုင်းတွင် အိမ်အလုပ် ဗာဟီရကိစ္စများကို ဝိုင်းကူလုပ်ပေးသော စက်ရုပ်လူသားများ ပေါ်လာတော့မည်မှာ မဝေးတော့ချေ။

○

မုန်တိုင်းထန်သော ရာသီဥတု

ဗိုက်ကယ်လ် ဖစ်ရ်

မုန်တိုင်းထန်သော ရာသီဥတု
မိုက်ကယ်ဖစ်ရ်

အဓိကလက်သည် - မိုက်ကယ်ဖစ်ရ်

ဘာတွေ ကြိုတင်ပြောခဲ့သလဲ - ၁၉၈၇ ခုနှစ်၊ အောက်တိုဘာ ၁၅-၁၆ တွင် လေပြင်းတိုက်မယ်

အမှန်တကယ် ဘာဖြစ်လာသလဲ - ၁၉၈၇ ခုနှစ်၊ ဟာရိုကိန်းက ဗြိတိန်နှင့် ပြင်သစ်တွင် လူ ၂၂ ဦး သေကာ၊ အဆောက်အဦးများ ပျက်စီး၊ သင်္ဘောတွေ မှောက်၊ ကားတွေပျက်၊ သစ်ပင် ၁၅ သန်း ပြိုလဲ၊ ဒေါ်လာ ၁၀၅ ဘီလျံ ဆုံးရှုံး

ဒီနေ့မနက်စောစောက အမျိုးသမီးတစ်ဦးက ဘီဘီစီကို ဖုန်းဆက်တယ်။ ဟာရိုကိန်းမုန်တိုင်း ဝင်တယ်လို့ သူကြားတယ်တဲ့။ ကျွန်တော်က ပြောလိုက်တယ်။ မစိုးရိမ်ပါနဲ့။ လေပဲ နည်းနည်းပြင်းတာပါ။ စပိန်နဲ့ပြင်သစ်ကိုပဲ ဖြတ်ကျော်သွားမှာပါလို့။

ဘီဘီစီမှ မိုးလေဝသကြေညာသူ
မိုက်ကယ်လ်ဖစ်ရ်
(၁၅-၁၀-၁၉၈၇)

မိုးလေဝသက ဒီနေ့ ရာသီဥတုသာယာမည်ဆိုလျှင် ထီးနှင့် မိုးကာ ယူသွားပါ။ မိုးရွာမှာ သေချာ၏။ မိုးလေဝသက ဒီနေ့ မိုးရွာမည်ဟုဆိုလျှင် ထီးနှင့် မိုးကာ မယူနှင့်။ နေသာမည်။ ထိုသို့ပင် ကမ္ဘာအရပ်ရပ်၌ မိုးလေဝသ အလွဲများနှင့်ပတ်သက်၍ ဟာသပြောစမှတ်ပြုကြ၏။

အင်္ဂလိပ်လူမျိုးများက မိုးလေဝသသမားများနှင့် ပတ်သက်၍ နောက်ပြောင်သော စကားတစ်ခွန်းလည်း ရှိသေး၏။

"နေသာမယ်၊ တစ်ခါတစ်ရံ မိုးရွာနိုင်ပါတယ်"

"မိုးရွာမယ်၊ တစ်ခါတစ်ရံ နေသာနိုင်ပါတယ်"

နေသာမယ်ဆိုရင်လည်း ပြတ်ပြတ်သားသား မပြော။ မိုးရွာမယ် ဆိုလည်း ပြတ်ပြတ်သားသား မပြော။

"နေသာ-မိုးရွာနိုင်ပါတယ်"ဆိုသော ခြံစည်းရိုး ခွပြောသော စကားများက ဟာသဖြစ်၏။

၁၉၈၇ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်။ အင်္ဂလန်တွင် ရာသီဥတုက မဆိုးလှပါ။ ဘီဘီစီသတင်းကို ကြည့်လိုက်သူများက "မိုက်ကယ်ဖစ်ရ်" (၁၉၄၄ ဖွား)ဆိုသော မိုးလေဝသသမား၏ ကြေညာချက်ကို နားထောင်လိုက်ရ၏။ နောက်နေ့မှာ လေပြင်းတိုက်နိုင်တယ်တဲ့။ သို့သော် ဘာမှအရေးမကြီးဟု သူပြော၏။ သူက ဟာသပင် ဖောက်ခဲ့သေးသည်။ အမျိုးသမီးတစ်ယောက်က ဘာကဘယ်လို သိတယ်မသိဘူး။ ဘီဘီစီကို ဖုန်းဆက်သဗျာ။ ဟာရီကိန်းမုန်တိုင်း လာမယ်တဲ့။ "တခြားနေ့ထက် လေနည်းနည်း ပိုပြင်းပြီး ဘာမုန်တိုင်းမှ မရှိပါဘူး"ဟု "မိုက်ကယ်ဖစ်ရ်"က ပြောခဲ့၏။

"လေပြင်းမှာကလည်း အင်္ဂလန်မှာ မဟုတ်ပါဘူး။ စပိန်နဲ့ပြင်သစ်ကိုပဲ ကျော်ဖြတ်တိုက်ခတ်မှာ"ဟု သူက ဆက်ပြော၏။

လန်ဒန်လူထုက စိတ်အေးလက်အေးပင် ညအိပ်ရာဝင်ကြ၏။ နီးလာတော့မှ အဆိုးဆုံးမုန်တိုင်းသည် လန်ဒန်နှင့် အရှေ့တောင်အရပ်တို့တွင် အတော်မွေသွားကြောင်း သိရ၏။ ၁၉၈၇ ခုနှစ်၏ မဟာမုန်တိုင်း။

ဗြိတိန်အတွက် အတော်ဆိုးသော မုန်တိုင်းဖြစ်၏။ အဆိုးဆုံးတော့ မဟုတ်ပေ။ ၁၇၀၃ ခုနှစ်၊ နိုဝင်ဘာ ၂၆-၂၇ တွင် အင်္ဂလန်ပြည်ထောင်ပိုင်းကို ဟာရီကိန်းမုန်တိုင်း မွေခဲ့၏။ ထိုမုန်တိုင်းအကြောင်းကို "ရော်ဘင်

ဆင်ကရူးဆိုး'' ဝတ္ထုရေးသော စာရေးဆရာကြီး ''ဒယ်နီယယ်ဒီဖိုး''က မှတ်တမ်းတင်ခဲ့၏။ သူ၏ကိုယ်တွေ့မျက်မြင် အတွေ့အကြုံများကို ၁၇၀၄ ခုနှစ်တွင် ''မုန်တိုင်း''အမည်ဖြင့် စာအုပ်ရေးခဲ့၏။

''ကလောင်နဲ့ ရေးမပြနိုင်အောင်၊ ပါးစပ်နဲ့ ထုတ်ပြောလို့မရအောင် တော်တော်ဆိုးတဲ့ မုန်တိုင်းဗျ''ဟုပင် ''ဒယ်နီယယ်ဒီဖိုး''က ရေးခဲ့၏။

လေက တစ်နာရီ မိုင် ၁၂၀ နှုန်း တိုက်သည်ဆို၏။ မြေပြင်ပေါ် မှာရော ပင်လယ်ပြင်မှာပါ အကြီးအကျယ် ပျက်စီးဆုံးရှုံးခဲ့၏။ ပင်လယ်ပြင်တွင်ရှိသော ဗြိတိသျှသင်္ဘောများမှ သင်္ဘောသား ၁၅၀၀ ကျော် အသက်ဆုံးရှုံးကြ၏။ မုန်တိုင်းကြောင့် ရွက်လှေ ၇၀၀ ပျက်စီး၏။ လန်ဒန်မြို့နှင့် တကွ အနီးတစ်ဝိုက်တွင် အဆောက်အဦများစွာ ပျက်စီး၏။ လန်ဒန်မြို့၏ အထင်ကရ ''ဝက်မင်စတာဘုရားကျောင်းကြီး''၏ အမိုးတွေ အကုန်လွင့်စင်သွားသည်။ ''စိန့်ဂျိမ်(စ်)''နန်းတော်ပင် ပြိုကျ၍ ဘုရင်နှင့်မိဖုရား၊ သားတော် သမီးတော်တို့ ထွက်ပြေးကာ လုံခြုံရာတွင် ခိုလှုံကြရ၏။ လူပေါင်း ၈၀၀၀ မှ ၁၅၀၀၀ ထိ သေကြေခဲ့ရ၏။

၁၈၅၄ ခုနှစ်ကပင် ဗြိတိန်နိုင်ငံသည် မိုးလေဝသဌာနကို သေသေချာချာ စနစ်တကျ ထူထောင်ခဲ့၏။ လေပြင်းတိုက်ခတ်မည်ကို ကြိုသိလျှင် ပင်လယ်တွင်းရှိ သင်္ဘောများကို သံကြိုးရိုက် သတိပေး၏။ နေ့စဉ် မိုးလေဝသသတင်း ထုတ်ပြန်၏။ ၁၈၆၀ ခုနှစ်မှစ၍ ''တိုင်းမ်စ်''သတင်းစာတွင် မိုးလေဝသသတင်း နေ့စဉ်ထုတ်ကာ ယခုအထိ။

၁၉၈၇ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် မိုးလေဝသမှ ကြိုတင်ခန့်မှန်းချက်ကား တပ်တပ်ဆင်လွဲ၏။ သူက ဟာရီကိန်းအမည်ဟု အာမခံ၏။ တကယ်တော့ ဟာရီကိန်းမုန်တိုင်းဝင်၏။ လန်ဒန်နှင့် အရှေ့ဘက်အရပ်တွင် ဝင်မွှေ၏။ လန်ဒန်ရှိ ဥယျာဉ်များမှ သက်ရင့်အပင် အကုန်နီးပါး ပြိုလဲ၏။ လဲကျသော သစ်ပင်များကြောင့် ကားလမ်း၊ ရထားလမ်းတွေ ပိတ်၏။ ကားတွေ၊ အဆောက်အဦတွေ များစွာပျက်၏။ လျှပ်စစ်ဓာတ်အားတွေပြတ်ပြီး တစ်နိုင်ငံလုံး အမှောင်ကျသွားသည်။ မြစ်အတွင်း ရပ်ထားသော သင်္ဘောတွေ မှောက်ကုန်သည်။ ဤမုန်တိုင်းက ပြင်သစ်အနောက်ပိုင်းကို

လည်း ဝင်မွှေသည်။ အိမ်သန်းပေါင်းများစွာ ပျက်၏။ မုန်တိုင်းက ညသန်းခေါင် ဝင်တိုက်၍ လူ ၂၂ ဦး သေ၏။

မိုးလေဝသသတင်းကြေညာသည့် ''မိုက်ကယ်ဖစ်ရ်''သည် သာမန်လူမဟုတ်။ မိုးလေဝသပညာရှင် ဒီတ်ဒီတ်ကြဲဖြစ်သည်။ ဘီဘီစီ၏ ဝါအရင့်ဆုံး ပညာရှင်ဖြစ်သည်။ ဘီဘီစီတွင် ၁၉၇၄ မှ ၂၀၀၄ အထိ ဆယ်စုနှစ်သုံးခုကြား အမှုထမ်းခဲ့သူဖြစ်၏။

၁၉၉၀ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင်လည်း ဗြိတိန်တွင် မုန်တိုင်းတစ်ခုဝင်၏။ ဗြိတိန်နိုင်ငံ ရေကြီး၏။ အပင်တွေ သန်းနှင့်ချီ ပြိုလဲ၏။ အဆောက်အဦးတွေ များစွာပျက်စီး၏။ ဤတစ်ချိန်တွင် မုန်တိုင်းက နေ့ဘက်တွင် မွှေသွားသော်လည်း လူအသေအပျောက်ကတော့ များ၏။ ဗြိတိန်တစ်နိုင်ငံထဲတွင်ပင် လူ ၄၇ ဦး သေ၏။ အခြားနေရာများတွင်လည်း အသေအပျောက် များနိုင်၏။

မိုးလေဝသခန့်မှန်းသော ပစ္စည်းပစ္စယတွေ အလွန်ခေတ်မီလာ၏။ ဂြိုလ်တုတွေက အဆက်မပြတ် သတင်းပို့နေသည်။ သို့သော် ရာသီဥတုခန့်မှန်းချက်များကား သိပ်မရေရာသေး။

○

သမိုင်းလူသား

ဗရန်စစ်ဖူကူယားမား

သမိုင်းလူသား
ဖရန်စစ်ဖူကူးယားမား

အဓိကလက်သည် - ဖရန်စစ်ဖူကူးယားမား

ဘာကို ကြိုတင်ပြောခဲ့သလဲ - အနောက်တိုင်း ဒီမိုကရေစီရဲ့ အောင်ပွဲသည် ဥ၊ပြိုလ်ကမ္ဘာရှိ အစိုးရ၏ လွှမ်းမိုးသော ပုံစံဖြစ်သည်

အမှန်တကယ် ဘာဖြစ်လာသလဲ - စစ်သွေးကြွ အစ္စလာမ်တို့ ပေါ်ထွန်းလာကာ ကွန်မြူနစ်တရုတ်ပြည်၏ စီးပွားရေးခွန်အားက ကြီးထွားလာသည်

ခုခေတ်က စစ်အေးစစ်ပွဲ အဆုံးသတ်သွားတာကို မြင်နေရရုံမကဘူး စစ်ပြီးခေတ်သမိုင်းမှာ အနောက်တိုင်း လစ်ဘရယ်ဒီမိုကရေစီဟာ လူသားအစိုးရအတွက် နောက်ဆုံးပုံသဏ္ဌာန်ပဲ။

ဖရန်စစ်ဖူကူးယားမား
"သမိုင်းနိဂုံးနှင့် နောက်ဆုံးလူသား" (၁၉၉၂) စာအုပ်မှ

ကျွန်တော်တို့ လူများစွာအတွက် သမိုင်းဆိုသည်မှာ ဘုရင်၊ ဘုရင်မတွေ၊ သမ္မတတွေ၊ စစ်ပွဲ အနိုင်အရှုံးတွေ၊ ငြိမ်းချမ်းရေးစာချုပ်တွေ၊ ရှာဖွေတွေ့ရှိမှုအသစ်အကြောင်းတွေသာ ဖြစ်၏။ ကမ္ဘာ့ဖြစ်ရပ်များ၏ နေ့စွဲ ရက်စွဲတွေ မှတ်တမ်းတင်ရေးသည်ကပင် သမိုင်းဖြစ်၏။ သို့သော် "ဖရန်စစ်

ဖူကူယားမား" (၁၉၅၂ ဖွား) ၁၉၉၂ က ရေးခဲ့သော "သမိုင်းနိဂုံးနှင့် နောက်ဆုံးလူသား"စာအုပ်သည်ကား ထိုသို့သော သမာရိုးကျ သမိုင်းစာအုပ် မဟုတ်။ သမိုင်းကို ဒဿနရှုထောင့်မှ ရှုမြင်သုံးသပ်ချက်ဖြစ်၏။ တရွှေ့ရွှေ့ ဆင့်ကဲဖြစ်စဉ်မှနေ၍ စပြီး နိဂုံးကမ္ဘတ်အဆုံးသတ်မည့်အချိန်ထိ ဆင်ခြင်ရေးသားထား၏။ "ဖူကူးယားမား"သည် ၁၈ ရာစု ဒဿနဆရာ "ဂျော့ဟီဂယ်" (၁۷۷၀-၁၈၃၁) အမြင်ကို ဝေမျှကာ တစ်ချိန်က "ဟီဂယ်" ဝါဒီဖြစ်ခဲ့သော ကွန်မြူနစ်ဝါဒ၏ဖခင်ကြီး "ကာလ်းမာက်စ်"အထိ သုံးသပ်၏။ လူသား၏ သမိုင်းဆိုင်ရာ ဖြတ်သန်းမှုဖြစ်စဉ်၏ ကွဲပြားခြားနားမှုများကို ထောက်ပြရေးသားထား၏။

"ဖူကူးယားမား"၏ စာအုပ်ကို မသုံးသပ်၊ မဝေဖန်မီ ကျွန်တော်တို့သည် ၁၉၉၂ ခုနှစ်၏ ပတ်ဝန်းကျင်အခြေအနေကို ပြန်ကြည့်ဖို့လိုပါ။ ဤဆယ်စုနှစ်၏ အကြီးဆုံးသတင်းသည်ကား "စစ်အေးတိုက်ပွဲ" (၁၉၄၇-၉၁) ၏ နိဂုံးချုပ်ဖြစ်၏။ ၁၉၆၁ ခုနှစ်မှစ၍ ဂျာမနီနိုင်ငံကို နှစ်ပိုင်းခွဲထားသော "ဘာလင်တံတိုင်း"သည် ၁၉၈၉ တွင် ပြိုလဲသွား၏။ အရှေ့အုပ်စု ကျရှုံးကာ ဆိုဗီယက်ယူနီယံ ပြိုကွဲခဲ့၏။ အရှေ့အလယ်ပိုင်းတွင် အမေရိကန်သမ္မတ "ဂျော့ဘွတ်ရှ်-စီနီယာ" (၁၉၂၄ ဖွား) ဦးဆောင်သော အမေရိကန်နှင့် ၄င်း၏ မဟာမိတ်တို့ကို အီရတ်အာဏာရှင် "ဆက်ဒမ်ဟူစိန်" (၁၉၃၇-၂၀၀၆)က အာခံ၏။ သူက ရေနံချမ်းသာသော အိမ်နီးနားချင်း နိုင်ငံဖြစ်သည့် ကူဝိတ်ကို ကျူးကျော်တိုက်ခိုက်ပြလိုက်ခြင်းပင် ဖြစ်၏။ ၁၉၉၁ ခုနှစ် ပထမပင်လယ်ကွေ့စစ်ပွဲအတွင်းတွင် အီရတ်အာဏာရှင်ကို ကူဝိတ်မှ ဖယ်ထုတ်ခဲ့၏။ သို့သော် သူက အာဏာလက်ကိုင်ထားဆဲ။ "ဘွတ်ရှ်" သည်လည်း ၁၉၉၂ ခုနှစ်တွင် "ဘီလ်ကလင်တန်" (၁၉၄၆ ဖွား)ကို ရှုံးနိမ့်ကာ သမ္မတရာထူးကို စွန့်လွှတ်ခဲ့ရ၏။

အချိန်တိုတိုလေးအတွင်းမှာပင် ကမ္ဘာ၏ ပထဝီနိုင်ငံရေးနှင့် အတွေးအခေါ်ပိုင်းဆိုင်ရာ မြေပုံကိုကား လုံးလုံးလျားလျားပင် ပြန်လည်ရေးဆွဲခဲ့ရပြီ။ ယခင်နှစ် ၇၀ က သမိုင်းသည် ပြောင်းလဲသွားပြီ။ နိုင်ငံသစ်များက နေ့စဉ်လိုလို ပေါ်ထွန်းလာနေ၏။ လစ်ဘရယ်ဒီမိုကရက်တစ်ဓနရှင် အနောက်နိုင်ငံမှာက ကွန်မြူနစ်တို့ကို အောင်ပွဲခံခဲ့ပြီ။ ဤစစ်ပွဲကား စစ်သည်တော်

တစ်ဦးမျှပင် အကျအဆုံး မရှိခဲ့။ စစ်အေးတိုက်ပွဲ၏ နောက်ဆုံးစစ်သည် မျိုးဆက်ဖြစ်ကြသော "မာဂရက်သက်ချာ" (၁၉၂၅ ဖွား)နှင့် "ရော်နယ် ရီဂန်" (၁၉၁၁-၂၀၀၄) တို့က သူတို့ထက် အသက်ပိုမိုငယ်ရွယ်သော၊ ပိုပြီး လစ်ဘရယ်စိတ်ဓာတ်ရှိသော နိုင်ငံရေးသမားများ လက်ကို လွှဲခဲ့ကြ၏။ ၁၉၉၀ ခုနှစ်များကား ဇက်ကြိုးမသတ်နိုင်သော အကောင်းမြင်ဝါဒ၏ နှစ် များပင်ဖြစ်၏။ အမေရိကန်နိုင်ငံများ၊ အသစ်ဖွဲ့စည်းထားသည့် ဥရောပ သမဂ္ဂနိုင်ငံများ (၁၉၉၂) နိုင်ငံများ၏ စီးပွားရေးကလည်း တိုးတက်လာ သည်။ ၁၉၉၇ ခုနှစ်တွင် ဗြိတိန်ဝန်ကြီးချုပ်သစ်ဖြစ်လာသော "တိုနီဘလဲ" (၁၉၅၃ ဖွား)၏ မဲဆွယ်ပွဲ သီချင်းထဲကကဲ့သို့ "အရာရာ ပိုကောင်းလာ မှာ"ပင် ဖြစ်နေ၏။

"ဖူကူယားမား"က ၁၉၈၉ ခုနှစ်တွင် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး "ဂျိမ်းစ်ဘေကာ" (၁၉၃၀ ဖွား)၏ အကြံပေးပုဂ္ဂိုလ်အဖြစ် လုပ် ကိုင်နေခဲ့၏။ "ဖူကူးယားမား"က "ကော်နယ်လ်တက္ကသိုလ်"မှ ဂန္ဓဝင် စာပေ (ဂရိနှင့်လက်တင်) ဘာသာဖြင့် ဘွဲ့ယူခဲ့သူဖြစ်သည့်အပြင် ဟားဗတ် တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံ ပါရဂူဘွဲ့ရသူလည်း ဖြစ်၏။ သူ၏ အဓိက ဦးစားပေး ဘာသာရပ်ကား ဆိုဗီယက်၏ နိုင်ငံခြားရေးဝါဒ။ "ဖူကူးယား မား"၏ ဖခင်က ဂျပန်-အမေရိကန်ကပြားဖြစ်ပြီး ဘာသာရေးဆရာဖြစ် ကာ ဘာသာရေးတရားပြ ပုဂ္ဂိုလ်တစ်ဦးဖြစ်၏။

"သမိုင်းနိဂုံး"ကား ကွန်မြူနစ်ဝါဒအခေါ် အရင်းရှင်ဝါဒ၏ အောင် ပွဲအကြောင်း စာအုပ်မဟုတ်။ စစ်အေးတိုက်ပွဲအကြောင်းလည်း မဟုတ်။ ဂူနေလူသားတို့အဆင့်မှ ယနေ့ခေတ် လူသားတွေအဖြစ် အဆင့်ဆင့် တိုးတက် လာပုံမှတ်တမ်းဖြစ်၏။

မာက်စ်ကဲ့သို့ပင် "ဖူကူးယားမား"သည် နိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးအဆင့်ဆင့် တိုးတက်ပြောင်းလဲခြင်းတို့တွင် အဓိက သြဇာသက် ရောက်သည်မှာ သိပ္ပံနှင့် နည်းပညာဟု ထောက်ပြခဲ့၏။ လုပ်အားကို ဓန အရင်းအနှီးဖြင့် ခေါင်းပုံဖြတ်ခြင်းကိုကား သူ မလိုလား။ ထို့ကြောင့်ပင် ပစ္စည်းမဲ့ တော်လှန်ရေးက ဓနရှင်ဝါဒကို တော်လှန်ပုန်ကန်သည်ဟုဆို၏။ ဓနရှင်ဝါဒ၏ ပိုမိုကောင်းမွန်သောအမြင်ကို ဖူကူးယားမားက ထောက်ပြ

သည်။ သူနှင့် မာက်စ် သဘောမတူသည်မှာ စီးပွားရေးကိစ္စတစ်ခုတွင်သာ ဖြစ်၏။ "ဖူကူးယားမား"က အေသင်ခေတ် ဒဿနပညာရှင် "ပလေတိုး" (၄၂၈-၃၄၈ ဘီစီ)၏ ဒဿနအချို့ကို သဘောကျ၏။ ထိုအထဲမှ "ဟုတ်တယ်။ ကျုပ်က လူသားပဲ။ ဒါကြောင့် ကျုပ်မှာ သိက္ခာဆိုတာ တစ်စုံတစ်ရာ ရှိနေတယ်။ အဲဒီဂုဏ်သိက္ခာတန်ဖိုးကိုလည်း ကျုပ်က ဂုဏ်ယူတယ်"ဟု "ဖူကူးယားမား"က ပြောခဲ့၏။

"ဖူကူးယားမား"က လူ့ယဉ်ကျေးမှုကို ခေတ်တွေနှင့် ပိုင်းခြားသုံးသပ်၏။ ၄င်းက ပထမဆုံး သခင်ကို ဖန်ဆင်းကာ၊ ပထမဆုံး ကျွန်ကို ဖန်ဆင်းခြင်းပင်ဖြစ်သည်ဟုဆို၏။ သို့နှင့်ပင် လူသည် တစ်ခါတစ်ရံ အာဏာရှင်သဘောဆောင်သွားသည်ဟု ဆို၏။ ဥပမာ "စတာလင်" (၁၈၇၈-၁၉၅၃) နှင့် "ဆက်ဒမ်ဟူစိန်"။ "ဟစ်တလာ" (၁၈၈၉-၁၉၄၅) ဆိုလျှင် ဂျာမနီနိုင်ငံမှာ မွေးသူမဟုတ်။ အမေရိကန်မှာ မွေးသူ။ နောက်ပြီး သူထူးချွန်တာက နိုင်ငံရေးမဟုတ် စီးပွားရေး။ တကယ်တော့ သူက လမ်းကြောင်းမှားသွားသူဖြစ်၏။ သူက ရူးသွပ်သော စစ်အာဏာရှင်ဖြစ်ရမည့် အစား အမေရိကန်သုကြွယ်ကြီး "ဟင်နရီဖို့ဒ်" (၁۸۶၃-၁၉၄၇) ကဲ့သို့ သူမျိုး ဖြစ်ရမည့်သူဟု "ဖူကူးယားမား"က သုံးသပ်ပြ၏။ ဆိုဗီယက်ကွန်မြူနစ်ဝါဒ ပြိုကွဲခြင်းကို သူလေ့လာ၏။ ဒီမိုကရေစီအောင်ပွဲကို သူကထောက်ပြ၏။ ၁၉၇၀ ပတ်ဝန်းကျင်က စပိန်နှင့် ပေါ်တူဂီတွင် ဒီမိုကရေစီပေါ်ထွန်းမှုကို မီးမောင်းထိုးပြသည်။ ၁၉၈၈ ခုနှစ်များအတွင်း ချီလီစစ်အစိုးရနှင့် လက်တင်အမေရိက အာဏာရှင်အကြောင်း ပြော၏။ မော်စီတုံးခေတ်အလွန် စီးပွားရေးလွတ်မြောက်မှုကို ပြသ၏။

"ခိုမေနီရဲ့ အီရန် ဒါမှမဟုတ် ခိုမေနီအလွန် အီရန်က ဒီမိုကရက်တစ် အနိမ့်ကျဆုံးပဲ။ သူတို့နိုင်ငံမှာ ရွေးကောက်ပွဲတွေ အများကြီး ကျင်းပတယ်။ ရွေးကောက်ပွဲအားလုံးက တရားမျှတမှု လုံးဝမရှိဘူး။ ဒါပေမဲ့ ရွေးကောက်ပွဲတွေ ဆက်လုပ်တုံးပဲ"ဟု "ဖူကူးယားမား"က ပြောသည်။

လစ်ဘရယ်ဒီမိုကရေစီသည် ဤပြိုလဲကမ္ဘာတွင် အစိုးရ၏ တစ်မျိုးတည်းသော ပုံစံဖြစ်သည်ဟုဆိုသော "ဖူကူးယားမား"၏ အဆိုက မှန်မမှန် ဆုံးဖြတ်ရန်ကား စောနေသေးသည်။ သူပြောခဲ့သော "သမိုင်းနိဂုံး"

ဆိုသည်ကား မဖြစ်နိုင်သေး။ ၁၉၉၂ ခုနှစ်တုန်းကမူ ပန်းခြံထဲတွင် နှင်းဆီမျိုးစုံ ဖူးပွင့်ကြိုင်လှိုင်ချိန်ဖြစ်၏။ ကမ္ဘာ့စီးပွားရေးက တက်နေ၏။ တစ်ကမ္ဘာလုံး ငြိမ်းချမ်းရေးရောင်ခြည်တွေ ဝင်းလက်နေ၏။ သို့သော် ကြာရှည်မခံ။ ၉/၁၁ ပေါ်လာ၏။ ထိုမှတစ်ဆင့် အာဖဂန်နစ္စတန်နှင့် အီရတ် ကျူးကျော်မှု သို့ ဦးတည်သွားသည်။ ၂၀၀၇ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးက အရည်ပျော်ကျသွား၏။ စစ်သွေးကြွ ဂျီဟတ်အစ္စလာမ် အတွေးအခေါ်က ခေါင်းထောင်ထလာသည်။ စစ်အေးတိုက်ပွဲနေရာကို အကြမ်းအဖက်စစ်ပွဲက အစားထိုးလာ၏။

ယခုအခါ အရှေ့ဥရောပနိုင်ငံများနှင့် ယခင်ဆိုဗီယက်သမ္မတနိုင်ငံ အတော်များများတွင် ဒီမိုကရေစီ ထွန်းကားလာသည်မှာ မှန်၏။ ကမ္ဘာပေါ်တွင် လစ်ဘရယ်ဒီမိုကရေစီနိုင်ငံတွေ အများအပြား တည်ရှိ၏။ တရုတ်ပြည်ကတော့ တစ်ပါတီဆိုရှယ်လစ်နိုင်ငံရေးအာဏာကို တစ်ဖက်က ကိုင်စွဲရင်း တစ်ဖက်က တံခါးဖွင့် စီးပွားရေးဝါဒကို ကျင့်သုံးနေ၏။ သို့သော် "ဖူကူးယားမား" ဟောကိန်းထုတ်သကဲ့သို့ တစ်ကမ္ဘာလုံး လစ်ဘရယ်ဒီမိုကရေစီအုပ်ချုပ်ရေး ရှိမနေသေးသည်ကား သေချာ၏။

○

မိမိကိုယ် မိမိ သတ်သေသော ကိုးကွယ်မှု ပုံစံ

ဟာရှယ် အက်ပဲလ် ဝိုက်
နှင့်
ဘော်နီ နက်ထဲလ်(စ်)

မိမိကိုယ်မိမိ သတ်သေသော ကိုးကွယ်မှုပုံစံ
မာရှယ်အက်ပဲလ်ဝိုက် နှင့် ဘော်နီနက်ထဲလ်(စ်)

အဓိကလက်သည် - မာရှယ်အက်ပဲလ်ဝိုက် နှင့် ဘော်နီနက်ထဲလ်(စ်)

ဘာကို ကြိုတင်ပြောခဲ့သလဲ - သေပြီးလျှင် လူပြန်ဖြစ်သည် သို့မဟုတ် မိမိကိုယ်မိမိ သတ်သေပြီး နောက်တစ်ဘဝကို သွား၍ရသည်

အမှန်တကယ် ဘာဖြစ်လာသလဲ - အယုံကြည်လွန်သူများ၏ အစုလိုက် အပြုံလိုက် မိမိကိုယ်မိမိ သတ်သေမှုများ

ဒီဘဝသေပြီးရင် နောင်ဘဝ လူပြန်ဖြစ်လို့ရတယ်။ ဘဝကူးပြီးရင် တခြားရုပ်နဲ့ အသက်ရှင်လို့ရတယ်။

ဆွစ်ဇလန်တွင် ပေါ်ထွန်းသော
ဆိုလာတင်ပယ် အယူအဆ (၁၉၉၃)

ယခုခေတ်ကို သိပ္ပံခေတ်ဟု ခေါ်နေကြ၏။ အယူအဆ အတွေးအခေါ် အစွဲအလမ်းဟောင်းတွေ ချုပ်ငြိမ်းကာ ခေတ်သစ်သိပ္ပံနည်းကျ အတွေးအခေါ်တွေ ခေါင်းထောင်ထလာသောခေတ်ဟု ယေဘုယျအားဖြင့် ခေါ်နိုင်၏။ သို့သော် လူဟူသည် အစွန်းနှစ်ဖက် ကြားလွန်းထိုးနေသူဖြစ်၏။ သိပ္ပံနည်းကျ

ပြမှ ယုံမည်ဆိုသူများ ရှိသကဲ့သို့ နေကို ကိုးကွယ်၊ လကို အထွတ်အမြတ်ထား၊ ရှေးခေတ်အယူအဆတွေအပေါ် ဖက်တွယ်ယုံကြည်နေဆဲရှိသူတွေလည်း အများအပြား ကျန်သေး၏။ "ကံ"ဆိုတာ "အလုပ်"ပဲဟု ယုံကြည်ကြသူများလည်း ရှိ၏။ လူ့ကံကြမ္မာဆိုတာ မမြင်ရသော လက်၏ နေရာချထားခြင်းကို ခံနေရသော စစ်တုရင်ရုပ်ဟု ယုံကြည်ထားသူတွေလည်း မနည်းမနော။ ဆုတောင်းခြင်းကို နှစ်နှစ်ကာကာ ယုံကြည်အားကိုးကြသူများလည်း ရှိ၏။ ကျိန်စာတိုက်၊ အင်းအိုင်လက်ဖွဲ့၊ မှော်ပညာ အောက်လမ်းတို့ကို လိုက်စားနေသူများလည်း ရှိသည်။

ထိုအထဲတွင် OST ခေါ် "ဆိုလာတင်ပယ်လ်" အယူဝါဒကို ယုံကြည်သူတွေရှိသည်။ "နိုက်တင်ပယ်လ်" ခေါ် အလယ်ခေတ်ဘုရားကျောင်း အယူအဆကို လက်ခံကိုးကွယ်နေကြသူတွေ ဖြစ်၏။ "ဟဲဗင်ဂိတ်(စ်)" ခေါ် ကောင်းကင်ဘုံတံခါးဝ ဂိုဏ်းသားတွေကလည်း ကမ္ဘာပျက်ချိန်တွင် ကောင်းကင်ရထားဖြင့် သူတို့ဂိုဏ်းသားတွေကို လာခေါ်လိမ့်မည်ဟု ယုံကြည်နေကြဆဲ။

အဆိုပါ ဂိုဏ်းနှစ်ခုတွင် ဂိုဏ်းခေါင်းဆောင်များသည် သူတို့နှင့်အတူ သူတို့၏ နောက်လိုက်နောက်ပါ ယုံကြည်သူများကို အတူတူ သတ်သေကြပြီး နောင်ဘဝတွင် အတူတူ ရှင်သန်ဖွားမြင်ကြမည်ဟု ယုံကြည်ကြ၏။ ကမ္ဘာပျက်ချိန်က နီးလာပြီ။ သူတို့ဂိုဏ်းသားတွေသာ ကမ္ဘာသစ်တွင် ရှင်သန်ထမြောက်ကြမည်ဟု ယူဆကြ၏။

၁၉၈၂ ခုနှစ်တွင် The Holy Blood, The Holy Grail ဟူသော စာအုပ်၊ ၂၀၀၃ တွင် Da Vina's Code ဆိုသော စာအုပ်တွေ ထွက်လာကာ သန်းချီရောင်းရ၏။ ထိုစာအုပ်ပါ အယူအဆတွေက သိပ္ပံနည်းနှင့် မကိုက်ညီ။ ရှေးဟောင်းဂိုဏ်းဂဏဝါဒများကို အသားပေး တင်ဆက်ထား၏။ ဒါတွေကို ခေတ်သစ်လူသားတချို့က လက်ခံကြ၏။ ကမ္ဘာတစ်ဝှန်းတွင် "ဟယ်ရီပေါ်တာ" စုန်းကဝေဟာတ်လမ်းတွေ ခေတ်စားလာတာလည်း ဤသဘောပင်ဖြစ်၏။

OST ဂိုဏ်းမှ ဂိုဏ်းခေါင်းဆောင် "ဂျီးဇက်ဒီမန်ဘရီ" (၁၉၂၄-၁၉၉၄) နှင့် "လပ်ကျော်ရက်" (၁۹۲۷-၁۹۹۴)တို့ ဖြစ်၏။ "ဒီမန်ဘရီ"

ကို ပြင်သစ်ပြည် အနောက်တောင်ဘက် "ပွန်စိန့်အက်စပရီ"ခေါ် မြို့ငယ်လေးတစ်မြို့တွင် မွေးဖွားကြသူများဖြစ်၏။ သူတို့က ၁၉၅၁ ခုနှစ်တွင် လူ အစုလိုက် အပြုံလိုက်ကို အဆိပ်ခတ်သတ်မှုဖြင့် ထင်ရှားလာကြသူများ ဖြစ်ကြ၏။ "လပ်ဂျော်ရက်"ကို ဘယ်လ်ဂျီယံတွင် မွေး၏။ သူက ပထမ မာက်စ်ဝါဒီအစွန်းရောက် ဖြစ်ခဲ့၏။ ပြီးတော့ လေထီးတပ်သား။ ၁၉၇၀ ကျတော့ တိုင်းရင်းဆေးဆရာ။ သူတို့နှစ်ဦးက ၁၉၈၄ တွင် ဘဝပဋ္ဌာန်းဆက်များအနေနှင့် ဆုံတွေ့ကာ လျှို့ဝှက်ဂိုဏ်းတစ်ခုကို ထူထောင်ကြ၏။ "လပ်ဂျော်ရက်"က ခေါင်းဆောင်။ "မန်ဘရီ"က ဒုတိယခေါင်းဆောင်။ ပြင်သစ်၊ ဆွစ်ဇာလန်နှင့် ကနေဒါတို့တွင် သူတို့က လှည့်လည်တရားဟောရင်း စည်းရုံးကြ၏။ သူတို့၏ အစွန်းရောက် ဟောပြောမှုများကို အာဏာပိုင်တွေက သိရှိ၍ ဖမ်းဆီးအရေးယူခဲ့၏။ "မန်ဘရီ"ကို လက်နက်ဝယ်ယူစုဆောင်းမှုဖြင့် ဖမ်း၏။ ၁၉၉၃ တွင် သူတို့နှစ်ဦးက နောက်လိုက်နောက်ပါ အချို့ကို စည်းရုံးကာ အစုလိုက် အပြုံလိုက် သတ်သေရန် ကြိုးစားကြ၏။ မကောင်းသော ဤကမ္ဘာမြေကို စွန့်ခွာကာ ဝင်းလက်တောက်ပသော ကမ္ဘာသစ်သို့ ပြောင်းရွှေ့နေထိုင်ကြမည်ဟု ဆို၏။ သူတို့ကို ယုံကြည်သူတွေက သူတို့နှင့် လိုက်၍ သတ်သေကြ၊ ကမ္ဘာသစ်ကို သူတို့ ဦးဆောင်ခေါ်သွားမည်ဟု ဟောပြောကြ၏။

၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဆွစ်-ဗြိတိသျှကပြား "တိုနီနှင့် နစ်ကီဒုထရိုက်"တို့နှင့် သုံးလသားလေးကို ကွီဘက်မြို့တွင် အသတ်ခံရ၏။ သူတို့သားလေးသည် မိစ္ဆာကောင်လေးဖြစ်၍ သတ်ပစ်ရန် "မန်ဘရီ"က ခိုင်းစေသည်ဟု ဆို၏။ အောက်တိုဘာ ၄ ရက်နေ့ညတွင် "မန်ဘရီ"၊ "ဂျော်ရက်"နှင့် တပည့်တပန်းတစ်စုသည် ဆွစ်ဇာလန်မြို့၊ ဟိုတယ်တစ်ခုတွင် နောက်ဆုံး ညစာစားကြ၏။ သူတို့နှင့် နောက်ပါ ၄၀ တို့ အဆိပ်သောက် သတ်သေကြ၏။ ၁၉၉၅၊ ၁၉၉၆၊ ၁၉၇၇ ခုနှစ်တွင်လည်း သူတို့နောက်လိုက်နောက်ပါများက သူတို့နှင့်လိုက်ပြီး သတ်သေကြ၏။

နောက်အုပ်စုက "ကောင်းကင်ဘုံတံခါး၀အုပ်စု"။ "မာရှယ်အက်ပဲလ်ဝိုက်" (၁၉၃၁-၉၇) နှင့် "ဘော်နီနက်ထဲလ်(စ်)" (၁၉၂၈-၁၉၈၅)

တို့က အမေရိကန်လူမျိုးတွေ။ ''အက်ပဲလ်ဝိုက်''က အလုပ်အကိုင် အဆင်မပြေ။ မိသားစုနှင့် ကွဲ၏။ စိတ်ရောဂါဆေးရုံမှာ အကြိမ်ကြိမ် တက်ရ၏။ ၁၉၉၂ တွင် ''နက်တဲလ်(စ်)''နှင့် တွေ့၏။ သူက သူနာပြုဆရာမ။ သူတို့နှစ်ဦး ပေါင်းမိကာ လျှို့ဝှက်ဂိုဏ်းတစ်ခု တည်ထောင်၏။ သူတို့နှစ်ဦးက သက်တမ်း ၂၀၀၀ ရှိ တခြားကမ္ဘာမှ ဂြိုလ်သားများဖြစ်ကာ ဤကမ္ဘာမှ ကယ်တင်ထိုက်သူတွေကို လာကယ်ကြောင်း စည်းရုံးဟောပြော၏။ ဤကမ္ဘာဂြိုလ်မှာ မကြာခင် ပျက်တော့မည်ဖြစ်၍ အခြားဂြိုလ်သို့ အချိန်မီပြောင်းရွှေ့ကြရန် စည်းရုံး၏။ သူတို့က ခရစ်ယာန်ဝါဒနှင့် ယူအက်ဖ်... ခေါ် အမည်မသတ်မှတ်နိုင်သည့် ပန်းကန်ပြားပျံ အယူအဆတို့ကို ပေါင်းစပ်ကာ ဒဿနသစ်ကို တီထွင်ကြ၏။ သူတို့၏ ဟောပြောမှုကို အမေရိကန်၊ ကနေဒါမှ လူအချို့က နားယောင်လာကြ၏။ ''နက်တဲလ်''က ၁၉၉၅ တွင် ကင်ဆာရောဂါနှင့် ကွယ်လွန်၏။ ထို့ကြောင့် ဂိုဏ်းကို ''အက်ပဲလ်ဝိုက်''တစ်ဦးသာ ဦးဆောင်၏။ ၁၉၉၇ ခုနှစ်၊ မတ်လတွင် ဤမြေဂြိုလ်ကမ္ဘာမှ စွန့်ခွာချိန်တန်ပြီဟု ''အက်ပဲလ်ဝိုက်''က ပြော၏။ သူက သူ့လူတွေကို သူဖွက်ထားသော အာကာသယာဉ်ဆီသို့ ခေါ်သွားမည်ဟု ပြောကာ သူတို့ခေါင်းကို ပလက်စတစ်အိတ်များ စွပ်ပြီး သတ်၏။ ''အက်ပဲလ်ဝိုက်''နှင့်အတူ ၃၉ ဦး လိုက်သေကြ၏။ မသေဘဲ ကျန်ခဲ့သူနှစ်ဦးကလည်း ၁၉၉၇ နှင့် ၁၉၇၈ တွင် မိမိကိုယ်မိမိ သတ်သေကြ၏။

''ဒီမန်ဘရိ''

''ဂျောရက်''

''နက်တဲလ်(စ်)''

''အက်ပဲလ်ဝိုက်''

သူတို့က သူတို့ယုံကြည်ချက်အပြည့် ရှိကြ၏။ သူတို့ယုံကြည်တာကို လိုက်ယုံကြည်အောင် ပြောဟောစည်းရုံးတတ်၏။ နှစ်ဆယ်တစ်ရာစုတွင်ပင် ဤသို့သော ခေတ်နောက်ပြန် အယူအစွဲတွေနောက် ယိမ်းယိုင်သူတွေ ရှိနေကြဆဲ။

စာရေးဆရာကြီး ''ဂျီကေချက်စတာတန်'' (၁၈၇၄-၁၉၃၆)၏ စကားကတော့ မှတ်သားစရာကောင်းလှ၏။

"လူတွေက ထာဝရဘုရားရှင်ကို ယုံကြည်တာ ရပ်သွားရင် သူတို့က ဘာကိုမှ ယုံကြည်ကြတော့မှာ မဟုတ်ဘူး။ သူတို့က ဘာမဆိုကိုပဲ ယုံကြလိမ့်မယ်"

သက်တန့်ကို အကျော်

ဂေါ်ခွန်ဘရောင်း

သက်တန့်ကိုအကျော်
ဂေါ်ဒွန်ဘရောင်း

အဓိကလက်သည် - ဂေါ်ဒွန်ဘရောင်း
ဘာကို ကြိုးတင်ပြောခဲ့သလဲ - ငွေရေး၊ ကြေးရေး ကောင်းချိန် ပြီးဆုံးပြီ
အမှန်တကယ် ဘာတွေဖြစ်လာသလဲ - ဘဏ္ဍာရေးအကြပ်အတည်း ကမ္ဘာမှာ ဆိုက်ကပ်

ငွေကြေးကောင်းတဲ့ခေတ်ဟောင်းတော့ ကျွန်တော်တို့ ပြန်မလှည့်နိုင်တော့ပါဘူး။

ဘတ်ဂျက်မိန့်ခွန်းတွင် ဂေါ်ဒွန်ဘရောင်းပြော (၂၀၀၇)

"လေဘာပါတီ"ခေါ် အလုပ်သမားပါတီကို "လေဘာပါတီသစ်" ဟု ဝန်ကြီးချုပ် "တိုနီဘလဲ" (၁၉၅၃ ဖွား)က ၁၉၉၇ ခုနှစ်၊ မေလတွင် အာဏာရစဉ်က နာမည်သစ်ပြောင်းခဲ့၏။ ကွန်ဆာဗေးတစ် အုပ်ချုပ်ရေး အောက်တွင် ၁၈ နှစ်ကြာ ရောက်ခဲ့ပြီးနောက် "မာဂရက်သက်ချာ" (၁၉၂၅ ဖွား)အောက်တွင် ၁၁ နှစ် ရောက်ခဲ့၏။ ပါတီ၏ ရွေးကောက်ပွဲသည် နှစ်အတန်ကြာ ငွေကြေးကြပ်တည်းရာမှ ငွေကြေးနာလန်ထူ ခေါင်းမော့ချိန်နှင့် ကြုံကြိုက်တိုက်ဆိုင်စွာ ပေါ်ထွန်းလာ၏။ စစ်အေးတိုက်ပွဲပြီးကာစမှီ ကမ္ဘာကြီးက ငြိမ်းချမ်းလာ၏။ ကမ္ဘာကြီးက မကောင်းမြင်ဝါဒ လွန်ကဲရာ

မှ မကောင်းမြင်ဝါဒကဲသည့် အခြေအနေကို ရောက်လာ၏။ ဝန်ကြီးချုပ် "ဘလဲ"က ၂၂ နှစ်၊ သူ၏လက်ထောက် "ဂေါ်ဒွန်ဘရောင်း" (၁၉၅၃ ဖွား)ကလည်း ခပ်ငယ်ငယ်။ ကာယအားရော စိတ်အားပါ အတက်ကြွဆုံး ကာလများပေပေါ့။ သူတို့ရဲ့ နှိုင်းစာလျှင် ဝါရင့်နိုင်ငံရေးသမားကြီး "ဂျွန် မေကရာ" (၁၉၄၃ ဖွား)က အသက်ကြီးနေသည်။ အတွေးအခေါ်တွေက ခေတ်နောက်ကျနေ၏။

"လေဘာပါတီသစ်"နှင့် ၄င်း၏ထောက်ခံသူများက ရွေးကောက်ပွဲ ညတွင် အောင်ပွဲခံနေကြပြီး သူတို့၏ ပါတီမဲဆွယ်ပွဲသီချင်း "အရာရာဟာ ပိုကောင်းတာပဲ ဖြစ်နိုင်တယ်"ကို သံပြိုင်ဟစ်ကြွေးခဲ့ကြ၏။ ကမ္ဘာကြီးက လည်း ပိုမိုငြိမ်းချမ်းပြီး ကမ္ဘာ့စီးပွားရေးကလည်း တက်ရိပ်ပြနေ၍ သူတို့ အားလုံး ပျော်နေကြတာပါ။

ထိုအချိန်တွင် "ဂေါ်ဒွန်ဘရောင်း"က ယခင်အချိန်ဟောင်းက ဌေ ကြေးအတိတ်ဟောင်းတွေ ပြန်မလာနိုင်တော့ပါဟု ပြောကြားခြင်းသည် သူ့အခြေအနေ အချိန်အခါနှင့်တော့ မှန်ကန်သော ဟောကိန်းဟုဆိုရမည်။ သူ့ပြောပုံဆိုပေါက်က စည်းကမ်းတင်းကြပ်သော သမိုင်းဆရာတစ်ဦးက တပည့်တွေကို တည်တည်တဲ့တဲ့ ပုံစံကြီးဖြင့် စာသင်ပေးနေသလိုမျိုး။ သို့တည်းမဟုတ် "ဆန်းဒေးစကူးလ်" ခေါ် ဘုရားရှိခိုးကျောင်းဝတ်က သူ့ကလေးငယ်များကို အပြစ်မကျူးလွန်စေရန် ဒေသနာကျင့်ဝတ်တွေ ဟော ပြောနေသော ဆရာတော်တစ်ပါး၏ လေသံမျိုးတော့ ပေါက်နေ၏။ "ဂေါ် ဒွန်ဘရောင်း"သည် အထက်တန်းကျောင်းသားအရွယ်က "ရပ်ဂ်ဘီ" ကစားရင်းနှင့် မျက်လုံးတစ်ဖက် ဒဏ်ရာရခဲ့ရာ တစ်သက်လုံး မျက်စိတစ်လုံး ဖြင့်သာ အလုပ်လုပ်ခွင့်ရသူတစ်ဦး ဖြစ်ခဲ့၏။

"တိုနီဘလဲ"နှင့် နှိုင်းယှဉ်လျှင် "ဂေါ်ဒွန်ဘရောင်း"က ဥပဓိရုပ် မကောင်းလှ။ ဒီကြားထဲ သူ၏ မျက်စိတစ်ဖက်လပ်ဘဝကို အားငယ်နေရှာ သူ "ဘရောင်း"က မျက်မှောင်ကုတ်၍ စကားပြောတတ်၏။ သို့သော် "ဘလဲ"ထက် "ဘရောင်း"က ဦးနှောက်ပိုကောင်း၏။ "ဘရောင်း" က အလွန် ချင့်ချင့်ချိန်ချိန် လုပ်ဆောင်တတ်၏။ အတွက်အချက် တော်၏။ အမျှော်အမြင် ပိုကြီး၏။

၁၉၉၇ မှ ၂၀၀၇ ခုနှစ်ကြားတွင်မူ ဗြိတိသျှပြည်သူလူထုက "ဂေါ်ဒွန်ဘရောင်း" ဆိုသူသည် မည်သူဟူသည်ကို မသိကြသေး။ သူသည် ကမ္ဘာ့ဘဏ်စနစ်ကို ကယ်တင်နိုင်မည့်သူ ဟုတ် မဟုတ် မသိကြသေး။

သူ့ကို စကော့တလန်၏ အရှေ့ယွန်းယွန်း "ကပ်ကာလ်ဒီ"၏ မြို့သေးလေးတစ်ခုတွင် မွေး၏။ သူ့အဖေက ဘုန်းတော်ကြီး။ သူက ဆရာ့ဓမ္မဟောပြောမှုများအောက်တွင် ကြီးပြင်းခဲ့ရ၏။ သူက ဗြိတိသျှ၏ ဝန်ကြီးတွေ၊ ဝန်ကြီးချုပ်လောင်းလျှာတွေ မွေးထုတ်ပေးသော "အောက်ဘရစ်ရ်" တွက်ကား မဟုတ်။ (အောက်စဖို့ဒ်တက္ကသိုလ်နှင့် ကင်းဘရစ်ရ်တက္ကသိုလ်ကို ပေါင်းစပ်၍ အောက်ဘရစ်ရ်ဟု ခေါ်ကြ၏)။ သူက "အီရင်ဘတ်ဂ်" တက္ကသိုလ်တက်ပြီး သမိုင်းနှင့် ဘွဲ့ရခဲ့သူဖြစ်၏။ ထို့နောက် ပါရဂူဘွဲ့ဆက်တက်ရာ သူ၏ ပါရဂူဘွဲ့ယူကျမ်းအမည်က "၂၀ ရာစု စောစောပိုင်း စကော့တလန် လေဘာပါတီသမိုင်း" ဖြစ်၏။ ထို့နောက် "ဘရောင်း" သည် တက္ကသိုလ်တွင် သမိုင်းဆရာ ပြန်လုပ်၏။ ထို့နောက် ရုပ်မြင်သံကြားတွင် လတ်တလော သတင်းများဆိုင်ရာ အလုပ်ဆင်းသမား ဝင်လုပ်၏။ တကယ်တော့ "ဘရောင်း"က ဘောဂဗေဒ အခံမရှိ။ ဘဏ္ဍာရေးကဏ္ဍနှင့် ပတ်သက်၍ အတွေ့အကြုံမရှိ။ နိုင်ငံရေးအရမူ လေဘာပါတီ ဝင်ကာ ရာသက်ပန် ခရစ်ယာန်ဆိုရှယ်လစ်ဝါဒီ ဖြစ်၏။

၁၉၈၃ ခုနှစ် ရွေးကောက်ပွဲတွင် လွတ်တော်အမတ်အဖြစ် အရွေးခံရ၏။ လွတ်တော်ထဲတွင် သူနှင့် ရေရှည်တွဲမည့် မဟာမိတ်များ၊ လုပ်ဖော်ကိုင်ဖက်ကို တွေ့ခဲ့၏။ သူက "တိုနီဘလဲ"။ သူတို့နှစ်ယောက်လုံး အတွဲညီစွာဖြင့် ပါတီတွင် ထိပ်ဆုံးဆင့်ရောက်လာကြ၏။ ထိုအချိန်တွင် "လေဘာပါတီ"ခေါင်းဆောင် "ဂျန်စမစ်" (၁၉၃၈-၉၄) ကွယ်လွန်၏။ ထိုအခါ ပါတီတွင် ခေါင်းဆောင်မည့်သူ နေရာလစ်လပ်လာ၏။ "တိုနီဘလဲ"ဖြစ်မလား၊ "ဂေါ်ဒွန်ဘရောင်း" ဖြစ်မလား။ ၁၉၉၄ ခုနှစ်၏ တစ်ညနေတွင် စားသောက်ဆိုင်တစ်ခု၌ သူတို့နှစ်ဦး တွေ့ဆုံကြကာ သဘောတူညီမှုတစ်ခုလုပ်ခဲ့ကြသည်ဟု သိရ၏။ သို့ဖြင့် "တိုနီဘလဲ"က ဝန်ကြီးချုပ်၊ "ဂေါ်ဒွန်ဘရောင်း"က အဓိပတိဖြစ်လာကြ၏။ နောက်တစ်ခါကျလျှင် "ဘရောင်း"က ဝန်ကြီးချုပ်တစ်လှည့်လုပ်တော့ "ဘလဲ"က အဓိပတိပြန်လုပ်မည်ဟု

ဆိုကြ၏။ ''လေဘာပါတီသစ်''၏ အုပ်ချုပ်မှု ပထမသက်တမ်းတွင် လုပ်ပုံကိုင်ပုံ အဆင်ပြေ၏။ အစိုးရရော နိုင်ငံတော်ပါ ကြွယ်ဝချမ်းသာလာ၏။ တကယ်တော့ တိုင်းပြည်ဘဏ္ဍာ တောင့်တင်းကြွယ်ဝလာခြင်း၏ လက်သည်က ''ဘရောင်း''ဖြစ်၏။ သူ့မှာက ရေရှည်မြင်တတ်သော ဘဏ္ဍာရေးအမြင် ရှိ၏။ သို့သော် နောက်ပိုင်းတွင် ဗြိတိသျှနိုင်ငံ စီးပွားရေးကပ်ဆိုက်ရာတွင် တရားခံအဖြစ် ''ဘရောင်း''၏ လွဲမှားသော ဆုံးဖြတ်ချက်များဟု နှောင်းလူများက စွပ်စွဲပြစ်တင်ကြ၏။

အမေရိကန်နှင့် ဗြိတိန်တို့ရှိ ဒီမိုကရက်တစ်နှင့် ''လေဘာပါတီသစ်''တို့၏ ချို့ယွင်းချက် အားနည်းချက်များကို ထောက်ပြကြ၏။

၂၀၀၇ ခုနှစ်၊ ဇွန်လတွင် ''တိုနီဘလဲ'' ဝန်ကြီးချုပ်ရာထူးမှ ထွက်၏။ ဘဏ္ဍာရေးမုန်တိုင်း မထန်မီအချိန်တွင် ဖြစ်သည်။ သူ့နေရာကို ''ဘရောင်း''က ဆက်ခံ၏။ သုံးနှစ်တာ ဝန်ကြီးချုပ်ကာလတွင် ဘဏ္ဍာရေးအခြေအနေက ပြိုလဲသွား၏။ ၂၀၁၀ အထွေထွေရွေးကောက်ပွဲတွင် သူ ရှုံးနိမ့်ခဲ့၏။ ကွန်ဆာဗေးတစ်နှင့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီတို့က သဘောတူကာ ''ညွှန့်ပေါင်းအစိုးရ''အဖွဲ့ ဖွဲ့မည်ဟု ကြေညာသည့် အချိန်မတိုင်မီ သူက ရာထူးမှ နုတ်ထွက်ခဲ့၏။ ထို့နောက် နိုင်ငံမှ ထွက်ခွာသွားရာ သူတို့ပါတီတွင် ခေါင်းဆောင်မဲ့ ဖြစ်ရပြန်၏။

○

အနာဂတ်၏
နိုဂုံး

အနာဂတ္တိ ဝါဒီများ

အနာဂတ်၏ နိဂုံး
အနာဂတ္တိဝါဒီများ

အဓိကလက်သည် - အနာဂတ္တိဝါဒီများ
ဘာတွေ ကြိုတင်ပြောခဲ့သလဲ - တီယိုဝေါကီ-ကမ္ဘာ၏ အဆုံးသတ် နိဂုံး
အမှန်တကယ် ဘာတွေဖြစ်လာသလဲ - အားလုံး သိကြသည့်အတိုင်း တစ်နေ့တော့ ကမ္ဘာပျက်မည်

ကျောက်မီးသွေးကုန်၊ ဓာတ်ဆီရေနံကုန်၊ သဘာဝသယံဇာတတွေကုန်၊ သတ္တုတွေကုန်တဲ့တစ်နေ့ ကမ္ဘာလည်း ပျက်မှာပဲ။

ဗြိတိသျှနက္ခတ္တဗေဒပညာရှင်-ဖရက်ဟွိုင်း (၁၉၉၆)

ဘယ်နေ့၊ ဘယ်ရက်ဖြင့် ကမ္ဘာပျက်တော့မည်ဟု ဟောကိန်းထုတ်ကြသူများပြီ။ ယခုထိတော့ ကမ္ဘာမပျက်သေး။ သို့သော် လူတိုင်းသိထားကြသည်မှာတော့ တစ်နေ့တော့ ကမ္ဘာကြီး ပျက်သုဉ်းမည်။ ကမ္ဘာပျက်မည့်နေ့က နီးလာပြီဟု။ အထူးသဖြင့် အဏုမြူလက်နက် နျူကလီးယားလက်နက်တွေ ပိုင်ဆိုင်ထားသည့် နိုင်ငံတွေ များလာတော့ ထိုလက်နက်ပိုင်ရှင်ခေါင်းဆောင်များက ဘယ်နေ့မှာ ထိုအဏုမြူဒုံးပျံခလုတ်တွေ နှိပ်မလဲဆိုတာ ရင်တမမ ရှိနေ၏။ ကမ္ဘာ့လူသားတွေအားလုံး၏ အသက်က

သူတို့လက်ထဲတွင် ရှိ၏။ သူတို့ စိတ်ရူးပေါက်သောနေ့တွင် အဏုမြူစစ်ပွဲ ကြီးဖြစ်မည်။ ဤအဏုမြူစစ်ပွဲကား ကမ္ဘာပေါ်ရှိ လူသားတွေ အသက်ကို ဇီဝိန်ချေမည့် ကမ္ဘာပျက်နေ့ပင် ဖြစ်မည်မှာ သေချာနေ၏။

အနာဂတ်ကို မျှော်တွေးကြည့်ရှုသူတွေ များ၏။ ဗေဒင်ဆရာတွေက အစ သိပ္ပံပညာရှင်တွေအဆုံး။ စာရေးဆရာတွေလည်း ပါ၏။ သိပ္ပံစာရေးဆရာကြီး "ဂျူးလ်စ်ဗန်း" (၁၈၂၈-၁၉၀၅) သည် "လကမ္ဘာသို့ခရီး"၊ "ကမ္ဘာ့အလယ်ဗဟိုသို့ခရီး"၊ "ကမ္ဘာ့ရေအောက်ခရီး" စသည့် သိပ္ပံဝတ္ထုတော်တော်များများ ရေးခဲ့၏။ သူ၏ စိတ်ကူးယဉ်တွေက နောက်တော့ တကယ်ဖြစ်လာ၏။ လပေါ်သို့ ဒုံးပျံလွှတ်တင်သည်။ ဂြိုလ်တုတွေနှင့် ကမ္ဘာပတ်သည်။ လပေါ် လူရောက်သည်။ ရေငုတ်သင်္ဘော ပေါ်သည်။ မြေကြီးအောက် ပေသောင်းနှင့်ချီ၍ တူးဖော်နိုင်ကြသည်။

နောက်ထပ်ထင်ရှားသော သိပ္ပံဝတ္ထုရေးဆရာက "အိပ်ချ်ဂျီဝဲလ်(စ်)" ဖြစ်၏။ ၁၈၉၆ တွင် "အချိန်ယန္တရား" (Time Machine) ဆိုသော ဝတ္ထုထွက်၏။ ခေတ်ကို နောက်သို့ပြန်သွား၊ အရှေ့သို့ ဆက်သွားနိုင်သော စက်ကို သူက စိတ်ကူးယဉ်ထား၏။ သူ့စာအုပ်တွင် ပစ္စုပ္ပန်မှနေ၍ ရှေ့နှစ် ၈၀၀,၀၀၀ သို့သွားသော ဇာတ်လမ်းပါ၏။ ရှေ့နှစ် ၈၀၀,၀၀၀ တွင် လူအမျိုးအစား နှစ်မျိုးကိုသာ တွေ့ရ၏။ တစ်မျိုးက "အီလွိုင်" ခေါ် ကလေးဆန်သည့်လူမျိုး။ သူတို့က ငြိမ်းချမ်းရေးကို လိုလားသော မေတ္တာရှင်များ။ နောက်တစ်မျိုးက "မော်လောက်(စ်)"ခေါ် အဖျက်စိတ်ဓာတ်ရှိသည့် လူများ။ ထိုလူမျိုးနှစ်မျိုး၏ ပဋိပက္ခများအောက်တွင် နောက်ဆုံး ကမ္ဘာကြီး ပျက်သုဉ်းခြင်း ရောက်သွားပုံအကြောင်း ရေးထားသည်။ ၁၉၃၃ တွင်ထွက်သော သူ၏ "ဖြစ်လာမည့်ပုံစံများ" ဝတ္ထုတွင်မူ ၁၉၃၃ မှ ၂၀၀၆ ခုနှစ်ထိ လူ့သမိုင်းကို ရေးခဲ့၏။

၁၉၆၀ ခုနှစ်များ နောက်ပိုင်းတွင်မူ ဗေဒင်ဆရာ၊ နက္ခတ္တဗေဒပညာရှင် စာရေးဆရာတို့၏ အနာဂတ်ကို ခန့်မှန်းစဉ်းစား သုံးသပ်မှုများကို "အနာဂတ္တိဝါဒ"ဟူသော သိပ္ပံပညာဖြင့် ပေါင်းစည်းလေ့လာကြ၏။ တတ်နိုင်သမျှ သိပ္ပံနည်းကျသော ဟောကိန်းများ ထုတ်ကြ၏။

၁၉၉၆ တွင် အင်ဂျင်နီယာ ရစ်ချက်ဒန်ကန်က "အိုလ်းဒူဗေးသီဝရီ"

ကို ဖော်ထုတ်၏။ ၁၉၃၀ မှ ၂၀၃၀ ထိ လူသားတို့၏ဖြစ်စဉ်ကို လေ့လာ၏။ စက်မှုခေတ်ဦးအစတွင် လူတို့၏ တစ်ဦးချင်းစွမ်းအင် အသုံးပြုမှုက ၃၇ ရာခိုင်နှုန်းတွင် ထိပ်ဆုံးထိ ရောက်ခဲ့သကဲ့သို့ အဆုံးတစ်နေ့တွင်လည်း ၃၇ ရာခိုင်နှုန်းအောက်တွင် နိုဂုံးချုပ်မည်ဟုဆို၏။ သူက အထောက်အထား အတိအကျများကို ကိုးကားပြီး ၂၀၁၂ မှ ၂၀၃၀ တွင် လောင်စာဆီများ ပြတ်လတ်ကာ "ထီယိုဝေါကီ"(ကမ္ဘာ့နိဂုံး)ဖြစ်မည်ဟု ဆို၏။ လွန်ခဲ့သော နှစ် ၁၃.၇ ဘီလျံက အလွန်ပူသည့် အခြေအနေရှိနေရာ ထိုအပူသည် ယခု တိုးပွားလာပြီး ကမ္ဘာပျက်နိုင်သည်ဟု ဆို၏။

သူ၏တွက်ကိန်းကို ယုံချင်ယုံ မယုံချင်နေ။ သို့သော် ကမ္ဘာကြီး ပူနွေးလာသည်ကတော့ အသေအချာ။ ထို့ကြောင့် ကျွန်တော်တို့အနေနှင့် ကမ္ဘာကြီး ပူနွေးလာခြင်းကို သိရှိပြီးနောက် လျှော့ချဖို့ရာ လုံးပန်းရမည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတွေ လုပ်ရမည်။ ကာဗွန်ဒိုင်အောက်ဆိုဒ် ထွက်နှုန်းတွေ များလာသည်ကို ဆင်ခြင်ရမည်။ သစ်ပင်တွေ များများစိုက်ရ မည်။ သဘာဝသယံဇာတ အလွန်အမင်း သုံးစွဲမှုတွေကို လျှော့ချရမည်။ ပင်လယ်ရေပြင် မြင့်တက်လာမှုကို သတိပြုရမည်။ မြေငလျင်ဒဏ်ကို ကြိုတင်ကာကွယ်မှုတွေ လုပ်ရမည်။ မီးတောင်တွေ ပေါက်ကွဲမှုက အပြင်း ထန်ဆုံးဖြစ်လာသည်ကို သတိပြုရမည်။ ရေကို ခြိုးခြံသုံးစွဲရမည်။ ရေ အောက်သယံဇာတတွေကို ထိန်းသိမ်းရမည်။ ကမ္ဘာကြီးသည် ပူနွေးလွန်း သည့် အခြေအနေမှ အေးခဲသွားသည့် အခြေအနေသို့လည်း ရောက်နိုင်သည် ဖြစ်ရာ အစစအရာရာ သတိကပ်ပြီး ဆင်ခြင်နိုင်လွန်းပါမှ ကမ္ဘာ့သက်တမ်း ဆက်လက် ရှည်ကြာတည်တံ့နိုင်ပါမည်။

○

ကပ်ဘေးဆိုးအန္တရာယ်



ဒေါက်တာ မာဂရက် ချန်း

ကပ်ဘေးဆိုးအန္တရာယ်
ဒေါက်တာမာဂရက်ချန်း

အဓိကလက်သည်	- ဒေါက်တာမာဂရက်ချန်း
ဘာကို ကြိုတင်ပြောခဲ့သလဲ	- ကူးစက်တုပ်ကွေးရောဂါကြောင့် လူသန်းနှင့်ချီ သေမည်
အမှန်တကယ် ဘာတွေဖြစ်လာသလဲ	- H_1N_1 / 09 ကူးစက်ရောဂါသည် ရာသီတုပ်ကွေးထက်ပင် အသေ အပျောက် နည်းခဲ့၏။

နိုင်ငံတိုင်းဟာ အခုကြိုလာမယ့် ကပ်ရောဂါကို ကာကွယ်ဖို့ အသင့် ပြင်ထားကြရမယ်။ ဒီရောဂါက တုပ်ကွေးလို ဖျားနာပြီး ပြင်းထန်တဲ့ အဆုတ် ရောဂါကို ခံစားရမယ်။

ဒေါက်တာမာဂရက်ချန်း-
ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် (WHO) ၏ ဦးဆောင်ညွှန်ကြားရေးမှူး
(၂၉-၄-၂၀၀၉)

ကျွန်တော်တို့ ကူးစက်ကပ်ရောဂါများကို ကြောက်ကြရပါမည်။ ကူးစက်ရောဂါဖြစ်သဖြင့် ပို၍ ဆင်ဆင်ခြင်ခြင် နေနိုင်ကာမှ တော်ကာကျ မည်။ အထူးသဖြင့် လူဦးရေ ထူထပ်သိပ်သည်းလာသော ကမ္ဘာကြီးတွင်

အချို့နေရာများတွင် လူများက လိုတာထက် ပို၍ ထူထပ်သိပ်သည်းနေသဖြင့် ကူးစက်ရောဂါဖြစ်လျှင် ပျံ့နှံ့နှုန်း အလွန်မြန်၏။ ကူးစက်ကပ်ရောဂါဖြစ်လျှင် ထိန်းမနိုင် သိမ်းမရ ပျံ့ပွားရ၏ အသေအပျောက်များ၏။ အလယ်ခေတ်က ကူးစက်ရောဂါများဆိုလျှင် တိုက်တစ်တိုက်မှ စဖြစ်ရာ နောက်ထပ်တိုက်များစွာသို့ပင် ရက်အနည်းငယ်အတွင်း ကူးစက်သွားသည်ကို တွေ့ရ၏။ ရောဂါကာကွယ်မှု မသိ၊ ရောဂါပျောက်ကင်းအောင် ကုဖို့ ဆေးမရှိသဖြင့် အသေအပျောက်များ၏။

၁၄ ရာစုကဖြစ်ပွားခဲ့သော "မဟူရာသေမင်း" ဆိုသော ဥရောပပလိပ်ရောဂါသည် အဆိုးဆုံး။ စဖြစ်တာက အရှေ့အလယ်ပိုင်း။ ကြွက်မည်းမှ စတင်ကူးစက်သော ရောဂါဖြစ်၏။ ထိုပလိပ်ရောဂါသည် ကမ္ဘာအနှံ့ ကျူးကျော်တိုက်ခိုက်နေသော မွန်ဂိုစစ်တပ်မှတစ်ဆင့် ကူးစက်ရာ ၁၃၄၆ တွင် ခရီးမီးယားနှင့် ရုရှားတောင်ပိုင်းထိ ရောက်၏။ ခရီးမီးယားမှ ဥရောပသို့ ပြန်လာသော ကုန်သည်ကြီးများထဲတွင် ရောဂါဖြစ်သော ကြွက်မည်းတွေ ပါလာရာ ထိုရောဂါက လူများနှင့် ဥရောပကြွက်များသို့ ကူး၏။

ပလိပ်ရောဂါ ပထမစပြန့်သော ဥရောပဆိပ်ကမ်းသည် ဘိုင်ဇင်တိုင်းအင်ပါယာ၏ မြို့တော်ဖြစ်သော "ကွန်စတင်တီနိုပယ်" (ယခု တူရကီနိုင်ငံ၊ အီစကန်ဘူလ်မြို့) ဖြစ်၏။ ထိုမှတစ်ဆင့် မြေထဲပင်လယ် ကမ္ဘာ၌ ဥရောပမြောက်ပိုင်းသို့ ပျံ့၏။ ထိုရောဂါဖြင့် ဥရောပလူဦးရေ သုံးပုံတစ်ပုံ သေဆုံး၏။ ယနေ့ခေတ် အမေရိကတွင် သန်း ၁၀၀ မှ ၂၀၀ ထိ သေကာ ဗြိတိန်တွင် သန်း ၂၀ မှ ၄၀ ကြား သေဆုံးခဲ့၏။ ၁၅ ရာစုတွင် ဥရောပတိုက်သားမှာ အမေရိကသို့ ရောက်လာသောအခါ ကူးစက်ကပ်ရောဂါ ပါလာပြန်၏။ ထိုရောဂါများမှ ကျောက်ရောဂါ၊ ဝမ်းရောဂါ၊ အူရောင်ငန်းဖျားရောဂါများဖြစ်၏။ ထိုကူးစက်ကပ်ရောဂါများကြောင့် ကိုလံဘီယာ အကြို လူဦးရေ၏ လူဦးရေ ၉၀ မှ ၉၅ ရာခိုင်နှုန်းထိ အသေအပျောက် ရှိခဲ့၏။

နောက်ပိုင်းတွင် ဆိုးရွားသော ရောဂါများကား အိပ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ် ရောဂါတွေ ဖြစ်၏။ ၁၉၈၁ တွင် အမေရိကနှင့် ဥရောပတွင် စဖြစ်၏။ တကယ်တော့ ထိုရောဂါသည် အနောက်အာဖရိက ဗိုင်းရပ်စ် ဖြစ်၏။ ၂၀ ရာစု သို့မဟုတ် ၂၀ ရာစုစောစောပိုင်းက စပြီး လူကြားထဲ

ပျံ့နှံ့လာသည်။ ပထမတိရစ္ဆာန်တွေမှာ ဖြစ်သည်ကစပြီး လူသားတွေထဲ ကူးလာသည်။ ဆယ်စုနှစ် သုံးခုတာအတွင်း အာဖရိကနှင့် အရှေ့တောင် အာရှသို့ ပျံ့နှံ့ခဲ့၏။ ၁၉၈၁ မှ ၂၀၀၆ ခုနှစ်အတွင်း ဤရောဂါကို ပျောက်ကင်းအောင် ကုသဆေးမရှိသဖြင့် လူ ၂၅ သန်း သေခဲ့၏။ လိင်ကိစ္စ လွန်ကျူးသောသူ၊ မူးယစ်ဆေးဝါး စွဲသူများမှတစ်ဆင့် တစ်ဦးနှင့်တစ်ဦး ကူးစက်ကြ၏။ ကွန်ဒုံးသုံးခြင်း၊ ဆေးထိုးအပ်များကို ပိုးသတ်ခြင်းဖြင့် ကာကွယ်မှုတွေ ပြုနိုင်၏။

ရာသီတုပ်ကွေးကလည်း လူတော်တော်များများ၏ အသက်ဒီဝိန်ကို ချေ၏။ ကမ္ဘာပေါ်ရှိ လူဦးရေ၏ ၁၅ ရာခိုင်နှုန်း (လူသန်း ၃၄၀ မှ ၁ ဘီလျံကြား)ကို ကူးစက်ကာ နှစ်စဉ် လူ ၁ သန်း၏ လေးပုံတစ်ပုံနှင့် သန်းတစ်ဝက်ကြား သေဆုံးကြ၏။ ကျန်းမာရေး ကိုယ်ခံမကောင်းသူများတွင် အသေအပျောက် ပိုများ၏။ ငါးနှစ်အောက်ကလေးနှင့် ၆၀ ကျော်တို့ ပို၍ ထိခိုက်သေဆုံးမှု များသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ဝက်ဘ်ဆိုက်တွင် တိရစ္ဆာန်မှ လူကို ကူးစက်သော ကူးစက်တုပ်ကွေးရောဂါကို အထူးသတိပေးခဲ့၏။ ထိုဗိုင်းရပ်စ်ပိုး၏ အဆင့်ဆင့်ကို သရုပ်ခွဲကာ သတိပေး ကာကွယ်လမ်းညွှန်မှုများ ပြုခဲ့၏။

ထို့နောက် H_1N_1 ခေါ် ငှက်တုပ်ကွေးသည် ၂၀၀၀ ပြည့်နှစ်ဝန်းကျင်တွင် ကူးစက်လာ၏။ တောရိုင်းငှက်နှင့် အိမ်မွေးငှက်များမှတစ်ဆင့် နို့တိုက်သတ္တဝါများသို့ ကူးစက်ကာ ထိုမှတစ်ဆင့် လူသို့ကူးစက်၏။ ထိုငှက်တုပ်ကွေးသည် ၂၀၁၀ ဩဂုတ်လတွင် ၁၅ နိုင်ငံသို့ ပျံ့နှံ့လာ၏။ အများစုက အာရှနိုင်ငံများ ဖြစ်၏။ အင်ဒိုနီးရှားတွင် သေနှုန်းအမြင့်ဆုံးဖြစ်ကာ လူ ၁၃၉ ဦး ကွယ်လွန်ခဲ့၏။ တစ်ကမ္ဘာလုံး H_1N_1 ကြောင့် ကွယ်လွန်သူ ပေါင်းက ၅၀၅ ဦးတွင် ၃၀၀ ရှိ၏။ အမေရိကနှင့် ဥရောပနောက်ပိုင်းတွင် တချို့ကူးစက်၏။ တူရကီတွင်လည်း တွေ့ရ၏။ သို့သော် ကူးစက်မှုနှုန်း မများ။ H_1N_1 ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အဆင့် (၃) သတ်မှတ်၏။

၂၀၀၉ မတ်လတွင် H_1N_1 အပြင် A/H1N1 ဆိုသော 'ဝက်တုပ်ကွေး' ပေါ်လာပြန်၏။ ၂၀၀၉ တွင် WHO ၏ ညွှန်ကြားရေးမှူးချုပ်

"ဒေါက်တာမာဂရက်ချန်း"က ဤဝက်တုပ်ကွေးသည် ကမ္ဘာတွင် ကူးစက်နှုန်း ပျံ့ပွားလာ၍ အဆင့် ၆ အဖြစ် သတ်မှတ်ကာ တပ်လှန့်ခဲ့၏။

တကယ်တော့ H_1N_1 တို့၊ A/H_3N_2 တို့က ရောဂါဆန်းတွေ မဟုတ်။ ရာသီတုပ်ကွေးများကဲ့သို့ပင် ကမ္ဘာ့လူဦးရေ၏ ၀.၁ ရာခိုင်နှုန်းကို နှစ်စဉ် ဒုက္ခပေးသော ရောဂါများဖြစ်၏။

၁၉၁၈-၂၀ က ဖြစ်ခဲ့သော "စပိန်တုပ်ကွေး"တုန်းက ပိုဆိုး၏။ ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံ (သန်း ၅၀၀ ပတ်ဝန်းကျင်) ကူးစက်ခံရ၏။ သန်း ၂၀ မှ ၁၀၀ ကြား သေဆုံးကြ၏။ ပထမကမ္ဘာစစ်အတွင်းမှာ တွေ့ရသော အသေအပျောက်ထက် ပိုများ၏။

၂၀၀၉ မတ်လတွင် မက်ဆီကိုစီးတီးဌ H_1N_1 ထပ်ဖြစ်၏။ "ဝက်တုပ်ကွေး"သည် သိပ်မပျံ့နှံ့ဘဲ ငြိမ်သွား၏။ ထိုရောဂါကို ပထမတွင် ကုသရန် ဆေးမရှိ။ သို့သော် နောက်ပိုင်းတွင် ပိုးမွှားသတ်ဆေးများဖြင့် ကုသရာ ပျောက်ခဲ့၏။ ဧပြီလတွင် WHO က ကူးစက်မှုများပြီး အသေအပျောက်များမည်ဟု တပ်လှန့်၏။ လူဦးရေ ၁.၆ သန်းကို ကူးစက်၏။ လူသေနှုန်းက ၁၉,၆၃၃ ဦး။ အမေရိကတွင် ၃၄၃၃ ကွယ်လွန်၏။ ဘရာဇီးလ်နှင့် အိန္ဒိယတွင် ၂၀၀၀ စီ သေ၏။ မာဂရက်ချန်းက ဤကူးစက်ရောဂါဖြင့် ကမ္ဘာပေါ်တွင် လူတွေ သန်းချီသေမည်ဟု ဟောကိန်းထုတ်ခဲ့သည်။ ယခုတော့ ဤမျှသာ အသေအပျောက်ရှိ၍ သူ၏ ဟောကိန်းကား မှားခဲ့လေပြီ။

သို့သော်... သို့သော်... ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ "ဝူဟန်"မြို့တွင် တိရစ္ဆာန်မှတစ်ဆင့် လူသို့။ ထိုမှတစ်ဆင့် လူလူခြင်း ကူးစက်သော ဗိုင်းရပ်စ်ပိုးအသစ် ပေါ်လာ၏။ COVID-19။ ထို COVID-19 က နောက်ပိုင်းတွင် တစ်ကမ္ဘာလုံးသို့ ကူးစက်သွားသည်။ အမေရိကန်နိုင်ငံတွင် ၂၀၂၀ ခုနှစ်၊ ဧနှစ်ဝါရီလ ၁၅ ရက်တွင် သတင်းစာရှင်းလင်းပွဲလုပ်ကာ ထိန်းရသိမ်းရခက်သော ရောဂါဟု ကြေညာခဲ့၏။ ၂၄-၅-၂၀၂၀ နေ့အထိ အမေရိကန်တွင် COVID-19 ဖြင့် ရောဂါကူးစက်ခံရပြီး သေဆုံးသူက ၉၆၀၀၀ ကျော်ပင် ရှိနေပြီ။ အီတလီ၊ ပြင်သစ်တို့တွင်လည်း သေဆုံးသူများ၏။ COVID-19 ကူးစက်

သူ အများဆုံး (၁၁) နိုင်ငံထဲတွင် အိန္ဒိယပါလာ၏။ အိန္ဒိယတွင် ရောဂါကူးစက်သူ ၁၃၈,၈၂၅ ရှိပြီး သေဆုံးသူက ၄၀၀၀ ကျော်သွားပြီ။ ၁၅-၇-၂၀၂၀ အထိ ကမ္ဘာပေါ်တွင် ကူးစက်ခံရသူပေါင်း ၁၃,၂၆၅,၇၈၂ ရှိပြီး သေဆုံးသူက ၅၇၆,၂၄၉ ထိ ရှိသွားပြီ။

"ဒေါက်တာမာဂရက်ချန်း" ကြိုတင်ဟောကိန်းထုတ် သတိပေးခဲ့သော H_1N_1 ကူးစက်ရောဂါနှင့်ကား ကမ္ဘာတစ်ဝှန်း လူဦးရေ သောက်သောက်လဲ မသေဆုံးခဲ့။ သို့သော် သူ ဟောကိန်းထုတ်ပြီး နောက်ထပ် (၁၁) နှစ်အကြာတွင် ကူးစက်ကပ်ရောဂါအဖြစ် ပျံ့ပွားလာသော COVID-19 သည် ကမ္ဘာကြီးတစ်ခုလုံးနှင့် လူသားမျိုးနွယ်တစ်ရပ်လုံးကို အကြီးအကျယ် ဒုက္ခပေးသော ကမ္ဘာ့အကြီးဆုံး ရောဂါနှင့်ရင်ဆိုင်ကြီးပါတကား။

O

ဟိန်းလတ်

သမိုင်း၏ အမှားဆုံး ဟောကိန်းများ နှင့် အဓိက လက်သည်များ

"တယ်လီဗုန်းဆိုတာ ဘာမှအသုံးဝင်တဲ့ ပစ္စည်း မဟုတ်ဘူး"

အမေရိကန် သမ္မတ ရွှေသာ ဗိုလ်ခ် ဘီဟေး(စ်)

ကမ္ဘာပေါ်တွင် လက်ကိုင်ဖုန်း ၄.၆ ဘီလျံကျော် ရှိနေပြီ။

"တိုက်တန်းနစ် သင်္ဘောက ဘယ်တော့မှ မမြုပ်နိုင်ဘူး"

သင်္ဘော ကပ္ပတိန် အက်ဒွပ် စမစ်

အမှန်တကယ် တိုက်တန်းနစ်သင်္ဘော မြုပ်ပြီး လူ ၁၅၀၀ ကျော် သေခဲ့သည်။

"မော်တော်ကားက မြင်းရဲ့နေရာကို အစားထိုးလို့ ရမတဲ့လား"

မစ်ရှီဂန်ဘဏ် ဥက္ကဋ္ဌ နေးနေး

မော်တော်ကားတွေ များလွန်းသဖြင့် နိုင်ငံတကာ လမ်းများပေါ်တွင် ယာဉ်လမ်းကြော ပိတ်ဆို့မှု အန္တရာယ်ပင် ကြုံနေရပေပြီ။

"ရုပ်မြင်သံကြားက ကြာရှည် မခံပါဘူး။ မသကာ သက်တမ်းရှည်လှ ခြောက်လပေါ့"

ဒါရီးလ် အက်မ် ဇာနတ်(ဂ်)

ယခု ၇၄နှစ်ကြာ အီမ်တိုင်းလိုလို ရုပ်မြင်သံကြားစက်များ ရှိနေကြပြီ။

"လ ပေါ်ကို လူ ဘယ်တော့မှ မရောက်နိုင်ဘူး"

လီး ဒီ ဗောရက်(စ်)

၁၉၆၉ ခုနှစ်တွင် အမေရိကန်က လ ပေါ်ကို လူအရောက်လွှတ်နိုင်ခဲ့ပြီ။

ယခု မြန်နှုန်းမြင့် ရထားများ တစ်နာရီ ၂၇၅ မိုင်နှုန်းနဲ့ မောင်းနေကြလေပြီ။